

# မိုးကြိုး သတင်းစဉ်

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ**

T h e L i g h t n i n g N e w s l e t t e r

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ် * ခရစ်နှစ် ၂၀၀၁ ခုနှစ် | အမှတ် (၂၃)


## နေအိမ်အကျယ်ချုပ်ချထားခံရခြင်းမှ ဦးအောင်ရွှေနှင့် ဦးတင်ဦးတို့ပြန်လည်လွတ်မြောက်



ဥက္ကဋ္ဌ ဦးအောင်ရွှေ



ဒုဥက္ကဋ္ဌ ဦးတင်ဦး

ပြီးခဲ့သည့် ဩဂုတ်လ(၂၆)ရက်၊ တနင်္ဂနွေနေ့၊ ညနေ (၄း၀၀) နာရီတွင် နေအိမ်၌ တနှစ်နီးပါး အကျယ်ချုပ်ချထားခြင်းခံကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့အား ကန့်သတ်ချုပ်ချယ်မှုများ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် ကန့်သတ်မှုများ စတင်ရုပ်သိမ်းပြီးပြီးချင်း နာရီပိုင်းအတွင်းမှာပင် ဗဟိုအလုပ်အမှုဆောင် ဦးလွင်နှင့်အတူ နေအိမ်၌အကျယ်ချုပ်ချထားခံနေရဆဲဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ထံသို့ သွားရောက်တွေ့ဆုံခဲ့ကြပြီး (၁)နာရီကျော်ကြာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

တွေ့ဆုံဆွေးနွေးပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးက "ကျနော်ကတော့ စကားပြောဆိုမှုတွေအပေါ် ပိုပြီး အကောင်းမြင်လာတယ်။ ကျနော်တို့တတွေ နားလည်မှုတွေ ပိုရလာတယ်လို့ ကျနော် ခံစားမိတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးတာ နှေးနေတုန်းပဲ၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီလိုပဲခံစားရတယ်" ဟု Reuters သတင်းဌာနသို့ ပြောကြားခဲ့သည်။

ထိုသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် (၄)ဦးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ထိုနေ့မှာပင် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိပါသည်။ ■

## CRPP (၃)နှစ်မြောက်နှစ်ပတ်လည်နေ့ ကျင်းပပြီးစီး တိုင်းပြည်အနာဂတ်သာယာစေရန် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်း

လွှတ်တော်ပေါ်ပေါက်ရေးအတွက် လွှတ်တော်၏ တာဝန်များကို ကိုယ်စားပြုဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)ဖွဲ့စည်းထူထောင်ခဲ့သည့် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး အဆောက်အဦတွင် စက်တင်ဘာလ(၁၆)ရက်နေ့က ကျင်းပခဲ့ကြောင်း သိရှိရသည်။

ထိုအခမ်းအနားသို့ အဖွဲ့ချုပ်ဝင် (၂၅၀) ခန့်နှင့် တိုင်းရင်းသားပါတီများမှ လွှတ်တော်ကိုယ်စားလှယ်တချို့ တက်ရောက်ခဲ့ကြပြီး အခမ်းအနားသို့ပေးပို့လိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ၏ မိန့်ခွန်းကို ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ဖတ်ကြားခဲ့ရာတွင် -

"ယခုအချိန်၌ ကျနော်တို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သောပြည်ထောင်စုကြီးအသွင်သို့ ကူးပြောင်းနိုင်သော အခါအခွင့်ကောင်းများနှင့်ကြုံတွေ့နေရပါသည်။ တိုင်းပြည်၏ ကံကြမ္မာကိုဖန်တီးရာတွင် အရေးပါသော အင်အားစုများအားလုံး၊ နိုင်ငံသူ နိုင်ငံသားအားလုံး အနာဂတ်သာယာတည်ငြိမ်စေရန် ရည်စူး၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်"ဟု ဖော်ပြပါရှိပြီး ပြည်သူ့လွှတ်တော်ခေါ်ယူနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အဆိုပါမိန့်ခွန်း၌ ထည့်သွင်းပြောကြားထားခဲ့သည်ဟုသိရသည်။

အဆိုပါအခမ်းအနားသို့ နအဖစစ်အကျဉ်းထောင်အတွင်း ထောင်ဒဏ်(၂၁)နှစ် ချမှတ်ခြင်းခံထားရသူ CRPP ၏အတွင်းရေးမှူး ဦးအေးသာအောင်နှင့် နေအိမ်တွင် အကျယ်ချုပ်ချထားခံရဆဲဖြစ်သော မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်နိုင်ခြင်းမရှိကြောင်း နိုင်ငံတကာသတင်းများတွင်ဖော်ပြထားသည်။ ■

## အိမ်နီးချင်းကျောင်းသားများ သွေးစည်းညီညွတ် နအဖစစ်ဗိုလ်ချုပ်ခင်ညွန့် လာရောက်လည်ပတ်ခြင်းကို ကန့်ကွက်ဆန္ဒပြ




ထိုင်းကျောင်းသူကျောင်းသားများ အစိုးရအိမ်တော်ရှေ့၌ ဗိုလ်ခင်ညွန့်လာရောက်ခြင်းကို ဆန္ဒပြနေစဉ်

စက်တင်ဘာလ ပထမပတ်အတွင်း ထိုင်းနိုင်ငံသို့လာရောက်ခဲ့သည့် နအဖစစ်အုပ်စု၏ (၃)ရက်ကြာ ခရီးစဉ်အတွင်း ထိုင်းကျောင်းသားများနှင့် ထိုင်းပြည်သူများက ကန့်ကွက်ဆန္ဒပြမှုများပြုလုပ်ခဲ့ပြီး တောင်းဆိုချက် (၇)ရပ်ပါသည့် ကြေညာချက်တစောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နအဖစစ်ဗိုလ်ချုပ်ကြီးများနှင့် ပလဲနံပသင့်သူ ထိုင်းကာကွယ်ရေးဝန်ကြီး ချာဗာလစ်ယောင်ချိုင်ယု၏ ဖိတ်ကြားချက်အရ နအဖစစ်အုပ်စုအတွင်း ဩဇာအာဏာအရှိဆုံးဖြစ်သည့် ဗိုလ်ခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာလ(၃)ရက်နေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း "နေးရှင်း" သတင်းစာတွင် ဖော်ပြပါရှိသည်။ ထိုနေ့နံနက်ပိုင်းမှာပင် ဗိုလ်ခင်ညွန့်နှင့်အဖွဲ့သည် ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ရှင်နဝပ်နှင့် အစိုးရအိမ်တော်တွင် သွားရောက်တွေ့ဆုံခဲ့ကြရာ ၎င်းတို့ တွေ့ဆုံပြောဆိုနေချိန်အတွင်း ထိုင်းကျောင်းသားများသမဂ္ဂနှင့် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးလှုပ်ရှားမှုကော်မတီတို့မှ ဆန္ဒပြသူများသည် "ခင်ညွန့် အလိုမရှိ" ဟူသော နဖူးစည်းစာတန်းများကိုင်ဆောင်လျက် အစိုးရအိမ်တော်သို့ ချီတက်ရောက်ရှိလာခဲ့ကြသည်။ ထိုသို့ ဆန္ဒပြသူ ထိုင်းကျောင်းသားတို့သည် မြန်မာကျောင်းဝတ်စုံ(အဖြူ/အစိမ်း) ကိုတူညီဝတ်ဆင်လျက် ခွပ်ဒေါင်းရုပ်ပါသော အနီရောင်ခေါင်းစည်းများကို နဖူးတွင် ချည်နှောင်ထားကြပြီး "မြန်မာပြည်အတွက် လွတ်လပ်မှု"ဟူသော စာတန်းများလည်း ကိုင်ဆွဲယူဆောင်လာခဲ့ကြောင်း သတင်း၌ ဖော်ပြထားသည်။

ထိုသို့ ဗိုလ်ခင်ညွန့်နှင့် စစ်အုပ်စုအဖွဲ့ဝင်များ ထိုင်းနိုင်ငံသို့ ရောက်ရှိလာခြင်းနှင့် ပတ်သက်၍ ထိုင်းဒီမိုကရက်တစ်ပါတီနှင့်

*စာမျက်နှာ( ၈)၊ ကော်လံ (၅) သို့ -*

### အထူးဆောင်းပါးကဏ္ဍ



New York မြို့ရှိ World Trade Center ကို အကြမ်းဖက်သမားများက လေယာဉ်ဖြင့် ဝင်တိုက်ဖျက်ဆီးနေပုံ



ထိုခြောက်ခြားဖွယ်ရာအကြမ်းဖက်မှုကြီးကို Osama bin Laden ပင် ဦးဆောင်ခဲ့လေသလော

*စာမျက်နှာ (၆-၇) သို့ -*

**မင်းဆိုးကို မိုးကြိုး ပစ်ပြီ**

# အယ်ဒီတာ့အာဘော်

## အကောင်းဆုံးကိုမျှော်လင့်၍ အဆိုးဆုံးအတွက် ပြင်ဆင်ကြ

မြန်မာပြည်၏အဓိကပဋိပက္ခသည် လက်တဆုပ်စာ စစ်အာဏာရှင်တစုကတဖက်၊ အဖိနှိပ်ခံလူမျိုးပေါင်းစုံပြည်သူတရပ်လုံးကတဖက် ဖြစ်ပွားနေသော ပဋိပက္ခဖြစ်သည်။

နအဖ စစ်အာဏာရှင်များသည် အနာဂတ်မြန်မာနိုင်ငံရေးတွင် စစ်တပ်၏ ဦးဆောင်မှုကို အခိုင်အမာအာမခံသော အာဏာအပ်နှင်းမှုများ၊ အာဏာခွဲဝေမှုများ ပါဝင်ပြဋ္ဌာန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အတည်ပြုရေးအတွက် မဟာဗျူဟာ ချမှတ်လုပ်ဆောင်နေသည်။ တပြိုင်တည်းမှာပင် ပြည်သူတရပ်လုံးအတွက် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော ဒီမိုကရေစီအင်အားစုများ လက်နက်ကိုင်တိုင်းရင်းသားအင်အားစုများသည်လည်း အနာဂတ်မြန်မာနိုင်ငံရေးတွင် စစ်တပ်၏ဦးဆောင်မှုကို ခံယူမည်လော၊ သို့မဟုတ် စစ်မှန်သောဒီမိုကရေစီလမ်းကြောင်းဖြင့် ချီတက်စေမည်လောဟူသော စိန်ခေါ်မှုကို ရင်ဆိုင်နေရသည်။ ယင်းစိန်ခေါ်မှုသည် ပြည်သူတရပ်လုံးနှင့် သက်ဆိုင်သည်။ ယင်းသို့သော အဆုံးအဖြတ်အချိန်မျိုး၌ မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းမဆို မည်သည့်ဘက်ကရပ်တည်မည်ဟူသောမေးခွန်းကို ဖြေကြားရပေမည်။ နအဖအတွက်သာမဟုတ် ပြည်သူတရပ်လုံးအတွက်ပါ မလွဲမရှောင်သာ ရင်ဆိုင်ဖြေရှင်းရမည့် Political Conjuncture နိုင်ငံရေးဆုံချက်တခုသည် မဝေးကွာတော့။ နှစ်ဖက်စလုံးမှ ဆန္ဒသက်သက်အရမဟုတ်မူဘဲ ၎င်းတို့အသီးသီး၏ ရှင်သန်ရပ်တည်ရေး (Survival Problem)အတွက် ယှဉ်ပြိုင်တိုက်ပွဲဝင်ရမည့် နိုင်ငံရေးဆုံချက်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးနေကြပြီဟူသော အချိန်မှစ၍ ဖြစ်ထွန်းလာပေသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖတို့၏ တွေ့ဆုံညှိနှိုင်းမှုကာလသည်တနှစ်နီးပါး ကြာမြင့်ပြီဖြစ်သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးလ်သည် (၅)ကြိမ်မြောက် မြန်မာနိုင်ငံသို့သွားရောက်၍ နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုများ ပြေပြစ်ချောမွေ့စေရန် ကူညီခဲ့သည်။ သို့သော် ယခုအချိန်အထိ ပြည်သူလူထု၏လိုအင်ဆန္ဒကို ရောင်ပြန်ဟပ်ဖော်ပြနိုင်သော တွေ့ဆုံဆွေးနွေးမှုမျိုး ဖြစ်ပေါ်လာနိုင်သည့် အရိပ်အယောင်မျှ မတွေ့မြင်ရသေး။ ပြီးခဲ့သည့် သမိုင်းအစဉ်အဆက် တွေ့ဆုံဆွေးနွေးရေးကိုအကြောင်းပြု၍ အမြတ်ထုတ်သွားသည့် စစ်အာဏာရှင်တို့၏ သရုပ်မှန်ကိုလည်း ၁၉၅၈၊ ၁၉၆၃၊ ၁၉၈၇ ခုနှစ်နှင့် ၁၉၉၆ ခုနှစ် (KNU နှင့် ဆွေးနွေးပွဲ)တို့တွင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေသည်။

မည့်သို့ပင်ဖြစ်စေ စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ပြည်သူလူထုတရပ်လုံးက ဝိုင်းဝန်းပံ့ပိုး ကြရမည်ဖြစ်ပေသည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေး၊ ပွင့်လင်းလေးစားမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေး၊ အထွေထွေသဟဇာတဖြစ်ရေး စသည့် NLD ၏ မူဝါဒများကို ကိုင်စွဲလျှက် ဖြစ်ပေါ်လာနေသော ပကတိအခြေအနေများကို အခိုင်အမာသုံးသပ်၍ လုပ်ဆောင်ကြရမည်ဖြစ်ပေသည်။ စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးအဆင့်ဆင့်များ (နှစ်ပွင့်ဆိုင်ဆွေးနွေးပွဲမှသည် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ)ပေါ်ပေါက်လာစေပြီး စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးအစီအစဉ် ဖြစ်ပေါ်လာစေရန်မျှော်လင့်လျှက် ပကတိအခြေအနေနှင့်ကိုက်ညီသောစီမံချက်များ ချမှတ်လုပ်ဆောင်နေကြရမည်မှာ ယနေ့ ပြည်သူလူထုကိုကိုယ်စားပြုသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်ဖြစ်ပေသည်။

သို့သော်လည်း "ဖြစ်ချင်သည်"များ၊ "ဖြစ်သင့်သည်"များဖြစ်မလာဘဲ သူ့သဘောသူဆောင်ကာ ဖြစ်ချင်သလိုဖြစ်တတ်သည်မှာ လောက၏သဘာဝပင်ဖြစ်သည်။ အစိုးမရသည့် အနတ္တလက္ခဏာလည်းဖြစ်သည်။ မိမိတို့မျှော်လင့်သကဲ့သို့ စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေးအစီအစဉ်ပေါ်ပေါက်မလာဘဲ အနာဂတ်မြန်မာနိုင်ငံရေးတွင် စစ်တပ်၏ ဦးဆောင်မှုကိုဖေါ်ဆောင်သော အစီအစဉ်များပေါ်ပေါက်လာပါက ဖြစ်ပေါ်လာသော အခြေအနေနှင့်လျော်ညီစွာ တုံ့ပြန်လုပ်ဆောင်ရမည့်တာဝန်မှာ ဒီမိုကရေစီနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံကိုကိုယ်စားပြုသော အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်သည်။ ဤအချက်ကိုမျှော်ကိုး၍လည်း အရံလုပ်ငန်းစဉ်(Alternative Program) တရပ်ကို တပြိုင်တည်းမှာ ချမှတ်လုပ်ဆောင်သင့်ပေသည်။ ပြင်ဆင်ထားသင့်ပေသည်။

သို့ပါ၍ ယခုကာလတွင် ဒေါ်အောင်ဆန်းစုကြည်မှာကြားသည့်အတိုင်း အကောင်းဆုံးကိုမျှော်လင့်၍ အဆိုးဆုံးအတွက် ကြိုတင်ပြင်ဆင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု (၂)

**၁၅၊ ၃၊ ၂၀၀၁ နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် "လူငယ်ပညာပေးဟောပြောပွဲ"အစီအစဉ်မှ ဦးလွင်ဟောပြောခဲ့သည့် "ကမ္ဘာလွှမ်းခြုံ ဖြန့်ကြက်မှု" (Globalization) ဟောပြောချက် အပိုင်း (၂) ဖြစ်ပါသည်။**


အတွင်းရေးမှူး ဦးလွင်

> **"ဘက်မလိုက်နိုင်ငံများအုပ်စုမှ နိုင်ငံရေးရပ်တည်ချက်ထင်ရှားသော မြန်မာနိုင်ငံမှ ဦးသန့်ဟာ ကုလသမဂ္ဂမှာ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်ခဲ့တယ်"**

ပထမကမ္ဘာစစ်အပြီး ဒုတိယကမ္ဘာစစ် ထဲဝင်တဲ့အခါမှာ ခုနကပြောတဲ့ ကိရိယာ (Instrument) ကမြေပြင်တပ်၊ ရေပြင်တပ် နဲ့တင် မလုံလောက်တော့ဘူး။ လေတပ်ပါ လိုအပ်လာပြီး လေယာဉ်တွေတည်ဆောက်လာတယ်။ ဒါနည်းပညာ(Technology)အရ နောက်တဆင့်တက်လာတာဖြစ်တယ်။ ဒီလို နဲ့ လေတပ်အင်အားတွေ အဆင်သင့်ဖြစ်လာတယ်။ အဖြစ်ဆုံးကတော့ နာဇီဂျာမဏီပဲ။ နာဇီဂျာမဏီဟာ သူ့ကိုယ်သူအထင်ကြီးတယ်။ သူ နိုင်မယ်ထင်တယ်။ တချိန်ထဲမှာပဲ စစ်ရေးအမြင်နဲ့ အရင်ဆုံး အချက်အချာကျတဲ့ နယ်ပယ်တွေကိုသိမ်းနိုင်မယ်၊ လက်ဦးမှုရယူနိုင်မယ်၊ စစ်နိုင်မယ်ဆိုပြီးတော့ စစ်တိုက်တာ၊ အရင်စလိုလုပ်တာဖြစ်တယ်။ ဒါကြောင့်မို့ စစ်ကာလကြာရှည်လာသည်နှင့် ခံနိုင်ရည်အင်အား (Potential) မရှိတဲ့ အနေထားနဲ့ ရင်ဆိုင်ရတာဖြစ်တယ်။ ဒီလိုနဲ့ စစ်မတိုက်ရင် မဖြစ်တော့တဲ့ ဘဝ ရောက်သွားတော့တာပဲ။ အင်္ဂလိပ်ဟာ ဒုတိယကမ္ဘာစစ်ကို တိုက်ရတော့တယ်။ အဲဒီအချိန်မှာ အမေရိကန် စစ်ထဲမပါသေးပါ။ ပထမကမ္ဘာစစ် စောစောပိုင်းမှာတော့ အင်္ဂလိပ်က ဥရောပမှာ ဆုတ်ပေးရတဲ့အထိ အနေအထားရှိတယ်။ နောက်ပိုင်း အင်္ဂလိပ်ကျွန်းကိုတိုက်ပါတယ်။ ပင်လယ်ဖြတ်ပြီး ကျွန်းကို သိမ်းဖို့ အခြေအနေမပေးဘူး။ စစ်စဖြစ်ပြီး(၂) နှစ်လောက်ကြာတော့ အမေရိကန် စစ်ထဲဝင်လာတယ်။ အမေရိကန်က ပြင်ဆင်ဖို့ အချိန် (၂)နှစ်လောက်ရတယ်။ ပြင်ဆင်ချိန် အလုံအလောက်ရတဲ့ သဘောရှိတယ်။ အဲဒီအချိန်မှာ ဂျာမဏီဖြန့်ကြက်ထားတာက အာဖရိက ဝင်ရိုးတန်းမဟာမိတ်ဖြစ်တဲ့ အီတလီနဲ့ ဂျပန်တို့ဖြစ်တယ်။ ခပ်တိုတိုပြောရရင် ဂျာမဏီဟာ မောစပြုနေပြီ၊ အတော်ပင်ပမ်းနေပြီ။ အဲဒီအချိန်မှာ အမေရိကန် စစ်ထဲဝင်လာတယ်။ အမေရိကန်က ပြင်ဆင် ချိန်အလုံအလောက်ရတဲ့အပြင် နည်းပညာအရရော ရေရှည်တိုက်ပွဲဝင်နိုင်တဲ့ (Potential) အင်အားစုတွေ ရှိနေတယ်။

ကုန်ထုတ်စွမ်းအားစုနှင့် ငွေကြေး အင်အား တောင့်တင်းခိုင်မာတယ်။ အထူးသဖြင့် အမေရိကန်၏ ကုန်ထုတ်စွမ်းအား သည် ခေတ်မီနည်းပညာနှင့် စက်ကရိယာ များကို အခြေခံထားသောကြောင့် ရေရှည်တွင် ဖက်ဆစ်များ အမီမလိုက်နိုင်ဘဲ စစ်ရှုံးကြရခြင်း ဖြစ်ပါတယ်။ အကယ်၍ အမေရိကန် အနေဖြင့် အနုမြူဗုံး မသုံးသည့်တိုင် ဖက်ဆစ်များ စစ်မနိုင်နိုင်ပါ။ ဂျာမဏီရဲ့မဟာမိတ် ဂျပန်ဟာ စစ်အတွက်အရေးကြီးတဲ့ သံ၊ သံမဏိ၊ လောင်စာဆီနှင့် ရိက္ခာများ ကုန်ခမ်းနေပြီ ဖြစ်တယ်။ လမ်းပေါ်ရှိ ဓါတ်တိုင်များနှင့် သံနှင့်လုပ်ထားသည့် အသုံးအဆောင်ပစ္စည်းဟူသမျှ သံရည်ကျို၍ ကုန်နေပြီးဖြစ်ပါတယ်။ အဲဒီအချိန်မှာ အမေရိကန်က နေ့စဉ်ဗုံးကြဲလေယာဉ် အစီးတထောင် ပျံသန်းတိုက်ခိုက်နေနိုင်တယ်။ စစ်လက်နက်အင်အားတောင့်တင်းခိုင်မာရုံမက မဟာမိတ်များ လိုအပ်လျှက်ရှိသော စားနပ်ရိက္ခာအားလုံးနီးပါးကို တဦးတည်း ထောက်ပံ့ပေးခဲ့ရတယ်။ အမေရိကန်ဟာ အဲဒီလောက် အင်အားခိုင်မာတောင့်တင်းခဲ့တာ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ Democratization ပြုလုပ်ရန် ဒုတိယအခွင့်အရေး ရခဲ့တဲ့ ခေတ်ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ (UN)၊ ကမ္ဘာ့ဘဏ် (World Bank)နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့ပေါ်ပေါက်လာခဲ့တယ်။ ကိုလိုနီနိုင်ငံအတော်များများ လွတ်လပ်ရေးရရှိခဲ့ ပြီး ပြန်လည်ထူထောင်ရေး လုပ်ခဲ့ကြတယ်။ စစ်နိုင်သောနိုင်ငံများက ဒီမိုကရေစီနိုင်ငံ (အရင်းရှင်နိုင်ငံများ) ဖြစ်ကြသော်လည်း လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် အခုလောက် မထင်ရှား၊ ခေတ်မစားသေးပါဘူး။ အမေရိကန် ဦးဆောင်သော (NATO) နေတိုးနဲ့ ဆိုဗီယက်၊ တရုတ်တို့ ပါဝင်သော ဆိုရှယ်လစ်ကွန်မြူနစ်အုပ်စုတို့ အားပြိုင်နေသော ကာလဖြစ်ပါတယ်။ တနည်းအားဖြင့် စစ်အေးခေတ်စတင်ချိန် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကိုလိုနီနိုင်ငံဘဝမှ လွတ်မြောက် လာခဲ့ကြသော နိုင်ငံများအနေနဲ့ စုပေါင်းပြီး ဘက်မလိုက်နိုင်ငံများအုပ်စုဆိုပြီး ပေါ်လာတယ်။ အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနဲ့ ဆိုဗီယက်ဦးဆောင်သော အရှေ့အုပ်စု နှစ်ခုကြား ထိန်းညှိမှုဖြစ်ပေါ်လာတယ်။ ကျွန်တော် စောစောကပြောခဲ့သလို အင်အားချိန်ခွင်လျှာ (Balance) မတိမ်းစောင်းစေရန် ထိန်းညှိမှုဖြစ်ပေါ်လာခဲ့တယ်။ အထင်ရှားဆုံး သာဓကမှာ ဘက်မလိုက်နိုင်ငံများအုပ်စုမှ နိုင်ငံရေးရပ်တည်ချက်ထင်ရှားသော မြန်မာနိုင်ငံမှ ဦးသန့်ဟာ ကုလသမဂ္ဂမှာ အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်ခဲ့တယ်။

အနောက်အုပ်စုနဲ့ အရှေ့အုပ်စုအားပြိုင်နေတုန်း စစ်အေးခေတ်ကာလမှာ အမေရိကန်နဲ့ဆိုဗီယက်ဟာ အင်အားကြီးနိုင်ငံကြီးတွေ ဖြစ်ကြတယ်။ အမေရိကန်က ဒီမိုကရေစီ (အရင်းရှင်)နိုင်ငံ၊ ဆိုဗီယက်က ကွန်မြူနစ်စနစ်ကိုကျင့်သုံးတယ်။ အမေရိကန်ကလည်း သူ့ဒီမိုကရေစီနဲ့ သူ့အင်အားကို ယုံတယ်။ ဒါကြောင့် ဗီယက်နမ်ကို စစ်ဆင်နွှဲတယ်။ အမေရိကန်ဟာ ဗီယက်နမ် စစ်ကိုဆင်နွှဲ လိုက်တဲ့အတွက် တော်တော်လေးထိခိုက်သွားတယ်။ ဒေါ်လာတွေ ဘီလီယံနဲ့ချီပြီးကုန်တယ်။ ပိုဆိုးတာက အမေရိကန်လူမျိုးတွေ သိန်းနဲ့ချီပြီး စစ်တိုက်ရတယ်၊ ဒုက္ခရောက်ကြရတယ်။ နောက်တော့ စစ်စကားနဲ့ပြောရရင် စစ်ရှုံးတယ်ပေါ့။ ဗီယက်နမ်စစ်နဲ့ ပတ်သက်လာရင် အမေရိကန်လူမျိုးတွေက ဒီကနေ့အထိ သမ္မတဂျွန်ဆင်ကိုရော၊ ကာကွယ်ရေးဝန်ကြီး မက္ကနားမားကိုရော သူတို့မုန်းတယ်။ ■

(ဆက်လက်ဖော်ပြပါမည်)



BINA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ခင်လွန်း၊ မောင်ဖေသက်နီ

P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com

# တွေ့ဆုံဆွေးနွေးမှုအောင်မြင်ရေး၊ ဒီမိုကရေစီရေးတို့အတွက် ဦးလည်မသုန်ကြိုးပမ်းသွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်ကပြောဆို

စစ်အုပ်စု၏ကန့်သတ်မှုများနှင့် နေအိမ်တွင် အကျယ်ချုပ်ချထားခြင်းခံနေရသောအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ ဩဂုတ်လ(၂၆)ရက်နေ့ ညနေပိုင်း တွင် လွတ်မြောက်လာပြီးနောက် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးလွင်အပါအဝင် အကျယ်ချုပ်ချထားခံနေရဆဲဖြစ်သော ဒေါ်အောင်ဆန်းစုကြည်တို့၏ (၁)နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အောက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

ကြေညာချက်အပြည့်အစုံမှာ–

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

"၂၀၀၁ ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်နေ့ နေ့လည်ပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်ရွှေနှင့် ဒုဥက္ကဋ္ဌဦးတင်ဦးတို့အား ကန့်သတ်ထားခြင်းများကို ရုပ်သိမ်းခဲ့သည်။ ထိုနေ့မွန်းလွဲ(၄)နာရီအချိန်တွင်ပင် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဦးလွင်တို့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ ဥက္ကဋ္ဌဦးအောင်ရွှေနှင့် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့သည် ဒေါ်အောင်ဆန်းစုကြည်အပေါ်၌ လုံးဝယုံကြည်မှုရှိသည်။ အထွေထွေ အတွင်းရေးမှူး၏ ကြိုးပမ်းဆောင်ရွက်ချက်များကို လုံးဝသဘောတူညီထောက်ခံသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ပြည်နယ်စည်းများနှင့် မြို့နယ်စည်းများက ပေးအပ်ထားသော လုပ်ပိုင်ခွင့်အရ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ဥက္ကဋ္ဌဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့သည် ခိုင်မာသောညီညွတ်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည်။ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့သည် အတွင်းရေးမှူးဦးလွင်နှင့် အခြားဗဟိုကော်မတီ အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လုပ်ငန်းတာဝန်များ ပြန်လည်ဦးဆောင်ထမ်းရွက်နိုင်ခြင်းကို အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က နှစ်ထောင်းအားရဖြစ်လျက်ရှိသည်။

အဖွဲ့ချုပ်အဖွဲ့ဝင်များအားလုံး ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ လက်တွဲ၍ဆတက်ထမ်းပိုး စည်းလုံးညီညွတ်စွာ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကို ရှေ့ထား၍ တာဝန်ဝတ္တရားများကို ထမ်းဆောင်သွားမည်ဟု ယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နအဖတို့အကြား စေ့စပ်ဆွေးနွေးရေးအလားအလာ



**ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ**

နဝတစစ်အုပ်စုက ၎င်းတို့အား လက်နက်ကိုင် ဆန့်ကျင်နေသည့် တိုင်းရင်းသားအင်အားစုများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များ စေ့စပ်ဆွေးနွေးလိုကြောင်း ယခုလစောစောပိုင်း၌ ထိုင်းနိုင်ငံ ပတ္တရာမြို့တွင် ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် ထိုင်း–မြန်မာ နယ်စပ်ကော်မတီအစည်းအဝေးတွင် တရားဝင် ထုတ်ဖော်ပြောဆိုခဲ့သည်ဟု (Bangkok Post) သတင်းစာတွင် ဖော်ပြပါရှိသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ထိုင်းအမှတ်(၃)တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဝါထနာချိုင်းက စစ်အုပ်စုမှ ရည်ညွှန်းသည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များဆိုသည်မှာ KNU/ KNPP/ SSA တို့ဖြစ်ကြပြီး၊ အဆိုပါ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စေ့စပ်ဆွေးနွေးပွဲ ဖြစ်မြောက်စေရေးအတွက် ထိုင်းနိုင်ငံအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးပါရန် နအဖစစ်အုပ်စုမှ အဆိုပြုခဲ့ကြောင်း ဝါထနာချိုင်းက ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုသတင်းထွက်ပေါ်လာပြီးနောက်ပိုင်း RFA မှ KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာနှင့် ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းက အောက်ပါအတိုင်းပြောကြားခဲ့သည်။

**ပဒိုမန်းရှာ။ ။** "၁၉၉၆ ခုနှစ်တုန်းက နအဖနဲ့ ကျနော်တွေ့ခဲ့ပါတယ်။ နောက်ဆုံး စတုတ္ထအကြိမ်ပျက်သွားရတာက တခြား မဟုတ်ပါဘူး။ နအဖဘက်က KNU ဟာ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီးတော့ ဥပဒေဘောင်ထဲမဝင်နိုင်ဘူးဆိုရင် ဆက်ပြီးမဆွေးနွေးနိုင်တော့ဘူးဆိုပြီး နအဖက ဆွေးနွေးပွဲကို ဖျက်ပစ်လိုက်တာဖြစ်တယ်။ အခု ဆွေးနွေးပွဲပြန်ဖြစ်လာဖို့အတွက် သူတို့ နည်းလမ်းရှာနေတယ်ဆိုတဲ့ စကားဟာ တကယ်ပဲ တိုင်းပြည်ရဲ့ အခြေခံနိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဆွေးနွေးအဖြေရှာမယ်၊ KNU နဲ့ နအဖအကြားမှာလည်း အလားတူ နိုင်ငံရေးအနှစ်သာရရှိတဲ့ ဆွေးနွေးပွဲအတွက် နည်းလမ်းရှာတယ်ဆိုရင်တော့ ကျနော်တို့က ကြိုဆိုရမှာပဲ။

**RFA။ ။** အခုလို နည်းလမ်းရှာနေတယ်လို့ နအဖကပြောသွားတဲ့စကားဟာ KNU နဲ့ ပြန်လည် ဆက်သွယ်ပြီးမှပြောတဲ့စကား ဟုတ်ပါသလား။

**ပဒိုမန်းရှာ။ ။** ကျနော်တို့ကို အတိအကျအခိုင်အမာဆက်သွယ်မှုတော့ မရှိသေးပါဘူး။

**RFA ။ ။** တကယ်လို့ နအဖဘက်က ဆက်သွယ်လာမယ်ဆိုရင် KNU အနေနဲ့ ဘယ်လို ဆောင်ရွက်ဖို့ရှိပါသလဲ။

**ပဒိုမန်းရှာ ။ ။** ကျနော်တို့ကတော့ သဘောထားကို နဂိုကတည်းက အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ ပြဿနာတွေကို တရားမျှတစွာနဲ့ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမယ်ဆိုရင်တော့ ကျနော်တို့ဘက်က အတူလုပ်ဆောင်ဖို့ အမြဲတမ်း အသင့်ရှိနေတယ်ဆိုတဲ့ သဘောထားဖြစ်ပါတယ်။

**RFA ။ ။** အဲဒီလို နအဖက ကမ်းလှမ်းလာပြီး KNU ဘက်ကို လက်နက်အရင်ချရမယ်လို့ တောင်းဆိုလာမယ်ဆိုရင် ဘယ်လို သဘောထားရှိပါသလဲ။

**ပဒိုမန်းရှာ။ ။** ဒါကတော့ ကျနော်တို့အနေနဲ့ Surrender is out of question ဆိုတဲ့ အခြေခံသဘောထားရှိပါတယ်။ ဒါ လက်နက်ချအညံ့ခံတာတော့ ကျနော်တို့ ဘယ်တော့မှ မလုပ်ဘူး။ နောက်တခုက လက်နက်ကိုင်လမ်းစဉ်စွန့်ပြီးတော့ ဥပဒေဘောင်ထဲဝင်တယ်ဆိုတဲ့ကိစ္စကလည်း ကျနော်တို့လုပ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ဒီလိုအခြေအနေတွေမပါတဲ့ဆွေးနွေးပွဲတွေ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာမှုတွေကိုတော့ ကျနော်တို့လုပ်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

# (၁၃)နှစ်မြောက် စစ်အာဏာသိမ်းသည့် နှစ်ပတ်လည်နေ့ နိုင်ငံတကာမြို့ကြီးများ၌ ဆန္ဒပြတောင်းဆိုမှုများပြုလုပ်




ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးရှေ့တွင် ဆန္ဒပြနေကြစဉ်

မြန်မာနိုင်ငံတပါတီစနစ် ဖျက်သိမ်းရေးနှင့် ဒီမိုကရေစီစနစ် ထွန်းကားလာရေးတို့အတွက် တောင်းဆိုဆန္ဒပြခဲ့ကြသည့် ရှစ်လေးလုံးအရေးတော်ပုံကြီးအား စစ်တပ်မှ အကြမ်းဖက်ဖြိုခွင်းခဲ့ပြီးနောက် အာဏာသိမ်းယူခဲ့သည့် (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် စက်တင်ဘာလ(၁၈)ရက်နေ့တွင် လန်ဒန်မြို့အပါအဝင် အခြားနိုင်ငံရှိ မြို့ကြီးများ၌ ဆန္ဒပြတောင်းဆိုမှုများနှင့် ကျဆုံးခဲ့ရသူများအားရည်စူး၍ ဆုတောင်းအမျှပေးဝေပွဲများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုနေ့နံနက်(၁)နာရီက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးရှေ့တွင် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများက တောင်းဆိုချက်များပါဝင်သည့် ပိုစတာများကိုင်ဆောင်လျက် ဒီမိုကရေစီတေးသီချင်းတပုဒ်ကို သံပြိုင်သီဆိုခဲ့ကြပြီး နေ့လည် ၁ နာရီ ၄၅ မိနစ်တွင် ဆန္ဒပြပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ ဆန္ဒပြသူများအနက် ၃ ဦးအား ထိုင်း လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက တရားမဝင် ဝင်ရောက်လာသူများအဖြစ် ဖမ်းဆီးခဲ့ကြောင်းလည်း သတင်းများအရ သိရှိရသည်။

ထို့အတူ အင်္ဂလန်နိုင်ငံလန်ဒန်မြို့ရှိ မြန်မာသံရုံးရှေ့တွင်လည်း NLD-LA ၏ဦးဆောင်မှုဖြင့် အခြားနိုင်ငံရေးအဖွဲ့အစည်းများပါဝင်သော ဒီမိုကရေစီရေးလိုလားသူ(၇၀)ဦးခန့်တောင်းဆိုချက်များ၊ ထုတ်ပြန်ကြေညာလျက် ဆန္ဒပြခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ အိန္ဒိယနိုင်ငံမိုးရေးမြို့နှင့် ဂျပန်နိုင်ငံတိုကျိုမြို့ရှိ မြန်မာသံရုံးရှေ့တို့တွင်လည်း ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

# (၁၀)ကြိမ်မြောက် ကရင့်ရိုးရာ လက်ချည်ဖြူမင်္ဂလာဖွဲ့ပွဲသို့ ဘာသာအသီးသီးမှ ကရင်အမျိုးသားများတက်ရောက်ဆင်နွှဲ

နေရပ်မှ စွန့်ခွာလာခဲ့ကြသော တိုင်းတပါးရောက် ကရင်အမျိုးသားများအား မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ မမေ့ပျောက်စိမ့်သော၄ာ ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ပြည်ပရောက် ကရင်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့(OKRSO)မှကြီးမှူးကျင်းပသည့် ကရင့်ရိုးရာချည်ဖြူမင်္ဂလာဖွဲ့ပွဲတော်ကို စက်တင်ဘာလ ၂ ရက်နေ့က ဘန်ကောက်မြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတခုတွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရိုးရာပွဲတော်ကို ၁၉၉၂ ခုနှစ်မှစ၍ ကျင်းပလာခဲ့ခြင်းဖြစ်ရာ ယခုအခါ ၁၀ကြိမ်မြောက်အထိမ်းအမှတ်အဖြစ် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုပွဲတော်သို့ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာတရား မတူကွဲပြားသော ကရင်အမျိုးသား ၇၀၀ခန့် ချစ်ကြည်ရင်းနှီးစွာ ပါဝင်ဆင်နွှဲခဲ့ကြောင်းသိရှိရသည်။

ထိုပွဲတော်တွင် ကရင့်ရိုးရာလက်ချည်ပွဲအပြင် ကရင့်ရိုးရာ တေးသီချင်းပြိုင်ပွဲ၊ ကရင့်ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများအဖြစ် ဘော်လုံးနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့လည်းပါဝင်ကြောင်းသိရှိရပြီး တက်ရောက်ဆင်နွှဲကြသော ဧည့်ပရိတ်သတ်များအား စားသောက်ဖွယ်များအပြင် ကရင်ဒုံးယိမ်းအက ဖြင့်လည်း ဖျော်ဖြေခဲ့ကြောင်း သတင်းရရှိပါသည်။



ကရင့်ရိုးရာ ချည်ဖြူဖွဲ့ပွဲတော်ကျင်းပနေစဉ်



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ကျွန်းပြန်တဦးရဲ့ ပြန်လည်တွေးတောချက် တချို့

ဗညြ

ဒီမှာ ပင်လယ်ပြာ
ဒီမှာ ငွေလွှာ သဲသောင်
ဒီမှာ ကျောက်ဆောင် မဟူရာ
ဒီမှာ ဆပ်သွားတော၊ ဘိစပ်တော
ရှည်မြောသောင်ကမ်း
အုန်းတန်းယှက်မိုး၊ ကျွန်းကိုကိုးမှာ
ကမ္ဘာရှည်ထွန်း၊ မော်ကွန်းတင်မယ်။ ။

ဒါဟာ ကိုကိုးကျွန်းအကျဉ်းစခန်း ဖျက်သိမ်းရေးတိုက်ပွဲမှာ ကျဆုံးသွားတဲ့ မန္တလေးခရိုင်၊ (ဗကသ)က ကျောင်းသားခေါင်းဆောင်၊ ကဗျာဆရာ ရဲဘော်လေးမောင် အဲဒီ ကျွန်းပေါ်မှာရေးတဲ့ ကဗျာတပုဒ်ရဲ့ အစပိုဒ်ဖြစ်ပါတယ်။

အဲဒီ လှပတဲ့ကျွန်းပေါ်က အရုပ်ဆိုးအကျည်းတန်လှတဲ့ အကျဉ်းစခန်းကို ဖျက်သိမ်းလိုက်တာ အနှစ် (၃၀) တိတိရှိသွားပါပြီ။

အင်းစိန်ထောင်ရဲ့ တွဲဘက်ထောင်ထဲကို ညသန်းကောင်ကျော်အချိန်မှာလာခေါ်ပြီး ဗိုလ်တထောင်ဆိပ်ကမ်းကတဆင့် နိုင်ငံရေးအကျဉ်းသားတွေကို ပြည်တော်ညွန့်သင်္ဘောနဲ့ တင်ပို့တာဟာ ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့ပါ။ (၁၄)ရက်နေ့ နေ့လည်ကျတော့ စစ်အုပ်စုရဲ့ လက်ပါးစေ အကျဉ်းထောင်အထူးအရာရှိ ဒုဗိုလ်မှူးကြီးထွန်းရင်လောဟာ ပူပြင်းလှတဲ့ သဲသောင်ပြင်ပေါ်မှာ မှော်ဆရာက စည်းသုံးချက်တားတယ်ဆိုတာလို ပင်လယ်နဲ့ ငါးမန်းကိုလက်ညှိုးထိုးပြပြီး ကျွန်းပေါ်ခြေချမိန့်ခွန်းနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ခြောက်လှန့်ခြိမ်းခြောက်ခဲ့ပါတယ်။ စစ်အစိုးရဟာ ကျောင်းသားတွေနဲ့ နိုင်ငံရေးသမားတွေကို ဒီတသက်တော့ ဒီကျွန်းပေါ်မှာပဲ ခေါင်းချကြပေရော့လို့ အစီအစဉ်ဆွဲထားတာမို့ အခုလိုရောက်ရောက်ခြင်း စိန်ခေါ်ဩဝါဒခြွေခဲ့တာဖြစ်ပါတယ်။ သူ့အောက်မှာ ထိုင်နေကြသူတွေထဲမှာ သူ့ထက်အသက်ကြီးသူတွေ အများကြီးပါပါတယ်။ သူတို့အားလုံး အိပ်ရေးပျက်၊ ခရီးပမ်းပြီးနွမ်းနယ်နေကြပါတယ်။ အဲဒီလူသား (၂၃၃)ယောက်တို့ကတော့ သူ့ပြောနေတဲ့ အကြောင်းအရာထက် ရှေ့မှာ ဘယ်လိုစခန်းသွားကြမယ်ဆိုတာကိုပဲ ခေါင်းထဲမှာ တွေးနေကြပါတယ်။

ဒီလူအုပ်ကြီးထဲမှာ ဒီကျွန်းပေါ်ကို ဒုတိယတခါ ပြန်ရောက်သူတွေ၊ အသက်(၆၀)နီးပါး အရွယ်တွေ၊ အသက်(၁၄)နှစ်နဲ့ ထောင်ထဲကို ဝင်ခဲ့ရပြီး (၁၈)နှစ်မပြည့်တပြည့်မှာ တကျွန်းစံဖြစ်ရသူတွေ၊ အင်းစိန်ထောင်ထဲမှာ နှိပ်စက်ခံရပြီး နံရိုးကျိုးခဲ့သူ၊ သရက်ရွက်တဖက် ဖြတ်လိုက်ရသူ၊ ထောင်အသီးသီးနဲ့ စစ်ဆေးရေးစခန်းတွေမှာ အမျိုးမျိုးအဖုံဖုံ အနှိပ်စက်ခံခဲ့ရသူတွေ၊ ချိုယိုင်နေတဲ့လူတွေကလဲ အများကြီး။ အရှုံး မပေးတတ်တဲ့သူတွေဆိုတော့ သူတို့မှာ ရှေးချယ်စရာ၊ စဉ်းစားစရာ မများလှပါဘူး။ စိန်ခေါ်မှုကို ချက်ခြင်းပဲလက်ခံလိုက်ကြပါတယ်။

ပူပြင်းလှတဲ့ သဲသောင်ပြင်ကြီးပေါ်ကနေ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် ဆက်လျှောက်လိုက်တော့ သံဆူးကြိုးနှစ်ထပ်ကာထားတဲ့ အကျဉ်းစခန်းကြီးသုံးခုကို တွေ့ကြရပါတယ်။ စခန်းသုံးခုဆိုတော့ လူပေါင်းတထောင်နီးပါး ကျွန်းပေါ်ကိုပို့ဖို့ စီစဉ်ထားတာပါလား။

နိုင်ငံရေးသမားတွေဟာ အကျဉ်းစခန်းထဲရောက်ပြီးလို့ နေရာထိုင်ခင်းတစုံတရာ အတည်တကျဖြစ်ပြီဆိုတော့ ဘယ်သူတွေ ဘယ်အဆောင်ရောက်သလဲဆိုတာကို စပ်စုကြပါတယ်။ နောက်ပြီး ကျွန်းပေါ်ကဘဝ ဘယ်လိုဖြစ်လေမလဲဆိုတာကိုလဲ အမြင်ဖလှယ်ကြပါတယ်။ ရှေ့ရေးကိုစဉ်းစားသလို၊ ပြီးခဲ့တာကိုလည်း တွေးတောကြပါတယ်။ တွေးတောမှာပေ့ါ၊ နိုင်ငံရေးသမားဆိုတာက ဦးနှောက်ရှိသူတွေ မဟုတ်လား။ သူတို့ရောက်သွားတာက ၁၉၆၉ ခုနှစ်၊ နှစ်ဆန်းပိုင်းဆိုတော့ စစ်အစိုးရဟာ ဒီစခန်းတွေကို ဘယ်အချိန်ကစပြီး ဆောက်တာလဲလို့ အတွေးနယ်ချဲ့မိကြတယ်လေ။ အဆောက်အဦပစ္စည်းမှန်သမျှ သံတချောင်း၊ ဘိလပ်မြေတမှုန်ကအစ သွပ်ပြားအဆုံး ပြည်မကသယ်ရတာ။ နောက်ပြီး လူ၊ အရာရှိကအစ မင်းစေအဆုံး ပြည်မကပဲခေါ်လာရတာ။ မိုးတွင်းမှာ သယ်နိုင်တာမဟုတ်ဘူး။ ပစ္စည်းစုတာရယ်၊ သယ်တာရယ်၊ တည်ဆောက်တာရယ်၊ အနည်းဆုံး (၂)နှစ်တော့ အချိန်လိုလိမ့်မယ်။ ဒါဆိုရင် ၁၉၆၇ ခုနှစ်၊ နှစ်ဦး၊ ဒါမှမဟုတ် ၁၉၆၆ ခုနှစ်၊ နှစ်ကုန် (မိုးရာသီအလွန်)လောက်ကစပြီး အကောင်အထည်ဖော်တာဖြစ်နိုင်တယ်။ ဒါဖြင့် သူတို့တတွေဟာ ဘယ်အချိန်မှာ ဒီစီမံကိန်းကိုစဉ်းစားပြီး အစီအစဉ်ရေးဆွဲ ဆုံးဖြတ်ခဲ့ကြတာလဲ။ ၆၅–၆၆ လောက်မှာ ဖြစ်ပါလိမ့်မယ်။

စဉ်းစားကြတာပေ့ါလေ၊ အတိအကျလို့တော့ ဘယ်ဆိုနိုင်ပါ့မလဲ။ ဒါပေမယ့် သာမန်လူ စဉ်းစားလို့ရတဲ့ လောဂျစ်ပါ။ မှားစရာ သိပ်မရှိပါဘူး။ ပြန်တွက်လိုက်တော့ ဒင်းတို့တတွေ ဒုတိယအကြိမ်အာဏာသိမ်းပြီးလို့မှ (၃–၄)နှစ်ရှိသေး၊ နိုင်ငံရေးသမားတွေကို ထောင်ဂဏန်းလောက်အထိ တကျွန်းပို့ဖို့ ဆုံးဖြတ်ပြီးကြပြီ။ တကယ်ဆို ဒီအချိန်ဟာ ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြီးတာမှ တနှစ်ကျော်၊ (၂)နှစ်လောက်ရှိဦးမှာ။ စေ့စပ်ဆွေးနွေးပွဲကို တဖက်သတ် မဖျက်သိမ်းမီကတည်းက တောတွင်းအင်အားစုတွေကို နောက်ကလိုက်တိုက်ဖို့ အစီအစဉ်ဆွဲလေ့ရှိတဲ့ ဒီစစ်အုပ်စုရဲ့ အကျင့်ဥာဏ်တွေနဲ့ ချိန်ထိုးကြည့်လိုက်တော့ လား ․․․․ လား၊ အကုန်လုံးဟာ ဆက်နေတယ်။ ဒီစစ်အုပ်စုဟာ စေ့စပ်ဆွေးနွေးပွဲတခုကို ဖျက်သိမ်းပြီးရင် ဘယ်လိုလုပ်တတ်တယ်ဆိုတာ သတိပြုစရာပါပဲ။

အခုနောက်ပိုင်းကျတော့ အကုန်ရှင်းသွားပါတယ်။ ဦးနေဝင်းရဲ့ ဒုတိယအကြိမ် အာဏာသိမ်းပွဲဟာ သူ့အနေနဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်ဟောင်းတွေကို ဖယ်ရှားသင့်ရင် ဖယ်ရှား၊ ရန်သူတော်တွေကို အပြုတ်တိုက်လို့ရရင် တိုက်ပစ်၊ ဗမာပြည်မှာ နေဝင်းခေတ် တခေတ်ထူထောင်ဖို့ စိတ်ပိုင်းဖြတ်ပြီးလုပ်တာမို့ ပွဲစကတည်းက ပတ်ကြမ်းတိုက်ခဲ့ပြီး လှည့်ကွက်တွေ၊ ရက်စက်မှုတွေကို သင့်တော်သလို အလှည့်နဲ့ အသုံးပြုနေ၊ အသုံးပြုသွားနေတာပဲ ဖြစ်ပါတယ်။

ဒီမှာ အတွေးနယ်ချဲ့စရာလေးတခု ရေးပြချင်သေးတယ်။ အဲဒါက စစ်အုပ်စုအနေနဲ့ နိုင်ငံရေးသမားတွေကို တကျွန်းပို့ပြီး နှိပ်ကွပ်တဲ့နည်းထုံးကို အင်ဒိုနီးရှားအာဏာရှင် ဆူဟာတိုဆီကရခဲ့သလားဆိုတဲ့ကိစ္စပါ။ ဟိုတုန်းကတော့ အဲဒီလိုစဉ်းစားသူတွေ အများကြီးပဲ။ ကွန်မြူနစ်တွေကို သိန်းနဲ့ချီသတ်ပြီး သတ်မဖြစ်တဲ့သူတွေကို တကျွန်းပို့ခဲ့တဲ့ ဆူဟာတိုရဲ့ အကျဉ်းစခန်းတွေဟာ အဲဒီတုန်းက ကမ္ဘာကျော်ပဲလေ။ ဆူဟာတိုအာဏာသိမ်းတာက ၁၉၆၅ ခုနှစ်၊ ကွန်မြူနစ်တွေကို ကျွန်းပေါ်ပို့တာက အဲဒီနောက် တနှစ်လောက်နေမှဖြစ်ပါတယ်။ ဒါကြောင့် ခုနကတင်ပြခဲ့တဲ့ ဗမာပြည်က စစ်အုပ်စုရဲ့ စီမံကိန်းဆုံးဖြတ်ချက်ကာလနဲ့ ယှဉ်ထိုးကြည့်လိုက်ရင် (၅၈)ခုနှစ်မှာ ကိုကိုးကျွန်း အကျဉ်းစခန်းဖွင့်ခဲ့ဖူးတဲ့ ဦးနေဝင်းတို့က တမူးသာတယ်လို့ ဆိုရမှာပါ။

ကျွန်းပေါ်ကိုရောက်လာတဲ့ လူတွေကိုလဲ ခွဲခြမ်းစိတ်ဖြာကြည့်မိပါတယ်။ ကျောင်းသားက အများစု။ ကျန်တာကဗမာပြည် ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်က ခွဲထွက်လာတဲ့ မြန်မာနိုင်ငံအလုပ်သမားညီညွတ်ရေးပါတီ၊ ရခိုင်အမျိုးသားအဖွဲ့အစည်းတွေ၊ အေဘီကေအိုခေါ် ဗမာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့ချုပ်၊ မူဆလင်အဖွဲ့အစည်း၊ ပြည်သူ့လူငယ်၊ လူငယ့်တပ်ဦး၊ ပြည်သူ့တိုးတက်ရေးပါတီ စတာတွေ။ ဖဆပလ–ပထစ တယောက်မှမပါဘူး။ (အဲဒီတုန်းက ထောင်တွေထဲမှာ ဖဆပလ–ပထစတွေ နည်းတာမဟုတ်ဘူး)။ ရွေးထားလိုက်ပုံများ သန့်လိုက်တာ၊ မပြောပါနဲ့တော့။ စုန်းပြူးလို့ဆိုနိုင်တာရယ်လို့ ဒေသထောက်လှမ်းရေးတွေက အမြင်ကပ်ပြီးထည့်လိုက်တဲ့ သူကြီးဟောင်းလိုလူ (၄–၅)ယောက်ပဲပါတယ်။

ဦးနေဝင်းဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာကို လုပ်ကြည့်ပြီးနောက် ဗမာပြည်နိုင်ငံရေးဇာတ်ခုံကို တံမြက်စည်းလှဲတဲ့သဘောများလား မသိပါဘူး။ လုပ်ပုံကတော့ ပြတ်ပါဘိ။ တောထဲမှာအပြတ်ချေမှုန်း၊ မြေပေါ်မှာ အကုန်ကျွန်းပေါ်ပို့ပစ်။ မသင်းပါလား။

ကျွန်းစီမံကိန်းကြီး အကောင်အထည်ဖော်နေတုန်းမှာ ဆက်ဖြစ်တာက (၆၇)ခုနှစ် တရုတ်–ဗမာအရေးအခင်း၊ စစ်တွေဆန်လုပွဲနဲ့ လူသတ်ပွဲ။ စစ်အုပ်စုအနေနဲ့ အဲဒီအချိန်မှာ စေ့စပ်ဆွေးနွေးတယ်ဆိုတဲ့ မင်းသားခေါင်းကို စွန့်ပြီး ဘီလူးခေါင်းကိုပြန်စွပ်ဖို့ ဆုံးဖြတ်လိုက်တာ ရှင်းနေပြီ။

**ကျွန်း စီမံကိန်းကြီး အကောင်အထည်ဖော်နေတုန်းမှာ ဆက်ဖြစ်တာက (၆၇)ခုနှစ် တရုတ်–ဗမာအရေးအခင်း၊ စစ်တွေ ဆန်လုပွဲနဲ့ လူသတ်ပွဲ။ စစ်အုပ်စုအနေနဲ့ အဲဒီအချိန်မှာ စေ့စပ်ဆွေးနွေးတယ်ဆိုတဲ့ မင်းသားခေါင်းကိုစွန့်ပြီး ဘီလူးခေါင်းကိုပြန်စွပ်ဖို့ ဆုံးဖြတ်လိုက်တာ …**

ထောင်အစဉ်အလာတလျှောက် အေကလပ်၊ ဘီကလပ်စသဖြင့် ဂုဏ်သိက္ခာနဲ့နေခဲ့တဲ့ ယုံကြည်မှုအတွက် အကျဉ်းချခံရသူတွေကို အလုပ်ကြမ်းခိုင်းခြင်းအားဖြင့် စစ်အာဏာပိုင်တွေဟာ "ဒီကောင်တွေကို ဦးချိုးလိုက်ရပြီ" လို့ အူမြူးနေကြမှာ သေချာပါတယ်။ သူတို့ အူမြူးမယ်ဆို အူမြူးလောက်ပါတယ်။ အရင်ထောင်တွေကဒဏ်နဲ့၊ ကျွန်းပေါ်က အလုပ်ကြမ်းဒဏ်၊ ဒဏ်မျိုးစုံပိပြီး ဖျားလိုက်နာလိုက်၊ ထိလိုက်ခိုက်လိုက်ကြတဲ့လူတွေဟာ နည်းမှမနည်းကလား။ နှစ်ယောက်ဆိုရင် ကိုယ့်ဝမ်းစာ ကိုယ်ရှာရင်း သေရှာရပါရောလား။

ဒီမှာ ဆက်စပ်လို့ တွေးမိတာလေးတခု ဖြည့်လိုက်ချင်သေးတယ်။ တချို့လူတွေ၊ အထူးသဖြင့် အနောက် မီဒီယာက လူတွေဟာ လက်ဝဲအယူအဆကြောင့် ထောင်ထဲရောက်သူတွေကို 'ယုံကြည်မှုအတွက်အကျဉ်းချခံရသူ' စာရင်းထဲမှာ မသွင်းချင်ကြဘူး။ သူတို့ စဉ်းစားနည်းနဲ့ ဗမာပြည်ကစစ်အုပ်စုရဲ့ စဉ်းစားနည်းဟာ တယ်ကွာလှတာ မဟုတ်ဘူး။ ဒါက အခုမှ တွေးမိတာပါ။ ဟိုတုန်းက ဒီလို မတွေးပါဘူး။

အမှန်ကလဲ ကျွန်းပေါ်ကို ပါလာသူတွေဟာ နိုင်ငံရေးသမားတွေချည့်ပဲလို့ မဆိုနိုင်ပါဘူး။ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ ကေတီဦးကျော်တင့်တို့လို စာရေးဆရာတွေလဲ ပါပါတယ်။ သတင်းစာဆရာ၊ သတင်းထောက်တွေ ရှိသေးတယ်။ ဒီလိုလူတွေကို 'ယုံကြည်မှုအတွက်အကျဉ်းချခံရသူ'လို့ မသတ်မှတ်ချင်ကြဘူး။ အခုလဲ တချို့က ထောင်ကလွှတ်ပေးဖို့ တောင်းဆိုရာမှာ လက်ဝဲနွယ်တယ်လို့ ထင်ရသူတွေကို စာရင်းမသွင်းချင်ကြဘူး။ တကယ်ကျတော့ စစ်အုပ်စုရဲ့ အကျဉ်းထောင်နဲ့ပတ်သက်တဲ့ စီမံကိန်းတွေ၊ ပေါ်လစီတွေကို စွန့်လွှတ်မှုကြီးစွာနဲ့ ရိုက်ချိုးခဲ့ကြတာဟာ ဒီ လက်ဝဲဆိုသူတွေပါ။ ကိုကိုးကျွန်းပေါ်သမိုင်းဟာ အထင်ရှားဆုံး သာဓကပေ့ါ။

ကျွန်းပေါ်ရောက်လို့မှ ဘာမှမကြာပါဘူး ရိက္ခာသွားထုတ်တဲ့ အကျဉ်းသားထဲက တာဝန်ရှိသူတွေကို ထောင်အာဏာပိုင်တွေက "နောင်ဆိုရင် ခင်ဗျားတို့အတွက် ပြည်မက လယ်ထွန်စက်တွေလဲ ယူပေးမယ်၊ သီးနှံမျိုးတွေ ပေးမယ်၊ မွေးမြူစရာ တရိစ္ဆာန်တွေ သယ်ပေးမယ်"လို့ သွေးတိုးစမ်းသလိုလို စကားထည့်လွှတ်လိုက်ပါတယ်။ သူတို့ရဲ့ "ကိုယ်ထူကိုယ်ထ စီမံကိန်းကြီး"ဟာ အင်မတန်ဘက်စုံပြီး စနစ်တကျပြင်ဆင်ထားတယ်ဆိုတာ ရှင်းနေတာပေ့ါ။ ဒါ့အပြင် ဝါဒါတချို့က ပြောတာကဆိုရင် နောင်မှာ "ခင်ဗျားတို့ရဲ့ ဇနီးသားသမီးတွေကို တောင် ဒီကျွန်းပေါ်ကို ခေါ်ပေးမှာ"တဲ့။ အမယ်၊ တဆွေလုံး တမျိုးလုံး တကျွန်းပို့မလို့ စဉ်းစားနေကြတာများလား။

အခု ပြန်စဉ်းစားရင်း ကျွန်းပေါ်မှာ ဒီလိုဖြစ်နေတုန်း မြို့ပေါ်မှာဖြစ်နေတာတွေကိုလဲ ပြန်သတိရမိသေးတယ်။

ကိုကိုးကျွန်းအကျဉ်းစခန်းဖွင့်ပြီးလို့ ဘာမှမကြာဘူး၊ ဖဆပလ၊ ပထစ စတဲ့ သူတို့နဲ့ တချိန်က အတူလုပ်ခဲ့သူတွေကို လွှတ်ပေးခဲ့တယ်။ အဲဒီမှာ သူတို့အာဏာသိမ်းကာစက ဖမ်းခဲ့သူတွေလဲ အကုန်လုံးလိုလို ပါသွားတာပေ့ါ။ အဲဒီနောက် တနှစ်မရှိတရှိမှာပဲ စစ်အစိုးရဟာ "(၃၃)ဦးကော်မတီ"ဆိုတာကိုဖွဲ့ပြီး ဗမာပြည်နိုင်ငံရေးအတွက် အကြံဥာဏ်တောင်းတယ်ဆိုတာကို လုပ်လာပါတယ်။ အဲဒီအထဲမှာ ဖဆပလ၊ ပထစ၊ စော်ဘွားဟောင်းတွေနဲ့ နိုင်ငံရေးသမားဟောင်း မဆလပါတီဝင်တွေ ပါပါတယ်။ အဲဒီပုဂ္ဂိုလ်များကလဲ အကြံပေးကြတာပေ့ါလေ။ တချို့လဲ အလွန်တက်ကြွကြတာပေ့ါ။ တကယ်က မဆလစစ်အစိုးရဟာ သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လူထုဆန္ဒခံယူပွဲဆိုတာတွေကို အဲဒီအချိန်မှာ ပြင်ဆင်ပြီးနေပြီ။ သူတို့ကို သက်သက်အသုံးချတာ။ အားလုံးခံလိုက်ကြရတယ်။ အဲ ․․․․ အဲဒီနောက် ဘာမှမကြာပါဘူး၊ (၃၃)ဦးကော်မတီထဲပါခဲ့တဲ့ ဦးနုတို့လဲ တောခိုတာပဲ။

စစ်အစိုးရအဖို့ အဆင်မပြေချင်တော့ အဲဒီတုန်းက တောထဲမှာ ထိုးစစ်ကြီးတွေဆင်၊ ထောင်ထဲမှာ နှိပ်ကွပ်မှုကြီးတွေလုပ်နဲ့ အရှိန်ရနေပေမဲ့ မြို့ပေါ်မှာတော့ ကျောင်းသားတိုက်ပွဲတွေဟာ အဆက်မပြတ်ပေါ်နေတယ်။ ကျွန်းဆွယ်အားကစားပွဲ အရေးအခင်းနဲ့ တက္ကသိုလ်ရွှေရတုသဘင် အရေးအခင်းတို့ဟာ ထောင်ထဲမှာ ရောက်နေသူတွေကို သိပ်အားတက်စေတာပေ့ါ။ ထောင်ထဲကလူတွေဟာ အဲဒီသတင်းတွေကို ထောက်ရှုသုံးသပ်ပြီး ထောင်တွင်း

စာမျက်နှာ (၉)၊ ကော်လံ (၁) သို့ –

# စစ်ဖိနပ်အောက်မှ မြန်မာစာနယ်ဇင်းလောက (၃)

မောင်ဖေသက်နီ

**များ** မကြာမီ မဆလစစ်အစိုးရ၏ ပြင်းထန်သော ထိုးနှက်ချက်သည်လည်း စာနယ်ဇင်းလောကအပေါ် ကျရောက်လာခဲ့တော့သည်။

၁၉၆၃ ခုနှစ်၊ မတ်လတွင် "မိုးကြိုးနေ့စဉ်" သတင်းစာမှ အယ်ဒီတာ ဦးအောင်ခင်နှင့် ဦးခင်မောင်ကလေး၊ "အိုးဝေ" သတင်းစာအယ်ဒီတာ ဦးညိုမြတို့သုံးဦး မဆလစစ်ထောက်လှမ်းရေးတို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ရတော့သည်။ အဘယ်ကြောင့် သူတို့ အဖမ်းခံကြရသနည်း။ လေတပ်ဗိုလ်ချုပ်တီကလစ် ရာထူးမှနုတ်ထွက်သွားသော အကြောင်း သတင်းစာထဲထည့်သွင်းဖော်ပြမိ၍ ဟူသတတ်။ ဗိုလ်ချုပ်တီကလစ် နုတ်ထွက်သွားသည်မှာလည်း အမှန်ပင်။ မှန်ကန်သည့်သတင်းပုံနှိပ်ဖော်ပြမိခြင်းဖြင့် သူတို့သုံးဦး ဘာကြောင့် အဖမ်းခံကြရပေသနည်း။ (ဗိုလ်ချုပ်တီကလစ်သည် တော်လှန်ရေးကောင်စီဝင်တဦးဖြစ်ပြီး ရာထူးမှနုတ်ထွက်ပြီးနောက် နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားခဲ့သည်။) ဦးအောင်ခင်၊ ဦးခင်မောင်ကလေးနှင့် ဦးညိုမြတို့သုံးဦးစလုံး နှစ်လကျော်ကြာ စစ်ဆေးမေးမြန်းခံရပြီးနောက် ပြန်လွတ်လာခဲ့၏။ စစ်ဆေးမေးမြန်းစဉ် နှိပ်စက်ညှင်းပန်းသည်ဟူ၍တော့ မကြားခဲ့မိပေ။ နောက်ဆုံး သူတို့သုံးဦး အဖမ်းခံရခြင်းမှာလည်း စစ်ထောက်လှမ်းရေးတို့ သိချင်ကြ၍ဟု သိခဲ့ရသည်။

မဆလစစ်အစိုးရသည် ၁၉၆၃ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့၌ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ကြေငြာခဲ့သည်။ ထို လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ အစိုးရကိုဆန့်ကျင်ပြီး တော်လှန်ရေးဆင်နွှဲနေကြသည့် နိုင်ငံရေးပါတီအသီးသီးနှင့်လည်း ၁၉၆၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့၌ တွေ့ဆုံဆွေးနွေးကြမည်ဟုလည်း အကြောင်းကြားခဲ့သည်။ သို့ရာတွင် ၁၉၆၃ ခုနှစ်၊ ဩဂုတ်လထဲ၌ ပြည်တွင်းငြိမ်းချမ်းရေးကို ထိပါးအောင်ပြုမူဆောင်ရွက်မှု စွဲချက်ဖြင့် နိုင်ငံရေးခေါင်းဆောင်(၁၀)ဦးနှင့်အတူ "နေးရှင်း" သတင်းစာအယ်ဒီတာ ဦးလောရုံတို့ ဖမ်းဆီးခံလိုက်ရတော့သည်။ (အဆိုပါ ဖမ်းဆီးမှုသတင်းကို မဆလစစ်အစိုးရအား ထောက်ခံရေးသားနေသည့် ဦးသိန်းဖေမြင့် အယ်ဒီတာလုပ်သော "ဗိုလ်တထောင်" သတင်းစာမှလွဲ၍ အခြား သတင်းစာများအားလုံးကဖော်ပြခဲ့ကြလေသည်)

မဆလစစ်အစိုးရနှင့် တော်လှန်ရေးပါတီများသည် ချိန်းဆိုထားသည့်နေ့၌ တွေ့ဆုံဆွေးနွေး တိုင်ပင်ခဲ့ကြလင့်ကစား အောင်မြင်မှုကိုမှ မရရှိခဲ့ပေ။ ၁၉၆၃ခုနှစ်၊ နိုဝင်ဘာလသို့ ရောက်သောအခါ တော်လှန်ရေးပါတီများ ရန်ကုန်မှ ပြန်လည်ထွက်ခွာသွားကြတော့သည်။ သူတို့ ပြန်လည်ထွက်ခွာသွားကြသည်နှင့် တပြိုင်နက် မဆလစစ်အစိုးရသည် ရာပေါင်းများစွာသော လက်ဝဲ၊ လက်ယာ နိုင်ငံရေးလှုပ်ရှားသူအားလုံးနီးပါးကို ပိုက်စိပ်တိုက်ဖမ်းဆီးတော့သည်။ သတင်းစာအယ်ဒီတာများနှင့် သတင်းထောက်များကလည်း ထိုဖမ်းဆီးမှုနှင့် ပတ်သက်သော သတင်းမှန်သမျှကို အသေးစိတ်ဖော်ပြခဲ့ကြ၏။

နောက်ဆုံး၌ "ကြေးမုံ" သတင်းစာမှ ဦးခင်မောင်ရီ(စာရေးဆရာစိန်ခင်မောင်ရီ)နှင့် ဦးစိုးနိုင်၊ "အထောက်တော်" ဂျာနယ်မှ ဦးလှအောင် (စာရေးဆရာ အထောက်တော်လှအောင်)နှင့် ဗိုလ်သိန်းဒန်၊ "နေးရှင်း" သတင်းစာမှ ဦးလှထွေးအပါအဝင် မြောက်များစွာသော သတင်းထောက်များ၊ သတင်းစာဆရာများ အဖမ်းခံကြရတော့သည်။ ထို့အပြင် ထင်ပေါ်ကျော်ကြား လူသိများသော စာရေးဆရာကြီးများဖြစ်ကြသည့် အောင်လင်း၊ မြသန်းတင့်၊ ဗန်းမော်တင်အောင်၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ ဒေါင်းနွယ်ဆွေ အပါအဝင် အသက်ငယ်ရွယ်နုပျိုသည့် စာရေးဆရာပေါင်း များစွာလည်း အဖမ်းခံခဲ့ကြရသည်။ ထို အဖမ်း ခံရသူများအားလုံးသည် တရားရင်ဆိုင်ခွင့် မရရှိပါဘဲနှင့် အနည်းဆုံး ထောင်ဒဏ်(၇)နှစ် ကျခံခဲ့ရလေသည်။

ဖမ်းဆီးမှုများသည်လည်း တဖြည်းဖြည်း အရှိန်မြင့်လာနေခဲ့ပြီ။ နိုင်ငံရေးသမားများ၊ စာရေးဆရာများ၊ သတင်းစာဆရာများ၊ ကျောင်းသားကျောင်းသူများ၊ အရပ်သားဝန်ထမ်းများ၊ ကုန်ထုတ်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ငွေရှင်ကြေးရှင်များ၊ ဆင်းရဲသားလူတန်းစားများ၊ ဘုန်းကြီးရဟန်းများ၊ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်များ၊ မူဆလင်ဘာသာရေးခေါင်းဆောင်များ၊ စစ်အာဏာသိမ်းမှုကို ကြိုက်နှစ်သက်ခြင်းမရှိသည့် စစ်ဗိုလ်များ စသည်ဖြင့်….. စသည်ဖြင့်။ အလွှာပေါင်းစုံမှ လူပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ အဖမ်းခံခဲ့ကြရသည်။

၁၈၈၇ ခုနှစ်၊ ဗြိတိသျှအစိုးရက ဆောက်လုပ်ခဲ့သော လူခြောက်ထောင်ခန့်ဆန့်နာမည်ကျော်အင်းစိန်ထောင်တခုထဲမှာပင် ၁၉၆၃ ခုနှစ် နှစ်ကုန်ပိုင်း၌ လူတသောင်းကျော်ရှိနေခဲ့၏။ ဝန်ကြီးချုပ်ဦးနု ပိတ်ထားခဲ့သော ကိုးကိုးကျွန်းအကျဉ်းစခန်းကိုလည်း မဆလစစ်အစိုးရမှ ပြန်လည်ဖွင့်လှစ်ကာ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ မောင်လေးမွန် အစရှိသည့် လက်ဝဲအယူအဆယိမ်းသော စာရေးဆရာပညာရှင်များကို ပို့လွှတ် အကျဉ်းကျစေခဲ့သည်။

အာဏာရှင်ဗိုလ်နေဝင်းသည် သူအာဏာသိမ်းစဉ်ကတည်းက ရဟန်းသံဃာများ မှတ်ပုံတင်ရမည်ဟု ဆိုခဲ့သည့်အားလျော်စွာ "ရဟန်းသံဃာများသည် နိုင်ငံရေးနှင့် ပါဝင်ပတ်သက်ဆက်နွယ်ပိုင်ခွင့်မရှိ"ဟူသော အကြောင်းပြချက်ဖြင့် ရဟန်းသံဃာပေါင်းများစွာကို ဖမ်းဆီးအကျဉ်းချထားခဲ့ပြန်သည်။ တချိန်ထဲမှာပင် မန္တလေးမြို့ထုတ် "ဗဟိုနေ့စဉ်" သတင်းစာထဲ၌ "သံဃာတည်တံ့စေရေး တပ်လှန့်သံ"ဟူသောဆောင်ပုဒ်ကို ကြော်ငြာကဏ္ဍ၌ ထည့်သွင်းဖော်ပြခဲ့သည်။ ထိုဆောင်ပုဒ်နှင့် ပတ်သက်ပြီး "ဗဟိုနေ့စဉ်"သတင်းစာအယ်ဒီတာ ဦးမြသန်းကိုဖမ်းဆီးပြီး သတင်းစာတိုက်ကိုလည်း ပိတ်ပစ်လိုက်တော့သည်။

အာဏာရှင်စစ်အစိုးရလက်အောက်၌ နှစ်နှစ်တိုင်ပြီးနောက်ပိုင်း ၁၉၆၄ ခုနှစ်သို့ ရောက်သောအခါ မြန်မာစာနယ်ဇင်းလောကနှင့် နိုင်ငံရေးလောကတို့မှာ အင်အားချိနဲ့စပြုလာပြီဆိုလျှင် မှားအံ့မထင်။ ထိုမျှသာမကသေး၊ ရာပေါင်းများစွာသော သတင်းစာဆရာတို့မှာလည်း ဖမ်းဆီးခံနေရဆဲ၊ ဆက်လက်၍လည်း ဖမ်းဆီးနေဆဲ။ ထို့အပြင်နိုင်ငံရေးပါတီများသည်လည်း မဆလပါတီသို့ ပူးပေါင်းကြရန် မြူဆွယ်တိုက်တွန်းသည်ကို ခံကြရသည်ပင်။ ငြင်းများငြင်းအံ့။ ငြင်းသည့်သူသည် ထောင်နန်းစံရန်မှတပါး အခြားမရှိတော့သည့်နှယ်။ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် သတင်းစာ၊ ဂျာနယ်များသည်လည်း မဆလစစ်အစိုးရနောက်ထပ်ဘာဆက်လုပ်မည်ကို စောင့်ကြည့်နေရုံမှတပါး ဘာမှမတတ်နိုင်ခဲ့ပေ။

၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့သို့ရောက်သောအခါ မဆလအစိုးရသည် "လုပ်သားပြည်သူ့နေ့စဉ်"အင်္ဂလိပ်ဘာသာသတင်းစာကို စတင်ထုတ်ဝေတော့၏။ ("လုပ်သားပြည်သူ့နေ့စဉ်" မြန်မာဘာသာ သတင်းစာကို ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ကတည်းက ထုတ်ဝေနေခဲ့ပြီးဖြစ်သည်။) ထို့ပြင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ အားလုံးအတွက် အခွန်စည်းကျပ်သည့် ဥပဒေအသစ်တရပ်နှင့် "၁၉၆၄ ခုနှစ် အမျိုးသားကြံ့ခိုင်ရေးဥပဒေ" တို့ကို ပြဋ္ဌာန်းပါတော့သည်။ "အခွန်စည်းကျပ်သည့်ဥပဒေသစ်" အရ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အမြတ်အစွန်း၏ (၉၉%)သည် အစိုးရကို အခွန်ဆောင်ရတော့၏။ "ဘားမားတိုင်း"အင်္ဂလိပ်သတင်းစာသည် အစိုးရကို အခွန်မဆောင်နိုင်သဖြင့် အသိမ်းခံလိုက်ရသည်။ မြန်မာနိုင်ငံတွင် အကြီးမားဆုံး အင်္ဂလိပ်သတင်းစာ တစောင်ဖြစ်သည့် "နေးရှင်း"သတင်းစာသည်လည်း အစိုးရကို အခွန်မဆောင်နိုင်တော့သည့်အဆုံး ၁၉၆၄၊ မေလ (၁၈) ရက်နေ့မှစ၍ ပိတ်ထားလိုက်ရတော့သည်။ ထိုအခါ ပုံနှိပ်စက်နှင့် ရုံးအဆောက်အဦသည်လည်း မဆလစစ်အစိုးရမှ အလိုအလျောက် သိမ်းယူပြီးဖြစ်နေတော့သည်။ ရင်နာစရာ ကောင်းလှပါဘိတော့။

ထိုအပြင် "၁၉၆၄ခုနှစ် အမျိုးသားကြံ့ခိုင်ရေးဥပဒေ"ကို ချိုးဖောက်သည်ဟူသော စွဲချက်ဖြင့် "ကြေးမုံ"သတင်းစာ ထုတ်ဝေသူနှင့် အယ်ဒီတာဦးသောင်း (စာရေးဆရာ အောင်ဗလ)ကို ဩဂုတ်လ (၂၀) ရက်နေ့၌ ဖမ်းဆီးလိုက်တော့သည်။ "ကြေးမုံ"သတင်းစာတိုက်သည်လည်း စက်တင်ဘာ (၁၁) ရက်နေ့၌ ပြည်သူပိုင်သိမ်းခြင်း ခံလိုက်ရ၏။ ■

*(ဆက်လက်ဖော်ပြပါမည်)*

> **ထင်ပေါ်ကျော်ကြား လူသိများသော စာရေးဆရာကြီးများဖြစ်ကြသည့် အောင်လင်း၊ မြသန်းတင့်၊ ဗန်းမော်တင်အောင်၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ ဒေါင်းနွယ်ဆွေ အပါအဝင် အသက်ငယ်ရွယ်နုပျိုသည့် စာရေးဆရာပေါင်းများစွာလည်း အဖမ်းခံခဲ့ကြရသည် …**

# မြန်မာနိုင်ငံတွင် HIV ရောဂါပိုးကူးစက်ပြန့်ပွားမှုနှုန်း ကျဆင်းသွားခြင်းမရှိသေးကြောင်း WHO ၏သုံးသပ်မှုအပေါ် နအဖဗိုလ်ချုပ်ကက်စိန်က အကြောက်အကန်ငြင်းဆို

မကြာသေးမီက ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင် WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အစည်းအဝေးတရပ် ကျင်းပပြုလုပ်ခဲ့ရာ ထိုအစည်းအဝေးကြီးတွင် (၄) နှစ်တာကာလအတွင်း အာရှဒေသ၌ တနှစ်လျှင် လူပေါင်း (၈) သိန်းခန့် AIDS ရောဂါဆိုးကြီးဖြင့် သေဆုံးနိုင်ဘွယ်ရာရှိကြောင်း လေ့လာသုံးသပ်သူများနှင့် ပညာရှင်များက တင်ပြသွားခဲ့ကြသည်ဟု သိရသည်။

AIDS ခေါ် ကိုယ်ခံစွမ်းအားကျဆင်းသည့် ရောဂါဆိုးကြီးသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ လေ့လာသုံးသပ်ချက်အရ အာရှတိုက်တွင် အတိုင်းအတာတခုအထိ ရပ်တန့်သွားသည်မှာ မှန်ကန်သော်လည်း လူပေါင်းထောင်နှင့်ချီ၍ နှိပ်စက်ဒုက္ခပေးခံနေရဆဲဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ယင်းအစည်းအဝေး၏ လေ့လာသုံးသပ်ချက်များထဲတွင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ ဖိုမဆက်ဆံရေးကိစ္စများတွင် ကွန်ဒွန်ဟုခေါ်သော ရာဘာအစွပ်များသုံးစွဲကြရန် အစိုးရအာဏာပိုင်များက ထိထိရောက်ရောက်စီမံဆောင်ရွက်ပေးနေသည့်အတွက် အေအိုင်ဒီအက်စ်ရောဂါပြန့်ပွားမှုနှုန်းသည် သိသိသာသာကျဆင်းသွားခဲ့ကြောင်း တွေ့ရှိရသည်ဟု ဖော်ပြထားသည်။ သို့ရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ အချို့ဒေသများ၌ HIV/ AIDS ရောဂါပိုး ကူးစက်ပြန့်ပွားမှုနှုန်းထားသည် လျော့နည်းကျဆင်းသွားခြင်းမရှိသည့်အပြင် ပိုမိုတိုးတက်လာနေကြောင်းကို လေ့လာသုံးသပ်သူများနှင့် ပညာရှင်များက တင်ပြသွားခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၊ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်ဆေးရုံမှ သုတေသနပညာရှင် ဒေါက်တာခရစ်ဘေရာက ပြီးခဲ့သည့်ဇွန်လက ကျင်းပခဲ့သည့် ကုလသမဂ္ဂအစည်းအဝေးတရပ်တွင် ပြောကြားခဲ့ရာ၌ နအဖစစ်အစိုးရသည် AIDS ရောဂါပြန့်ပွားမှုကို ဖုံးကွယ်နိုင်ရန် ကိန်းဂဏန်းများ လိမ်ညာ၍ပြသခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ်က မြန်မာနိုင်ငံတွင် AIDS ရောဂါစွဲကပ်နေသူပေါင်း (၆)သိန်းကျော်ရှိရာ အာရှတိုက်တွင် ကမ္ဘောဒီးယားနိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

ထိုပြောဆိုချက်များနှင့် ပတ်သက်၍ ပြီးခဲ့သည့်ရက်များအတွင်း ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကုလသမဂ္ဂအစည်းအဝေးတရပ်တွင် နအဖ ကျန်းမာရေးဝန်ကြီး ဗိုလ်ချုပ်ကက်စိန်က မြန်မာနိုင်ငံမှာ AIDS ရောဂါကူးစက်ပြန့်ပွားမှု ဆိုးဆိုးဝါးဝါးမရှိကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း ကျန်းမာရေးအသုံးစရိတ် အဆပေါင်းမြောက်များစွာ တိုးတက်သုံးစွဲခဲ့ကြောင်း ပြန်လည် ချေပပြောဆိုသွားခဲ့ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံအနေဖြင့်ကျန်းမာရေးအသုံးစရိတ်အဖြစ် ငွေကြေးဘယ်၍ ဘယ်မျှသုံးစွဲခဲ့သည်ကို ကိန်းဂဏန်းများဖြင့် မဖော်ပြနိုင်ခဲ့ရုံမက HIV နှင့် AIDS ရောဂါပိုးကူးစက်ပြန့်ပွားမှုအခြေအနေ ဘယ်ရွေ့ဘယ်မျှရှိနေကြောင်းကိုလည်း စာရင်းဇယားများဖြင့် အတိအကျ မဖော်ပြသွားခဲ့သည့် အတွက်နိုင်ငံခြားအကဲခပ်ပုဂ္ဂိုလ်များက မေးခွန်းထုတ်နေကြသည်ဟု သိရသည်။ ■

# ကမ္ဘာကြီးတခုလုံးကို ကို

အေး အေး မွန်

"ဒီအဖြစ်အပျက်ဟာ ပုလဲဆိပ်ကမ်းမှာဖြစ်ခဲ့တာမျိုး နောက်တကြိမ်ထပ်ဖြစ်တာပါဘဲ။ ဒါ ကျနော့်အနေနဲ့ ပုံကြီးချဲ့ပြောတာမဟုတ်ပါဘူး"ဟု အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်တဦးဖြစ်သူ ချတ်(က်)ဟေဂယ်(လ်)(Chuck Hagel)



လှလှပပ WTC ညီနောင်နှစ်ဖော်



နောက်တစီးနှင့် ထပ်တိုက်ပြန်ပြီ

က ပြောကြားလိုက်သည်။ လွန်ခဲ့သောနှစ်(၆၀)က အမေရိကန်ပိုင် ဟာဝိုင်ယီကျွန်းရှိ ပုလဲဆိပ်ကမ်းမြို့ကို ဂျပန်တို့က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အမေရိကန်နိုင်ငံ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်ခဲ့ရခြင်းကို မစ္စတာဟေဂယ်(လ်) ပြန်လည်အောက်မေ့မိသွားသည် ထင်သည်။

သက္ကရာဇ် (၂၀၀၁)ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့၊ ဒေသစံတော်ချိန် နံနက် (၈)နာရီ (၄၅)မိနစ်။ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တော် မင်(န်)ဟတ်တန်ရပ်ကွက်ရှိ World Trade Center (WTC) ညီနောင်အဆောက်အဦနှင့် မနီးမဝေး World Financial Center အဆောက်အဦအတွင်း၌ အမျိုးသမီးတယောက်သည် မှန်ပြတင်းမှနေ၍ အပြင်ဘက်သို့ ငေးမောကြည့်နေလေသည်။ ထိုအချိန်မှာပင် လေယာဉ်တစီးသည် အရှိန်အဟုန်ပြင်းစွာ ပျံသန်းလာပြီး အထပ်ပေါင်း (၁၁၀)ရှိသည့် (WTC) အဆောက်အဦကြီးကို ဝင်တိုက်ပစ်လိုက်သည်။ ရုတ်ချည်းဆိုသလိုပင် မီးခိုးလုံးမည်းမည်းကြီးများ အူထွက်လာတော့သည်။ "စက်ရုံတခုရဲ့ မီးခိုးခေါင်းတိုင်ကနေ မီးခိုးတွေ အလိပ်လိုက်အလိပ်လိုက် အူထွက်နေတဲ့အတိုင်းဘဲ။ (၁၅)မိနစ်လောက်အကြာမှာ နောက် လေယာဉ်တစီးရောက်လာပြီး (WTC) ကြီးကိုပဲ ထပ်တိုက်ပစ်လိုက်ပြန်ရော"ဟု သူမက ပြန်ပြောပြသည်။

ပထမဆုံးဝင်တိုက်လိုက်သည့် လေယာဉ်သည် အမေရိကန်နိုင်ငံ အရှေ့ဖက်ကမ်းခြေ မက်ဆာချူးဆက်ပြည်နယ် ဘော့စတွန်မြို့မှ၊ အနောက်ဖက်ကမ်းခြေ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့(စ်)အိန်ဂျလိ(စ်)မြို့သို့ ပျံသန်းလာသည့် American Airlines ကုမ္ပဏီပိုင် ခရီးသည်တင်လေယာဉ် အမှတ် Flight 11 ဖြစ်ပြီး လေယာဉ်အမှုထမ်းများအပါအဝင် စုစုပေါင်း လူ(၉၂)ဦးကို တင်ဆောင်လာခဲ့သည်။ ဒုတိယလေယာဉ်သည် United Airlines ကုမ္ပဏီပိုင် အမှတ် Flight 175 ဖြစ်ပြီး စုစုပေါင်း လူ(၅၆)ဦးတင်ဆောင်ကာ ဘော့စတွန်မြို့မှ လော့(စ်)အိန်ဂျလိ(စ်)မြို့သို့ ပျံသန်းလာစဉ် နံနက် (၉)နာရီ (၃)မိနစ်တိတိအချိန်တွင် ဝင်တိုက်ပစ်လိုက်ခြင်း ဖြစ်ပေသည်။

(WTC) ညီနောင်အဆောက်အဦထဲမှ တခုသည် ဝင်တိုက်ခံရပြီးအစပိုင်းတွင် အပေါ်ပိုင်းအထပ်များ ပြိုကျပျက်စီးသွားခဲ့ပြီး (၁၀)နာရီ (၂၈)မိနစ်တွင် လုံးဝဥဿုံ ပြိုကျသွားတော့သည်။ နောက်လေယာဉ်တစီးက နောက်ထပ် ညီနောင်အဆောက်အဦ၏ ခါးလည်ပိုင်းလောက်ကို ဖြတ်တိုက်ပစ်လိုက်ရာ အထပ်ပေါင်း (၁၁၀)ရှိ (WTC) ညီနောင်အဆောက်အဦကြီးသည် အတ္တလန်တိတ်သမုဒ္ဒရာ ရေပြင်ကျယ်ထဲ နစ်မြုပ်သွားခဲ့သည့် Titanic သင်္ဘောကြီးပမာ ပြိုလဲပျက်စီးသွားရတော့သည်။ ဒုတိယအတိုက်ခံရသောအဆောက်အဦသည် ပထမအဆောက်အဦထက် (၂၈) မိနစ်စောကာ (၁၀)နာရီတိတိတွင် ပြိုကျသွားခဲ့ရသည်။

(WTC) ညီနောင်အဆောက်အဦကြီးထဲတွင် နေ့စဉ် အလုပ်လုပ်ကိုင်နေသူ လူ(၅)သောင်းခန့်ရှိသဖြင့် အဆိုပါ လူသားများအားလုံး အသက်ဆုံးရှုံးရတော့မည်ကဲ့သို့ ဖြစ်နေတော့သည်။ ထိုလူပုဂ္ဂိုလ်များ၏ အသက်အန္တရာယ် စိုးရိမ်ရသည်သာမကသေး၊ အဆောက်အဦပြိုကျမှုကြောင့် ကယ်ဆယ်ရေးလုပ်သား (၂၆၅)ယောက်နှင့် ရဲဝန်ထမ်း (၈၅)ယောက်တို့သည်လည်း အသက်ဆုံးရှုံးခဲ့ကြရသည်။

"ပထမလေယာဉ်ဝင်တိုက်ပြီး သိပ်မကြာမီမှာဘဲ လူတွေခုန်ဆင်းချလိုက်တာကို ကျနော်မြင်လိုက်ရတယ်။ ခြောက်ယောက်၊ ခုနှစ်ယောက်လောက်ရှိမယ်ထင်တယ်။ လူတယောက်ခုန်ချလိုက်တိုင်း လမ်းပေါ်က ကြည့်နေကြတဲ့ လူတွေ အော်လိုက်ကြတာဗျာ"ဟု Federal Bureau of Investigation (FBI) အက်ဖ်ဘီအိုင်အေးဂျင့်တယောက်က ပြန်လည်ရှင်းပြခဲ့သည်။

"ကျနော်အလုပ်လုပ်ခဲ့တဲ့ အဆောက်အဦကြီး ပြိုကျသွားတာကို ကျနော်မြင်လိုက်ရတယ်"ဟု (WTC) တွင် အလုပ်လုပ်နေသူ စီးပွားရေးလုပ်ငန်းရှင် ဂက်(ဘ)ရီရယ်(လ်) အိုင်အိုအဲ(န်)က တုန်လှုပ်ခြောက်ခြားစွာဖြင့် ပြန်လည်ပြောပြခဲ့သည်။ သူအပြင်ရောက်နေခိုက် ပြိုကျသွားခြင်းကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရသည်။ သူပြောပြနေစဉ်မှာပင် သူ့ နောက်ကျောဖက်၌ မီးခိုးများဖြင့် ဖုံးလွှမ်းမည်းမှောင်နေလေသည်။ ယခင်က ရင်သပ်ရှုမောမဆုံးဖြစ်ခဲ့ရသည့် နယူးယောက်မြို့တော်၏ မင်(န်)ဟတ်တန် ရပ်ကွက်ကြီးတခုလုံးသည် မီးခိုးလုံးများဖြင့် အတိပြီးနေတော့၏။

"ဒီတိုက်ခိုက်မှုဟာ ကမ္ဘာပေါ်မှာ ဖြစ်ပျက်ခဲ့ဖူးတဲ့ တိုက်ခိုက်မှုတွေထဲမှာ အတင့်အရဲဆုံး အကြမ်းဖက်တိုက်ခိုက်မှုတခုပဲ။ ဒါဟာ အကြမ်းဖက်သမားတစုကနေ စနစ်တကျ ဆောင်ရွက်လိုက်တာပဲလေ။ အကြမ်းဖက်သမားတွေရဲ့ စာရင်းကတော့ လက်ချိုးရေလို့ရပါတယ်။ ကျနော့်အနေနဲ့ နာမည်တပ်ရရင်တော့ အိုစမာဘင်လာဒင်ဟာ ထိပ်ဆုံးမှာရှိနေပါတယ်"ဟု လန်ဒန်မြို့ရှိ Jane ပို့ဆောင်ဆက်သွယ်ရေးဌာနမှ လေကြောင်းပျံသန်းမှုဆိုင်ရာ အတတ်ပညာရှင် ခရစ္စယိတ်(စ်)က ပြောဆိုခဲ့သည်။

နယူးယောက်မြို့တော်ရှိ (WTC) ညီနောင်အဆောက်အဦကြီးအား အကြမ်းဖက်သမား လေယာဉ်အပိုင်စီးသူများက လေယာဉ်(၂)စီးဖြင့်ဝင်တိုက်လိုက်ပြီး မိနစ်အနည်းငယ်အကြာ၊ နံနက်(၉)နာရီ (၅၅)မိနစ်တွင် အမေရိကန်စစ်ဌာနချုပ်ရုံးစိုက်ရာ ပဉ္စဂံပုံစံဆောက်ထားသည့် ပင်တဂွန်အဆောက်အဦကြီးသည်လည်း ပြန်ပေးဆွဲခံထားရသည့် အခြားခရီးသည်တင် လေယာဉ်တစင်း၏ ဝင်တိုက်မှုကို ခံလိုက်ရပြန်သည်။ အကြမ်းဖက်သမားများသည် လူ(၆၄)ဦးကိုတင်ဆောင်ပြီး ဝါရှင်တန်ဒီစီမှ လော့(စ်)အိန်ဂျလိ(စ်)မြို့သို့ ပျံသန်းလာသည့် American Airlines ကုမ္ပဏီပိုင် ဘိုးရင်း (၇၅၇) လေယာဉ်အမှတ် Flight 77 ကိုပြန်ပေးဆွဲမောင်းနှင်ကာ ပင်တဂွန်စစ်ဌာနချုပ်ကို ဝင်တိုက်ပစ်လိုက်ခြင်းဖြစ်သည်။ ပင်တဂွန်အဆောက်အဦ မီးလောင်ပျက်စီးရာမှထွက်လာသည့် မီးခိုးလုံးများသည် ပိုတိုမက်(Potomac) မြစ်ကိုဖြတ်ကျော်ကာ မြို့တော်ဝါရှင်တန်ဒီစီသို့ တလိပ်လိပ်တက်လျက် ရွေ့လျားနေတော့သည်။ ထိုတိုက်ခိုက်မှုကြောင့် ပင်တဂွန်စစ်ဌာနချုပ် ပဉ္စဂံအဆောင်(၅)ဆောင်ထဲမှ အဆောင်တဆောင်ပျက်စီးသွားခဲ့ပြီး ပင်တဂွန်စစ်ဌာနချုပ် အမှုထမ်း (၈၀၀)ခန့် အသက်ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းနေကြသည်။



အပိုင်စီးခံရသည့်လေယာဉ်ဖြင့် တိုက်ခိုက်ခံရပြီးနောက် မီးလောင်နေသည့် ပင်တဂွန်စစ်ဌာနချုပ်

(WTC)နှင့် ပင်တဂွန်စစ်ဌာနချုပ်တို့အား အကြမ်းဖက်သမားများက လေယာဉ်အပိုင်စီးပြီး ဝင်တိုက်မှုများကြောင့် အမေရိကန်လွှတ်တော်နှစ်ရပ်လုံး၏ ရုံးခန်းများ၊ သမ္မတရုံးစိုက်ရာ Capitol Hill ရှိ အိမ်ဖြူတော်အပါအဝင် အစိုးရအဆောက်အဦများ ခေတ္တပိတ်ထားလိုက်ရပြီး အမေရိကန်ပိုင် ပြည်တွင်းလေကြောင်းလိုင်းများလည်း သမိုင်းတွင် ပထမဆုံးအနေဖြင့် ရပ်တန့်သွားခဲ့ရသည်။ ခေတ်မီလက်နက်များကိုင်ဆောင်ထားသည့် လုံခြုံရေးအစောင့်အကြပ်များကို အိမ်ဖြူတော်အပြင်ဖက်တွင် တွေ့နေရပေသည်။ နယူးယောက်မြို့တော်ရှိ ကမ္ဘာ့ကုလသမဂ္ဂရုံးနှင့် ချီကာကိုမြို့တော်ရှိ Sears Tower အဆောက်အဦရှိ အမှုထမ်းအားလုံးကို မိမိတို့၏ရုံးခန်းများမှ အမြန်ဆုံးထွက်ခွာကြရန် အမိန့်ထုတ်ပြန်လိုက်တော့သည်။ လော့(စ်)အိန် ဂျလိ(စ်)မြို့ရှိ အကြမ်းဖက်မှုဆန့်ကျင်ရေးဌာနခွဲများမှ အမှုထမ်းများကို စုဝေးစေခဲ့ပြီး ဗာဂျီးနီးယားပြည်နယ်၏ အထင်ကရ လမ်းမကြီး Hampton Road ပေါ်တွင်လည်း လုံခြုံရေးအစောင့်အရှောက်များ မြောက်မြားစွာ ချထားလိုက်တော့သည်။



ယခုအခါ နယူးယောက်မြို့တော်၏ မင်(န်)ဟတ်တန် ရပ်ကွက်ကြီးတခုလုံးသည် ဟိုပြေးသည်လွှားနှင့် ပျားပန်းခတ်နေကြသည့် လှိုင်းလုံးကဲ့သို့ လူအုပ်ကြီးများ၊ တဝီဝီ တဝေါ်ဝေါ်အော်မြည်၍ ဥဒဟို မောင်းနှင်နေသည့် လူနာတင်ယာဉ်များ၊ ကယ်ပါယူပါ တစာစာနှင့် အော်ဟစ်ငိုယိုနေသံများနှင့် မီးခိုးလုံးကြီးများကြောင့် အော်ဂလီဆန်စရာအတိ ဖြစ်နေတော့သည်။ အတ္တလန်တိတ်သမုဒ္ဒရာဘက် မိုင်ဝက်ခန့်ထွက်၍ သမင်လည်ပြန် ငဲ့စောင်းကြည့်လိုက်သောအခါ Miss Liberty ရုပ်တုနောက်၌ မီးခိုးလုံးကြီးများ ဖုံးလွှမ်းလျက်ရှိသည့် မင်(န်)ဟတ်တန်ရပ်ကွက်ကြီးကို စိတ်မချမ်းမြေ့ဖွယ်မြင်တွေ့ရပြန်သည်။ ယခင်ကဆိုလျှင် ဘရွတ်ကလင်းရပ်ကွက်မှ လှမ်းမျှော်ကြည့်လိုက်ပါက မိုးပျံတိုက်ကြီးများဖြင့် လှချင်တိုင်းလှ၊ ခန့်ချင်တိုင်းခန့်နေသည့် မင်(န်)ဟတ်တန် ရပ်ကွက်ကြီးသည် အကြမ်းဖက်သမားတို့၏ လူမဆန်သော ယုတ်မာရက်စက်မှုကြောင့် အရုပ်ဆိုးအကျည်းတန်ခဲ့လေပြီ။

# င်လှုပ်လိုက်သည့် မိနစ်(၇၀)

ငံ့ မောင်ဖေသက်နီ



ကြည့်လေ။ ပြိုကျပျက်ဆီးသွားခဲ့ရသည့် World Trade Center အနောက်ဖက်ရှိ 90 West Street လမ်းမကြီးပေါ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကြမည့် ထရပ်ကားကြီးများ၊ ကရိန်းကားကြီးများသည် ရောက်လာမစဲ တသဲသဲရှိနေတော့သည်။ ထို့အတူ အရှေ့ဖက်ရှိ Hilton Millennium Hotel, Century 21 Building နှင့် One Liberty Plaza အဆောက်အဦများအတွင်းရှိ လူများသည်လည်း ကြောက်လန့်တကြားဖြင့် ပြေးထွက်လာကြသည်မှာ ပုရွက်ဆိတ်အုံကို တုတ်နှင့်ထိုးလိုက်သည့် အလားပင်။ မယုံကြည်နိုင်စရာအဖြစ်အပျက်များ ဖြစ်ပဲဖြစ်နိုင်လွန်းလှသည်။ (၁၀) နာရီ (၁၅)မိနစ်တွင် လေယာဉ်အမှုထမ်းများအပါအဝင် လူ(၄၅)ဦးကိုတင်ဆောင်လာသည့် United Airlines ကုမ္ပဏီပိုင် လေယာဉ်အမှတ် Flight-93 သည် နယူးဂျာဆီပြည်နယ် နယူးအာ့(က်)မြို့မှ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်ဆစ္စကိုမြို့သို့ ပျံသန်းနေစဉ် ပင်(န်)ဆယ်(လ်)ဗေးနီးယားပြည်နယ် ပစ်(စ်)ဘာ့(ဂ်)မြို့အနီး၌ ပျက်ကျပေါက်ကွဲသွားပြန်သည်။ အမေရိကန်ခေါင်းဆောင်များ၊ အခြားနိုင်ငံများမှ ခေါင်းဆောင်များသာမကသေး၊ ကလေးသူငယ်များမှလွဲ၍ တကမ္ဘာလုံးရှိ လူသားအားလုံးနီးပါးသည်လည်း သတိမေ့မျောမတတ်အထိ အံ့ဩသွားကြတော့သည်။

"သိပ်ကိုကြောက်စရာကောင်းတယ်။ ကျနော်တို့အားလုံး ဘယ်လောက်တောင် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ရသလဲဆိုတာ သိပ်သိသာပါတယ်"ဟု နယူးယောက်မြို့တွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် အိုဟိုင်းယိုးပြည်နယ် ကိုလံဘတ်(စ်)မြို့သား အသက်(၃၉)နှစ်အရွယ် ကေ့(သ်) မေယား(စ်)ကလည်း ပြောပြခဲ့သည်။

အဆိုပါလေယာဉ်အားလုံးကို အကြမ်းဖက်သမားများက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသော်လည်း မည်သူတွေဖြစ်ကြောင်းနှင့် မည်သည့်အတွက်ဖြစ်ကြောင်းကိုမူ မသိရသေးပေ။ သို့ရာတွင် ကမ္ဘာတဝှမ်းလုံးရှိ ခေါင်းဆောင်များက ဆော်ဒီအာရေးဗီးယားလူမျိုး အစ္စလာမ်ဘာသာရေးအစွန်းရောက်ဝါဒီ အကြမ်းဖက်သမား အိုစမာဘင်လာဒင် (Osama bin Laden) ဦးဆောင်သည်ဟု ယုံကြည်နေကြသည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်အစိုးရကမူ (WTC) နှင့် ပင်တဂွန်စစ်ဌာနချုပ်တို့ကို တိုက်ခိုက်မှုသည် အိုစမာဘင်လာဒင်နှင့် ပတ်သက်မှုမရှိဟု ငြင်းဆန်ပြောဆိုနေဆဲပင်။

"စနစ်တကျနဲ့ အစီအစဉ်ဆွဲပြီး ကျနော်တို့နိုင်ငံကို မနေ့က တိုက်ခိုက်ခဲ့တာဟာ အကြမ်းဖက်သောင်းကျန်းမှုမျိုးထဲ ပါဝင်ပါတယ်။ ကျနော်တို့နိုင်ငံကို စစ်ဆင်တိုက်ခိုက်လိုက်တာဘဲ။ ဒီလုပ်ရပ်ကိုတုံ့ပြန်ဖို့ ကျနော်တို့ဆီမှာ ခိုင်မာတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ညီညွတ်နေဖို့လိုပါတယ်။ ခုဆိုရင် လွတ်လပ်မှုနဲ့ ဒီမိုကရေစီကို တိုက်ခိုက်ခံနေရပါပြီ။ ကျနော်တို့အနေနဲ့ အရင်အချိန်တွေတုန်းက ရင်မဆိုင်ခဲ့ဖူးတဲ့ ရန်သူမျိုးနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ အမေရိကန်ပြည်သူတွေအားလုံး နားလည်သဘောပေါက်ဖို့ လိုအပ်နေပါပြီ။ ဒါ့အပြင် ဒီရန်သူဟာ လူ့အသက်ကိုဂရုမစိုက်၊ တန်ဖိုးမထားတတ်တဲ့ ရန်သူမျိုးဖြစ်ပြီး ရှောင်တိမ်းပုန်းအောင်းဖို့ အမြဲတစေကြံစည်နေတဲ့ ရန်သူမျိုးလည်းဖြစ်တယ်။ ဒါပေမယ့် ရာသက်ပန်ပုန်းလျှိုခိုအောင်းလို့တော့ ရမှာမဟုတ်ပါဘူး။ ရန်သူဟာ သူ ခိုလှုံနေတဲ့နေရာတွေမှာ လုံခြုံတယ်လို့ယူဆနေသူတွေဖြစ်တယ်။ ဘယ်လိုပဲ ပုန်းအောင်းနေပါစေ ရာသက်ပန် ခိုလှုံနေလို့တော့ ရမှာမဟုတ်ဘူးလို့ ပြောချင်ပါတယ်။ သူတို့တိုက်ခိုက်ခဲ့တာဟာ ကျနော်တို့ နိုင်ငံသားတွေကိုသာမကဘဲ ကမ္ဘာပေါ်မှာရှိတဲ့ လွတ်လပ်မှုမြတ်နိုးသူတွေ အားလုံးကို ဦးတည်ပြီး တိုက်ခိုက်လိုက်တာပါပဲ။ အဲဒါကြောင့် ကျနော်တို့နိုင်ငံမှာရှိတဲ့ အင်အားစွမ်းအားအကုန်နဲ့ ဒီအကြမ်းဖက်သမား ရန်သူတွေကို အမေရိကန်နိုင်ငံက အမြစ်ပြုတ်တိုက်ခိုက်ချေမှုန်းသွားမှာဖြစ်ပါတယ်"ဟု လက်ရှိ အမေရိကန်သမ္မတဂျော့(ချ်)ဒဗလျူဘု(ရှ်)(George W. Bush)က စက်တင်ဘာလ (၁၂)ရက် ဗုဒ္ဓဟူးနေ့တွင် အမေရိကန်တနိုင်ငံလုံးသို့ ရုပ်မြင်သံကြားမှတဆင့် တရားဝင်ပြောကြားခဲ့သည်။

အကြမ်းဖက်သမားများသည် အမေရိကန်သမ္မတပြောသည့်အတိုင်း လူစိတ်မရှိသည့် အစ္စလာမ်ဘာသာရေးအစွန်းရောက်ဂိုဏ်းသားများပင် ဖြစ်လိမ့်မည်။ အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (FBI)၏အဆိုအရ ဤလူမဆန်သည့် အကြမ်းဖက်တိုက်ခိုက်မှုတွင်ပါဝင်ခဲ့သော အကြမ်းဖက်သမားများ၏ မြောက်မြားလှစွာသော အဆက်အသွယ်များသည် ဆော်ဒီအာရေးဗီးယား၊ အီဂျစ် စသည့်နိုင်ငံများနှင့် ချိတ်ဆက်နေသည်ဟု သိရပေသည်။

"ဒီတိုက်ခိုက်မှုကြီးထဲမှာပါဝင်ပြီး လေယာဉ်အပိုင်စီးသွားခဲ့တဲ့ မိုဟာမက်အတ္တာနဲ့ မာဝမ်အယ်(လ်)ရှေဟီ ဆိုတဲ့ လူနှစ်ယောက်ဟာ သူတို့ ဖလော်ရီဒါပြည်နယ် ဗင်းနစ်မြို့မှာရှိတဲ့ Huffman Aviation လေယာဉ်မောင်းသင်တန်းကျောင်းမှာတက်နေတုန်း ကျနော့်အိမ်မှာ နေသွားခဲ့တာပေ့ါ" ဟု ဖလော်ရီဒါပြည်နယ်သား Huffman Aviation လေယာဉ်မောင်းသင်တန်းကျောင်းမှ ဆရာဟောင်းတဦးဖြစ်သူ ချာလီဗော့(စ်)က ပြောပြခဲ့သည်။

"အခုအခြေအနေတွေနဲ့ အဖြစ်အပျက်တွေကို သုံးသပ်ဆက်စပ်ကြည့်ရင် ဒီအကြမ်းဖက်မှုကြီးတခုလုံးကို



လေဘာတီရုပ်တုကြီး၏နောက်တွင် မီးဟုန်းဟုန်းတောက်နေသည့် နယူးယောက်မြို့ကြီး

အိုစမာဘင်လာဒင်ဦးဆောင်ခဲ့တာပါဘဲ။ နောက်ပြီး ဟက်(ဇ်)ဘိုလာ (Hezbollah) အဖွဲ့တို့၊ ဖာတာ (Fatah)အဖွဲ့တို့လည်း ပါနိုင်သေးတာပဲ"ဟု အိုင်အိုဝါးပြည်နယ် ဆီးနိတ်လွှတ်တော်အမတ် ချား(လ်)(စ်)ဂရတ်(စ်)လေက ပြောကြားခဲ့သည်။

တကမ္ဘာလုံးက စိတ်ဝင်တစားဖြစ်နေသည့် အကြမ်းဖက်သမား အစ္စလာမ်ဘာသာရေး အစွန်းရောက်ဝါဒီ အိုစမာဘင်လာဒင်သည် မည်သူဖြစ်ပေသနည်း။ ၎င်းသည် နာမည်ကြီးအမေရိကန်ထောက်လှမ်းရေးအဖွဲ့ စီအိုင်အေ (Central Intelligence Agency) က အင်မတန်အလိုရှိနေသူ (သို့တည်းမဟုတ်) အာရပ်ကမ္ဘာရှိ လူငယ်များ၏သူရဲကောင်းတဦးပင်တည်း။ သူနှင့် သူ့နောက်လိုက်နောက်ပါတို့သည် ၁၉၉၈ ခုနှစ်အတွင်းက အာဖရိကတိုက်အရှေ့ပိုင်း တန်ဇေးနီးယားနိုင်ငံနှင့် ကင်ညာနိုင်ငံတို့ရှိ အမေရိကန်သံရုံးများကို ဗုံးဖောက်ခွဲခဲ့မှုအပါအဝင် နိုင်ငံတကာအကြမ်းဖက်မှုလုပ်ရပ်များကို စိုက်လိုက်မတ်တတ် ကျူးလွန်နေခဲ့သည်။ ထို့အပြင် ၁၉၉၃ ခုနှစ် World Trade Center ဗုံးပေါက်ကွဲမှုတွင်လည်း ဘင်လာဒင်ပါဝင်ပတ်သက်သည်ဟု စွပ်စွဲခြင်းကို ခံနေခဲ့ရသည်။

အလွန်ချမ်းသာကြွယ်ဝသူ ဆော်ဒီအာရေးဗီးယားအနွယ် အကြမ်းဖက်သမား အစ္စလာမ်ဘာသာရေး အစွန်းရောက်ဝါဒီ အိုစမာဘင်လာဒင်ကို တာလီဘန်တို့ ကြီးစိုးချယ်လှယ်နေသည့် အာဖဂန်နစ္စတန်နိုင်ငံက ခိုလှုံစရာ လုံခြုံစိတ်ချရသည့်နေရာတခုပေး၍ လက်ခံထားလေသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ ပုန်းအောင်းခိုလှုံနေစဉ်အတွင်း အမေရိကန်နိုင်ငံကိုဆန့်ကျင်သည့် "ဂျီဟတ်"ခေါ် ဘာသာရေးစစ်ပွဲတခုကိုဖန်တီးခဲ့ပြီး အမေရိကန်လူမျိုးနှင့် ဂျူးလူမျိုးများကို သတ်ဖြတ်သုတ်သင်ပစ်ရန် စီစဉ်ခဲ့လေသည်။

နောက်ကြောင်းပြန်ကောက်ရလျှင် ဆော်ဒီအာရေးဗီးယားနိုင်ငံဖွား ရီမင်မိသားစုဝင်တဦးဖြစ်သော အိုစမာဘင်လာဒင်သည် ၁၉၇၉ ခုနှစ်တွင် ရုရှားတို့၏ ကျူးကျော်မှုကို တိုက်ခိုက်ရန် အာဖဂန်နစ္စတန်နိုင်ငံသို့ ထွက်ခွာလာခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်လျှင်ရောက်ချင်း မာ့(က်)တက်(ဘ်) အာ(လ်)ခီဒီမက် Maktab al-Khidimat (MAK) အဖွဲ့ကိုထူထောင်ခဲ့သည်။ ထိုအဖွဲ့သည် ကမ္ဘာတဝှမ်းလုံးရှိ တိုက်ခိုက်ရေးသမား အဖွဲ့ဝင်သစ်များကို စုဆောင်းခဲ့ပြီး ရုရှားကိုဆန့်ကျင်တိုက်ခိုက်နေသည့် အာဖဂန်တို့အား လက်နက်အကူအညီများပေးနေခဲ့သည်။ ဆိုဗီယက်တို့ ဆုတ်ခွာသွားပြီးနောက်ပိုင်းတွင် ဘင်လာဒင်၏ "အာရပ်–အာဖဂန်" ဟုခေါ်သော ဂိုဏ်းကွဲအုပ်စုသည် အမေရိကန်နိုင်ငံနှင့် ၎င်း၏ အရှေ့အလယ်ပိုင်း မဟာမိတ်များကို ဆန့်ကျင်တိုက်ခိုက်ရန် ဦးလှည့်လာခဲ့တော့သည်။

ထို့နောက် ဘင်လာဒင်သည် မိသားစုစီးပွားရေးလုပ်ကိုင်ရန် ဆော်ဒီအာရေးဗီးယားသို့ပြန်လာခဲ့သည်။ သို့ရာတွင် ၁၉၉၁ ခုနှစ်တွင် ဆော်ဒီအစိုးရကိုဆန့်ကျင်သော သူ့လုပ်ရပ်များကြောင့် ပြည်နှင်ဒဏ်ပေးခြင်းခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဆူဒန်နိုင်ငံတွင် နေထိုင်ခဲ့သည်။ သို့သော် အမေရိကန်အစိုးရက သူ့အားလက်မခံရန် ဆူဒန်အစိုးရကို ပြင်းပြင်းထန်ထန် ဖိအားပေးလာသောအခါ ဘင်လာဒင်သည် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ထွက်ခွာလာခဲ့ရတော့သည်။

"သမ္မတနဲ့ သူ့ရဲ့အကြံပေးပုဂ္ဂိုလ်တွေဟာ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေစီစဉ်နေချိန်မှာ ကျမတို့ကလည်း အတူတကွ ရပ်တည်ပေးရမယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ အကြမ်းဖက်သမားတွေကို အရေးယူဖို့ကြိုးစားနေချိန်မှာ ကျမသေသေချာချာ ပြောချင်တာကတော့ ဒီအကြမ်းဖက်သမားတွေကို ခိုလှုံခွင့်ပေးထားသူတွေကိုသာမကဘဲ ဘယ်လိုအကူအညီမျိုးဘဲဖြစ်ဖြစ် အကူအညီပေးသူတွေအားလုံးကိုပါ ကျမတို့နိုင်ငံရဲ့ ဒေါသအမျက်ချောင်းချောင်းထွက်တာကိုခံကြရပါလိမ့်မယ်"ဟု နယူးယောက်ပြည်နယ် ဆီးနိတ်လွှတ်တော်အမတ် ဟီ(လ်)လာရီကလင်တန်ကပြောကြားခဲ့သည်။ သူပြောခဲ့သလိုပင် ကမ္ဘာကြီးတခုလုံးကိုကိုင်လှုပ်လိုက်သည့် မိနစ်(၇၀)၏ အဓိက



သူတို့လေးတွေတောင် မျက်ရည်လည်ရွှဲ ဆုတောင်းနေရဲ့

ဇာတ်ကောင် အကြမ်းဖက်သမားများနှင့် ၎င်းတို့၏အဆက်အနွယ်များသည် ကမ္ဘာ့လူသားအပေါင်းတို့၏ ဒေါသအမျက်ထွက်မှုများကြောင့် ထိုက်သင့်သည့်ပြစ်ဒဏ်များကို မများမကြာမီအချိန်အတွင်း ခံစားကြရတော့မည် ဖြစ်ပေသည်။ ■

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)မှ ဥက္ကဋ္ဌဦးတင်အောင်နှင့် မိုးကြိုးသတင်းစာ တွေ့ဆုံမေးမြန်းချက်



ဦးတင်အောင်
ဥက္ကဋ္ဌ NLD (L.A)

**ကျနော်တို့အနေနဲ့လည်း**
**မဟာမိတ်အင်အားစုများနဲ့ စည်းလုံးညီညွတ်စွာလက်တွဲပြီး**
**မပြီးဆုံးသေးတဲ့ သမိုင်းပေးတာဝန်များကို**
**အောင်ပွဲရတဲ့အထိ ဆက်လက်တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ် ...**

**မိုးကြိုး▶ NLD ဥက္ကဋ္ဌဦးအောင်ရွှေနဲ့ ဦးတင်ဦးတို့ နေအိမ်မှာထိန်းသိမ်းခံရခြင်းမှ လွတ်မြောက်လာတဲ့အပေါ် ဥက္ကဋ္ဌရဲ့ သဘောထားအမြင်ကို သိပါရစေ။**

ဒီကိစ္စနဲ့ပတ်သက်လို့တော့ အမှန်တကယ်ကို အကောင်းဖက်ကိုဦးတည်ပြီးလုပ်တဲ့ လုပ်ရပ်ဖြစ်မယ်ဆိုလို့ရှိရင်ပေါ့ လုံးဝကိုကြိုဆိုမယ်လို့ပြောရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီကနေ့ထိ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အရေး ကြီးတဲ့ နိုင်ငံရေးအကျဉ်းသားများကို မလွှတ် ပေးသေးတဲ့ ကိစ္စအပေါ်မှာတော့ ကျနော်တို့အနေနဲ့ မရှင်းမလင်းခံစားနေရပါတယ်။ အားလုံးကို အမြန်ဆုံးလွှတ်ပေးဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်ပေးဖို့ လိုပါတယ်။ ဒါမှသာ ဒီနေ့ဖြစ်ပေါ်နေတဲ့ တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်နဲ့ကျိုးကြောင်း ဆီလျော်မှု ရှိလိမ့်မယ်လို့ ယူဆပါတယ်။

**မိုးကြိုး▶ ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ထိန်းသိမ်းထားတာနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

ဒီနေ့ဖြစ်ပေါ်နေတဲ့ တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်နဲ့ ယှဉ်ကြည့်မယ်ဆိုရင် အခုလို ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ထိန်းသိမ်းထားတဲ့ကိစ္စဟာ အင်မတန်ကို အရုပ်ဆိုးအကျည်းတန်တဲ့ ကိစ္စဖြစ်တယ်လို့မြင်ပါတယ်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ မြန်မာနိုင်ငံရဲ့ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ဆိုတဲ့ မူသဘောထားကို အခိုင်အမာရပ်တည်ပြီး စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်နေတာကို တကမ္ဘာလုံးက သိရှိပြီးဖြစ်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် နအဖ စစ်ဗိုလ်ချုပ်များကိုယ်တိုင်ကလည်း ဒီအခြေအနေတွေကို မလွန်ဆန်နိုင်လို့ စတင်စကားပြောတဲ့အခြေအနေမှာ ရောက်နေပြီဖြစ်ပါတယ်။ နအဖ စစ်ဗိုလ်ချုပ်တွေအနေနဲ့ တိုင်းပြည်ရဲ့ပြဿနာတွေကို အမှန်တကယ် ပြေလည်ချင်တယ်ဆိုရင်၊ နောက်ပြီး တိုင်းပြည်နဲ့ တိုင်းရင်းသားပြည်သူလူထုတရပ်လုံးအပေါ် မှန်ကန်တဲ့ စိတ်ကောင်းစေတနာတွေ ထားရှိမယ်ဆိုရင် ဒီကနေ့ တိုင်းပြည်ရဲ့ အနာဂတ်ကောင်းကျိုးကိုဦးတည်တဲ့ တွေ့ဆုံဆွေးနွေးမှုကို ဆွေးနွေးဖက်ဖြစ်တဲ့ အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အခုလို ချုပ်နှောင်ထားပြီးတော့မှ ဆွေးနွေးမှုတွေ လုပ်နေပါတယ်ဆိုတဲ့ကိစ္စကို အသိတရားရှိကြတဲ့လူတိုင်းက လက်ခံယုံကြည်နိုင်ဖို့ အင်မတန်မှ ခဲယဉ်းနေမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီအတိုင်းလည်း မဖြစ်သင့်ပါဘူး။

**မိုးကြိုး▶ ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖ တွေ့ဆုံဆွေးနွေးမှုအပေါ် ဥက္ကဋ္ဌရဲ့သဘောထား အမြင်ကို ပြောပြပေးပါ။**

ကျနော်တို့တိုင်းပြည်ရဲ့ နာတာရှည်ရောဂါဆိုးကြီးကို လုံးဝပျောက်ကင်းသွားနိုင်ဖို့အတွက် အမှန်တကယ်ကြိုးပမ်းနေကြတာဖြစ်တယ်ဆိုတဲ့ ရှုထောင့်ဘက်ကကြည့်ရမယ်ဆိုရင်တော့ ဒီကိစ္စကို လုံးဝကြိုဆိုရမှာဖြစ်ပါတယ်။ တကယ်တမ်း စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးပွဲတရပ်ဖြစ်ဖို့ဆိုရင် အခုလို တဦးနှင့်တဦး အပြန်အလှန်ယုံကြည်မှု တည်ဆောက်နေပါတယ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ နအဖ စစ်ဗိုလ်ချုပ်များအနေနဲ့ အရေးကြီးဆုံးနဲ့ ပထမဦးဆုံးလုပ်ရမယ့် အချက်ကတော့ အဓိကဆွေးနွေးဖက်ဖြစ်တဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရမယ်။ လွတ်လပ်စွာနဲ့ကမ္ဘာသိ စကားပြောခွင့်ပေးရမယ်။ အဲလို အပြန်အလှန် စကားပြောမှုတွေကို မြန်မာနိုင်ငံက တိုင်းရင်းသား ပြည်သူတရပ်လုံးနဲ့ ကမ္ဘာကြီးတခုလုံးကပါ အကဲဖြတ်ခွင့်ရှိရမယ်။ အခုလက်ရှိပုံစံက ဘာနဲ့တူသလဲဆိုတော့ ထောင်မှူးကနေ အချုပ်သားနဲ့တွေ့ပြီး စကားပြောနေတဲ့ ပုံစံမျိုးဖြစ်နေတယ်။ ဒါ လုံးဝမဖြစ်သင့်ဘူး။ ဒီအခြေအနေနဲ့ ပတ်သက်ပြီး ပြင်ပသတင်းတွေအနေနဲ့ ဒီကနေ့ မြန်မာနိုင်ငံရဲ့ အခြေအနေတွေဟာ တစုံတရာ တိုးတက်မှုရှိနေပါတယ်လို့ ပြောနေတာကိုလည်း ကျနော်တို့အနေနဲ့ လက်မခံနိုင်ပါဘူး။ ကျနော်တို့ရဲ့ ပြည်သူလူထုတရပ်လုံးနဲ့ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ ပြည်သူတွေကလည်း အပြည့်အဝယုံကြည်ဖို့ အများကြီး အခက်အခဲရှိနိုင်ပါတယ်။ အဓိကအနေနဲ့ကတော့ ကျနော်တို့နိုင်ငံက ပြည်သူလူထုတရပ်လုံးရဲ့ အပြည့်အဝထောက်ခံယုံကြည်မှုဟာ အရေးအကြီးဆုံးလိုအပ်ချက်လို့ ပြောချင်ပါတယ်။ ဒုတိယအချက်အနေနဲ့ ပြောချင်တာကတော့ တနှစ်နီးပါးရှိပြီဖြစ်တဲ့ ခုလိုစကားပြောမှုတွေနဲ့ပတ်သက်ပြီး တိုင်းပြည်ကို အတိအလင်း အသိပေးသင့်ပြီလို့ ပြောချင်ပါတယ်။ ကျနော်တို့ ပြည်သူတွေအနေနဲ့ အခုလိုစိတ်ရှည်ရှည်နဲ့ သည်းခံပြီး အကောင်းဘက်ကို မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်ဆိုင်းနေမှုကို လေးစားအသိအမှတ်ပြုဖို့လည်း လိုအပ်ပါတယ်။ နအဖစစ်ဗိုလ်ချုပ်တွေအနေနဲ့ ဒီအချက်ကို အမြန်ဆုံးအကောင်အထည်ဖော်မယ်ဆိုရင်တော့ ကျနော်တို့အနေနဲ့ လက်ခံနိုင်မှာဖြစ်ပါတယ်။ ဒါမှမဟုတ်ဘူးဆိုရင်တော့ နအဖဟာ လက်ရှိအခြေအနေတွေဖြစ်တဲ့ နိုင်ငံတကာဖိအားပေးမှုတွေကို အချိန်ဆွဲရှောင်တိမ်းဖို့နဲ့ နိုင်ငံတကာအကူအညီတွေ ပြန်ရနိုင်ဖို့အတွက် ဟန်ပြလုပ်ဆောင်နေတဲ့ လုပ်ရပ်ဖြစ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မိုးကြိုး▶ပြည်တွင်းNLDရဲ့လုပ်ငန်းတွေကို NLD-LA အနေနဲ့ ဘယ်နည်းဘယ်ပုံ ပံ့ပိုးလုပ်ဆောင်နေပါသလဲ။**

စစ်အစိုးရရဲ့ ကန့်သတ်ချုပ်ချယ်ထားတဲ့ ဥပဒေတွေအောက်မှာ မိခင်အဖွဲ့ချုပ်အနေနဲ့ လုပ်ဆောင်လို့မရတဲ့ ပြင်ပမှာရှိနေတဲ့ လက်နက်ကိုင်ခုခံတော်လှန်နေကြတဲ့ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဒီမိုကရေစီအဖွဲ့အစည်းများနဲ့ စည်းလုံးညီညွတ်မှုရရှိရေး၊ မိခင်အဖွဲ့ချုပ်ရဲ့ပေါ်လစီတွေကိုသိရှိနားလည်စေပြီး အပြန်အလှန်ယုံကြည်မှုရရှိရေးတို့ကို တိုက်ပွဲကြားမှာ၊ အခက်အခဲတွေကြားမှာ လက်ရည်တပြင်တည်းအတူနေထိုင်လုပ်ကိုင်လာခဲ့တာ(၁၂)နှစ်ကျော်ကြာခဲ့ပါပြီ။ ဆက်လက်ပြီးတော့လည်း အခြေအနေ ဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့အညီ တိုက်ပွဲပုံစံ အမျိုးမျိုးကိုကိုင်စွဲပြီး မဟာမိတ်များနဲ့လက်တွဲပြီး ပြည်တွင်း NLD ဝန်းရံရေးကို ကြိုးပမ်းလုပ်ဆောင်နေသလို တချိန်တည်းမှာလည်း နိုင်ငံတကာ အသိုင်းအဝန်းရဲ့ စာနာထောက်ခံမှုတွေ တိုးတက်ရရှိအောင်လည်း ကြိုးပမ်းလုပ်ဆောင်နေပါတယ်။

**မိုးကြိုး▶ အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းများအပေါ်ထားရှိတဲ့ အမြင်နဲ့ သဘောထားကို ပြောပြပေးပါ။**

အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းအများစုဟာ ကျနော်တို့နဲ့ အခြေအနေချင်း မတူပေမယ့် ရည်မှန်းချက်တူလျှောက်လှမ်းနေတဲ့ အဖွဲ့အစည်းတွေလို့ပဲ မြင်ပါတယ်။ မတူတဲ့ အခြေအနေအောက်မှာ သူတို့လည်း သူတို့ရဲ့ မူလရည်မှန်းချက်တွေဖြစ်တဲ့ တိုင်းရင်းသားအခွင့်အရေးကိုလက်မလွှတ်ဘဲ ဆက်လက်လုပ်ဆောင်နေသလို ဒီမိုကရေစီအရေးနဲ့လည်း ပေါင်းစပ်လုပ်ကိုင်နေတာ အထင်အရှားတွေ့ရပါတယ်။ ဖြစ်ရပ်ကိုပြောရမယ်ဆိုရင် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလမှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံခဲ့ခြင်း၊ မကြာသေးမီတုန်းက အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့(၆)ဖွဲ့ရဲ့ ပူးတွဲကြေငြာချက်တွေအရ တတိုင်းပြည်လုံး ရင်ဆိုင်နေရတဲ့ အရေးကိစ္စမှာ သူတို့အနေနဲ့လည်း သူတို့နည်းနဲ့ ရည်မှန်းချက် မပျောက်ဘဲ ဟန်ချက်ညီဆက်လက် ချီတက်နေတယ်ဆိုတာ အထင်အရှားတွေ့နိုင်ပါတယ်။ ဒါကြောင့် ကျနော်တို့အနေနဲ့ အားပေးတယ်။ ကျနော်တို့တွေရဲ့ လုပ်ဖော်ကိုင်ဖက် တိုက်ဖော်တိုက်ဖက်တွေလို့ သဘောထားပါတယ်။

**မိုးကြိုး▶ အပစ်အခတ်မရပ်စဲသေးဘဲ နအဖနဲ့ ဆက်လက်တိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်းများအပေါ်ထားရှိတဲ့ သဘောထားအမြင်ကို ပြောပြပေးပါ။**

ဒါကတော့ အထူးပြောစရာလိုမယ် မထင်ပါဘူး။ လက်ရှိအခြေအနေမှာ ကျနော်တို့နဲ့ ဘဝတူ ကံကြမ္မာတူတွေဖြစ်တဲ့အတွက် စစ်မှန်တဲ့ ဒီမိုကရေစီရေးနဲ့ စစ်မှန်တဲ့ပြည်ထောင်စုပေါ်ပေါက်ရေးတို့အတွက် ကြုံတွေ့လာတဲ့ ဘယ်လိုအခက်အခဲမျိုးကိုမဆို၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင်လက်တွဲပြီး နောက်ဆုံး အောင်ပွဲရတဲ့အထိ လုပ်ဆောင်သွားကြမယ့် အဖွဲ့အစည်းတွေဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်။

**မိုးကြိုး ▶ လက်ရှိကာလမှာ NLD-LA က ချမှတ်လုပ်ဆောင်နေတဲ့ အဓိကလုပ်ငန်းတာဝန်များရှိခဲ့ရင် သိပါရစေ။**

ကျနော်တို့အနေနဲ့ မိခင်အဖွဲ့ချုပ်ရဲ့ မဟာဗျူဟာလုပ်ငန်းစဉ်များဖြစ်တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်၊ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်ရေး လုပ်ငန်းစဉ်၊ နောက်ပြီးတော့ အများပြည်သူလူထုတရပ်လုံး လက်ခံနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ပေါ်ပေါက်ရေး လုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါတယ်။ လတ်တလော အဓိက လုပ်ငန်းစဉ်အနေနဲ့ကတော့ အခုပြောခဲ့တဲ့ မဟာဗျူဟာလုပ်ငန်းစဉ်များနဲ့ ဆန့်ကျင်ကွဲလွဲမှု မရှိစေဘဲ လက်ရှိဖြစ်ပေါ်နေတဲ့ ကျနော်တို့ ခေါင်းဆောင်များရဲ့ တွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်ကို အဓိက ပံ့ပိုးနိုင်ဖို့အတွက် ကျနော်တို့ အတူလက်တွဲတိုက်ပွဲဝင်နေကြတဲ့ ညီနောင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများ၊ နောက်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးကို စာနာနားလည်ကြတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက မိတ်ဆွေများနဲ့ပါ အတူတကွ လက်တွဲပြီး လုပ်ဆောင်နေပါတယ်လို့ ပြောချင်ပါတယ်။

**မိုးကြိုး▶ နိုင်ငံတကာပြည်သူများ၊ ပြည်တွင်းက ပြည်သူများကို NLD-LA ဥက္ကဋ္ဌအနေနဲ့ ဘာများ မှာကြားချင်ပါသလဲ။**

အထူးမှာကြားလိုတာကတော့ ဒီကနေ့ တိုက်ပွဲဟာ NLD နဲ့ နအဖတို့အကြား တိုက်ပွဲသာမဟုတ်ပါဘူး။ တပ်မတော်သားများ အပါအဝင် ပြည်သူလူထုတရပ်လုံးနဲ့ အာဏာလောဘကြီးလှတဲ့ စစ်ဗိုလ်ချုပ်ကြီးတစုရဲ့ တိုက်ပွဲဖြစ်လို့ ပြည်သူအားလုံး ပူးပေါင်းပါဝင်ကြဖို့နဲ့ ဖြစ်ပေါ်လာသမျှ အခြေအနေ အကောင်းအဆိုးတွေအတွက် နည်းလမ်းပေါင်းစုံနဲ့ ပြင်ဆင်ထားကြဖို့ အထူးပဲ မှာကြားလိုပါတယ်။ အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးတွေအတွက်လည်း ပြင်ဆင်ထားကြဖို့ပါပဲ။ ဒါမှသာ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပြီး ဒီမိုကရေစီအမြန်ဆုံးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုတရပ်လုံးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို ဝန်းရံကြဖို့နဲ့ NLD အနေနဲ့လည်း ပြည်သူလူထုကို ပြတ်သားရဲရင့်စွာ ဦးဆောင်သွားမယ်လို့ ယုံကြည်ပါတယ်။ ကျနော်တို့အနေနဲ့လည်း မဟာမိတ်အင်အားစုများနဲ့ စည်းလုံးညီညွတ်စွာ လက်တွဲပြီး မပြီးဆုံးသေးတဲ့ သမိုင်းပေးတာဝန်များကို အောင်ပွဲရတဲ့အထိ ဆက်လက် တိုက်ပွဲဝင်သွားမှာဖြစ်တဲ့အကြောင်း NLD-LA ကိုယ်စား သန္နိဋ္ဌာန်ပြုပါတယ်။ ■

*မျက်နှာဖုံးမှ –*




**မိမိကိုယ်ကို သံကြိုးဖြင့်ချည်၍**
**ထိုင်းကျောင်းသားများ ဆန္ဒပြခဲ့**

ထိုင်းပြည်သူတို့က မကျေမနပ်ဖြစ်ခဲ့ကြကြောင်းကိုလည်း ထိုင်းဘာသာနှင့်ထုတ်ဝေသည့် 'မတီရှု'သတင်းစာတွင် ရေးသားဖော်ပြထားသည်။ ထိုင်းပြည်သူများ၏အဆိုအရ ယနေ့ ထိုင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ဆဲ ဒီမိုကရေစီနိုင်ငံတနိုင်ငံဖြစ်ပြီး လူ့အခွင့်အရေးများ ချိုးဖောက်၍ ပြည်သူလူထုအပေါ် လူမဆန်စွာ ရက်ရက်စက်စက်ဖိနှိပ်နေသည့် စစ်အာဏာရှင်များအပေါ် ထိုင်းအစိုးရက ပျူပျူငှာငှာကြိုဆိုခဲ့ခြင်းကို ထိုင်းပြည်သူတရပ်လုံးက စက်ဆုပ်စွာရှုတ်ချကြောင်းဖြင့် ထိုင်းဝန်ကြီးချုပ်ထံသို့ စာတစောင်ပေးပို့ခဲ့ကြောင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

အဆိုပါသတင်းစာ၌ ဆက်လက်ဖော်ပြထားရာတွင် ထိုင်းဒီမိုကရက်တစ်ပါတီနှင့် ထိုင်းပြည်သူတို့က မြန်မာစစ်အုပ်စုအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်တန့်ပေးရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်တွင် အကျယ်ချုပ်ချထားခြင်းမှ ချက်ချင်းလွှတ်ပေးရန်တို့ကို တောင်းဆိုခဲ့ကြောင်းသိရသည်။

ထိုနေ့မှာပင် ထိုင်းကျောင်းသားများသမဂ္ဂမှနေ၍ အောက်ပါတောင်းဆိုချက် (၇) ချက်ကို ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းအစိုးရနှင့် မြန်မာစစ်အုပ်စုခေါင်းဆောင်တို့ တွေ့ဆုံမှုအပေါ် ထိုင်းကျောင်းသားများ၏ တောင်းဆိုချက်များမှာ –

၁။ ထိုင်း–မြန်မာ ပူးပေါင်းဆောင်ရွက်ရေးမပြုမီ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ အရပ်ရပ်ကို ပထမဦးစွာလေ့လာရန်။

၂။ နအဖစစ်အုပ်စုနှင့် ထိုင်းအစိုးရတို့ တွေ့ဆုံဆွေးနွေးမှုအားလုံးကို ထုတ်ပြန်ကြေညာပေးရန်။

၃။ တရားမဝင် ဝင်ရောက်လာသော မြန်မာအလုပ်သမားများအရေး ထည့်သွင်းစဉ်းစား ပြောဆိုရန်။

၄။ ထိုင်းနိုင်ငံအတွင်း နေရာအနှံ့အပြားသို့ရောက်ရှိသည့် မြန်မာဒုက္ခသည်များအား မိခင်နိုင်ငံသို့ပြန်မပို့မီ လေ့လာဆန်းစစ်မှုများ ပြုလုပ်ရန်။

၅။ ထိုင်း–မြန်မာ–UWSA သုံးပွင့်ဆိုင် မူးယစ်ဆေးဝါးဆွေးနွေးပွဲတွင် ထိုင်းမပါဝင်ရန်။

၆။ မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်ကောလိပ်များအားလုံး ပြန်လည်ဖွင့်လှစ်ပေးရန်။

၇။ နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်းသားများအားလုံး ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်တို့ ပါဝင်ကြောင်း သိရှိရသည်။ ■

*စာမျက်နှာ (၄)မှ –*

**၁၉၆၉ – ၁၉၇၁ ကိုကိုကျွန်း အကျဉ်းစခန်းမှာ**
**တိုက်ပွဲဝင်ရင်း ကျဆုံးသွားသူပေါင်း (၉) ဦး ရှိပါတယ်။**
**(၁) ဦးက အလံနီပါတီက၊**
**(၅) ဦးက ဗမာပြည်ကွန်မြူနစ်ပါတီက၊**
**(၃) ဦးက ကျောင်းသားသမဂ္ဂတွေက။**

တိုက်ပွဲတွေကို ဆင်ကြတာပါ။

အဲဒီနောက် ကျွန်းတိုက်ပွဲတွေ။ ဒီတိုက်ပွဲတွေအကြောင်းက သီးသန့် စာတစောင်ပေတဖွဲ့ ရေးသင့်တာပါ။ ဒီဆောင်းပါးမှာ အတိုလောက်ပဲ ရေးပါ့မယ်။ ကျွန်းပေါ်မှာက ရောက်ပြီးဘာမှမကြာဘူး တိုက်ပွဲတွေပေါ်တော့တာပါ။ ဒါပေမယ့် တိုက်ပွဲတိုင်းလိုလို အောင်မြင်တယ်။ ဒါဟာလဲ ကျွန်းအနေအထားရဲ့ ထူးခြားချက်တွေရှိနေလို့။ ဒါကို နေရာတကာ၊ အကျဉ်းစခန်းတကာမှာ ပုံတူကူးလုပ်လို့ ဖြစ်ချင်မှဖြစ်မှာ။ ကျွန်းအကျဉ်းစခန်းရဲ့ ထူးခြားချက်တွေဆိုတာက –

၁။ လူရွေးပြီးပို့လိုက်တာမို့ ကျွန်းပေါ်ရောက်နေသူအများစုဟာ နိုင်ငံရေးအရ ပြတ်သားကြပြီး ကျွန်းပေါ်တောင်ရောက်နေမှတော့ ဘာကိုမှ မကြောက်တော့လို့ စိတ်ပိုင်းဖြတ်ထားကြခြင်း။

၂။ သူ့ ကိုယ်ထူကိုယ်ထစနစ်ကြောင့် ဖြစ်လာတဲ့အကျိုးဆက်တွေ။ အကျဉ်းသားတွေကို အလုပ်လုပ်ခိုင်းရတာဆိုတော့ ခွဲခြားထားလို့မရတော့ဘူး။ ဘုံရိက္ခာသုံးစနစ် ထားရှိလေတော့ အားလုံးဟာ နေ့တိုင်း ဆုံမှတ်တခုမှာ ဆုံနေရတယ်။ သတင်းဖလှယ်ခွင့်၊ အမြင်ဖလှယ်ခွင့်ရနေတယ်။ တယောက်ကိုတယောက် အားပေးနိုင်နေတယ်။ ထောင်ကျတယ်ဆိုပေမယ့် နိုင်ငံရေးဘဝဟာ ရှင်သန်နေတယ်။ နောက်ပြီး အလုပ်ကြမ်းတွေပါလုပ်ခိုင်းတာမို့ အကျဉ်းသားတွေရဲ့ လက်ထဲမှာ လက်နက်ကိရိယာတွေ ရှိနေတယ်။

၃။ နိုင်ငံရေးအကျဉ်းသားအားလုံး တဦးကိုတဦး ဘဝတူလို့သဘောထားပြီး စည်းလုံးညီညွတ်မှုရှိခြင်း။ တိုက်ပွဲတွေပေါ်ရင် ကိုယ့်အဖွဲ့အစည်းက မပါဝင်တောင်မှ ထောက်ခံတဲ့အနေနဲ့ ထောင်ဝိုင်းအပြင်မထွက်ဘဲ နေပြခြင်း။

၄။ အဲဒီအခါက ဗမာပြည်မှာ ထောင်သက်အရှည်ဆုံးလို့ဆိုရမယ့် ပုဂ္ဂိုလ်တွေ၊ ကျွန်းကို အရင်တခေါက်က ရောက်ဖူးသူတွေ စသဖြင့် ထောင်တွင်းတိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူတွေပါ ရှိနေခြင်း။

ဒါကြောင့် တိုက်ပွဲတိုင်းကို သေသေချာချာ ပြင်ဆင်ပြီးမှ တိုက်ကြတယ်။ အားလုံးနဲ့ ညှိခွင့်ရကြတယ်။ အာဏာပိုင်တွေအနေနဲ့ ထောင်တွင်း ပုံမှန်နှိပ်ကွပ်နည်းဖြစ်တဲ့ တိုက်ပိတ်တာ မလုပ်နိုင်ဘူး။ တိုက်ပိတ်ရင် သူတို့က ချက်ကျွေးရမယ်။ ဒါဟာ ကိုယ်ထူကိုယ်ထမူနဲ့ မကိုက်ဘူး။ ရိုက်လို့မရဘူး။ အကျဉ်းသားတွေရဲ့လက်ထဲမှာ ဓားရှည်တွေကအစ လက်နက်တွေရှိနေတော့ ပြန်ချမှာသေချာတယ်။ အာဏာပိုင်တွေရဲ့မျက်စိထဲမှာ ဒီလူတွေဟာ သေမထူး နေမထူးတွေ။ မှတ်မိသေးတယ်။ တခါက အကျဉ်းသားထဲက နှစ်ယောက် ကျွန်းပေါ်မှာ တောလည်ကြရင်း နယ်ကျွံသွားလို့ဆိုပြီး ကျွန်းပေါ်မှာရှိတဲ့ ရေတပ်ကဖမ်းတယ်။ ပြီးတော့ ရုံးတင်စစ်ဆေးသတဲ့။ အဲဒီကျွန်းပေါ်မှာ ဘယ်တုန်းကများ တရားရုံးတွေ၊ တရားသူကြီးတွေရောက်နေတယ် မသိပါဘူး။ အစိုးရဝန်ထမ်းကလွဲပြီး အရပ်သားလုံးဝမရှိတဲ့ ဒီကျွန်းပေါ်က "တရားရုံး"ကနေ အဲဒီ ရဲဘော်နှစ်ယောက်ကို ထောင်ဒဏ်ချလိုက်တယ်။ ရီစရာလဲကောင်း၊ ဒေါသဖြစ်စရာလဲကောင်းတယ်။ ထောင့်အပြင် တန်းမရှိဘူးလို့တောင် ကြားဖူးပါတယ်။ အခုတော့ တကျွန်းအပြင် အချုပ်ဂတ်ရှိနေသေးတယ်။ မကြာပါဘူး၊ အကျဉ်းသားတွေက ပြန်လည်တောင်းဆို တိုက်ပွဲဝင်ကြတော့ သူတို့ကို ပြန်လွှတ်ပေးရပါတယ်။ အဲဒီ ရဲဘော်နှစ်ယောက်ဟာ (၅၃) ရက် အစာငတ်ခံတိုက်ပွဲမှာ ကျဆုံးသွားကြတယ်။

ဒီ(၅၃)ရက်ကြာ အစာငတ်ခံတိုက်ပွဲဝင်ကြတဲ့ နောက်ဆုံးတိုက်ပွဲဟာ သာမန်မဟုတ်ပါဘူး။ ဒီနေရာမှာ ကျွန်းက အစာငတ်ခံတိုက်ပွဲအကြောင်း နည်းနည်းပြောပြဖို့လိုပါတယ်။ အဲဒီမှာ အစာငတ်ခံတယ်ဆိုတာ ရေကလွဲပြီး ဘာကိုမှ ဗိုက်ထဲကိုဝင်စေတာမဟုတ်ဘူး။ တကယ်ကို အစာငတ်ခံတာ။ ဒုတိယ ကျဆုံးသွားတဲ့ ရဲဘော်အုန်းမော်ဆိုရင် အသေခံစိတ်ဓာတ်နဲ့ သူ့ဟာသူ တိတ်တဆိတ် ရေကိုပါ ဖြတ်လိုက်လို့ အစောကြီးကျသွားတာ။ တချို့နိုင်ငံတွေမှာ အစာငတ်ခံတယ်ဆိုတာက ထမင်းလို အဓိက အမာစာကိုသာ မစားတာ၊ ဂလူးကို့စ်သောက်တာတောင် ရှိတယ်။ ကျွန်းပေါ်မှာကတော့ နေ့တိုင်း ဆရာဝန်ကိုခေါ်ပြီး ကိုယ်အလေးချိန်နဲ့ သွေးအားကို စမ်းခိုင်းနေတာ။ တနည်းအားဖြင့် ဘာကိုမှမစားဘူးလို့ ဆရာဝန်နဲ့သက်သေထူနေတာ။ ဒီတိုက်ပွဲရဲ့ အဓိကဦးတည်ချက်ဟာ ကိုယ်ထူကိုယ်ထစနစ်ကို ရိုက်ချိုးဖို့ဖြစ်တယ်။ ဆိုလိုတာ ကိုကိုးကျွန်း အကျဉ်းစခန်းထူထောင်တာရဲ့ အဓိကအကျဆုံးမူကိုဖျက်သိမ်းခိုင်းတာ။ ကိုယ်ထူကိုယ်ထသာ မရှိရင် နိုင်ငံရေးသမားတွေကို အဲဒီမှာ၊ အဲဒီလို ထားတာ ဘာအဓိပ္ပါယ်မှမရှိဘူး။ အမှုထမ်းအတွက်ရော၊ အကျဉ်းသားအတွက်ပါ ရိက္ခာကအစ သယ်ပေးရတဲ့စရိတ်နဲ့တွက်လိုက်ရင် လုံးဝမကာမိဘူး။ နောက်ပြီး နိုင်ငံရေးအကျဉ်းသားတွေကို နောက်ထပ် ကျွန်းပေါ်ပို့ဖို့ အစီအစဉ်ကလဲ ရှိသေးတယ်။ ဟို .... လွှတ်နေတဲ့ စခန်းနှစ်ခုဟာ အလှဆောက်ထားတာမဟုတ်ဘူး။ အဲတော့ ဒီတိုက်ပွဲဟာ အမာ–အမာချင်းထုရမှာ၊ အပြတ်အသတ်တိုက်ပွဲဖြစ်လိမ့်မယ်ဆိုတာ အားလုံးကတွက်ထားပြီးသား။ အကျအဆုံးနဲ့ စွန့်လွှတ်မှုတွေကြီးလိမ့်မယ်ဆိုတာလဲ သဘောပေါက်နားလည်ပြီးသား။

၁၉၆၉–၁၉၇၁ ကိုကိုကျွန်း အကျဉ်းစခန်းမှာ တိုက်ပွဲဝင်ရင်းကျဆုံးသွားသူပေါင်း (၉)ဦးရှိပါတယ်။ (၁)ဦးက အလံနီပါတီက၊ (၅)ဦးက ဗမာပြည်ကွန်မြူနစ်ပါတီက၊ (၃)ဦးက ကျောင်းသားသမဂ္ဂတွေက။ ဒီတိုက်ပွဲမှာ သူတို့အပါအဝင် အစာငတ်ခံတိုက်ပွဲဝင်သူပေါင်း (၃၃)ယောက်ရဲ့ တိုက်ပွဲဝင်မှုနဲ့ တစခန်းလုံးရဲ့ အမျိုးမျိုးသော ထောက်ခံပါဝင်မှုတို့ကြောင့် ထောင်အာဏာပိုင်တွေဟာ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့ညနေမှာ ကိုယ်ထူကိုယ်ထ မလုပ်ခိုင်းတော့ပါဘူးလို့ လက်မှတ်ရေးထိုးပေးခဲ့ရတယ်။ အဲဒီနေ့ နောက်ဆုံးအချိန်အထိ အာဏာပိုင်တွေက ကပ်ပြီးဈေးဆစ်နေတုန်းမှာပဲ ရဲဘော်နှစ်ယောက်ကျဆုံးသွားခဲ့ရတယ်။ အမှန်က သူတို့ကို ရန်ကုန်ကနေ အကုန်ညွှန်ကြားနေတာ။ လက်မှတ်ရေးထိုးပြီးတဲ့နောက်၊ တနာရီမကြာဘူး၊ နောက်ဆုံးတယောက် ကျဆုံးရပြန်တယ်။ ဒီ နောက်ဆုံးတိုက်ပွဲမှာ ကျဆုံးခဲ့သူတွေကို –

"ကျဆုံးတဲ့အချိန်၊ အစီအစဉ်အတိုင်း"
ပြောရရင် –

**၁။ ရဲဘော်သိန်းကြည် (ဝန်ထမ်း၊ ရန်ကုန်)**
**၂။ ရဲဘော်အုန်းမော် (ဆက်သွယ်ရေးတပ်၊ မင်္ဂလာဒုံ)**
**၃။ ရဲဘော်ချစ်ဆွေ (ပြည်ခရိုင်၊ ဗကသ)**
**၄။ ရဲဘော်ထွန်းမြင့် (ဝန်ထမ်း၊ ရန်ကုန်)**
**၅။ ရဲဘော်စိန်ချင်း (အလုပ်သမား၊ ရန်ကုန်)**
**၆။ ရဲဘော်မောင်မောင်စိုး (ကျောင်းသား၊ ကျောက်ဆည်)**
**၇၊ ရဲဘော်လေးမောင် (မန္တလေးခရိုင်၊ ဗကသ၊ ကဗျာဆရာ၊ မြင်းခြံ)**
**၈။ ရဲဘော်ထွန်းဝင်း (လေတပ်မတော် မင်္ဂလာဒုံ) တို့ဖြစ်ပါတယ်။**

သူတို့ရှစ်ဦးအတွက် အကျဉ်းစခန်းထဲမှာပဲ ရှစ်မျက်နှာပါတဲ့၊ ရှစ်ပေရှစ်လက်မမြင့်တဲ့ ကျောက်တိုင်တတိုင်ထူထောင်ပြီး သူတို့ရဲ့ နာမည်တွေ၊ ဂုဏ်ပုဒ်တွေ၊ သူတို့ရဲ့ပြောစကား၊ မှာစကားတွေကို မော်ကွန်းထိုးထားပါတယ်။ အလောင်းများကိုတော့ စခန်းအပြင်ဘက်က အုန်းပင်ပျိုသုံးပင် ဖိုခနောင့်ဆိုင်တည်ရှိတဲ့ နေရာမှာ ခေါင်းများသွင်းပြီး ကောင်းကောင်းမွန်မွန် သဂြိုဟ်လိုက်ကြပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံရေးအကျဉ်းသားတွေ ဆန့်အိတ်မထမ်းရတော့ပါဘူး။ သူတို့လာပို့ပေးပါတယ်။ ထင်းကိုလဲ ဝါဒါတွေ ခုတ်ပေးပါတယ်။

ကိုယ်ထူကိုယ်ထစနစ် မကျင့်သုံးနိုင်မှတော့ ဒီအကျဉ်းစခန်းကို ထားရှိတာဟာ ဘာမှ အဓိပ္ပါယ်မရှိတော့ပါဘူး။ ဒါကြောင့် မိုးရာသီကုန်တယ်ဆိုတာနဲ့ အားလုံးကိုပြန်ပို့တော့တာပါပဲ။ သံဆူးကြိုးတပြောင်ပြောင်နဲ့ အကျဉ်းစခန်းသုံးခုထဲမှာတော့ ဝါဒါတွေ မွေးထားတဲ့ ဆိတ်တွေ တပဲပဲ အော်ကျန်ရစ်ကြပါတယ်။

ရဲဘော်လေးမောင် တက္ကသိုလ်ကျောင်းသားဘဝ အစပိုင်းမှာ (နုစဉ်ကလို့ ဆိုကြပါစို့) သူများတွေနှစ်သက်သဘောကျကြတဲ့ ကဗျာတိုလေးတပုဒ်က –

**"တိတ်ဆိတ်ငြိမ်သက်၊**
**မြေတကွက်ကို**
**အသက်ပေး၍ ဝယ်ရသည်" တဲ့။**

ဒါပေမဲ့ သူတို့(၈)ဦးရဲ့ မြေကွက်ကတော့ ဆိတ်ငြိမ်မနေခဲ့ပါဘူး။ ကျနော်တို့အားလုံး ဝန်းရံပြီး "အင်တာနေရှင်နယ်"သီချင်းကို အူလှိုက်သဲလှိုက် ဆိုခဲ့ကြပါတယ်။

စစ်အုပ်စုက နိုင်ငံရေးအကျဉ်းသားတွေကို တကျွန်းပို့တာဟာ ပထမတခါနဲ့ ဒုတိယတခါအကြား (၉)နှစ်လောက်ပဲရှိပါတယ်။ အနှစ်(၃၀) ရှိသွားပါပြီ။ သူတို့ မပို့ဝံ့တော့ပါဘူး။

ရေတွင်းတူးသွားသူများရဲ့ကျေးဇူးကို ကျနော်တို့မမေ့ပါ။ ■

# နအဖစစ်အုပ်စုက လူမျိုးရေးခွဲခြားမှုစနစ်ကို

## ကျင့်သုံးနေဆဲဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးစုများပြောဆို

မြန်မာနိုင်ငံမှ တိုင်းရင်းသူအမျိုးသမီးများက ယခုအပတ်အတွင်း တောင်အာဖရိကနိုင်ငံ ဒါဘန်(Durbam)မြို့တွင် ကျင်းပလျက်ရှိသော "လူမျိုးရေးခွဲခြားမှုစနစ်ကို ဆန့်ကျင်သည့်ညီလာခံ"တွင် နအဖစစ်အုပ်စုသည် မြန်မာနိုင်ငံအတွင်း လူမျိုးရေးခွဲခြားမှုစနစ်ကို ကျင့်သုံးနေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ နအဖစစ်အုပ်စုအား လူ့အခွင့်အရေးချိုးဖောက်နေမှုများကို ရပ်တန့်ရန်တောင်းဆိုခဲ့ကြပြီး အာရှဒေသရှိ အစိုးရများအနေဖြင့် နအဖစစ်အုပ်စုအပေါ် ၎င်းတို့၏ဆက်ဆံရေးကို ပြန်လည်သုံးသပ်ပါရန် တိုက်တွန်းခဲ့ကြသည်။

ကရင်အမျိုးသမီးတဦးဖြစ်သူ နော်ချိုင်းမေဟွာ (Naw Chai Mei Hua)က မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်အပျက်များနှင့် ပတ်သက်၍ လူမျိုးရေးခွဲခြားမှုစနစ် ဆန့်ကျင်သည့်ညီလာခံသို့ တက်ရောက်လာသော နိုင်ငံတကာကိုယ်စားလှယ်များကို တင်ပြခဲ့ပါသည်။

နအဖစစ်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs) တက်ရောက်သော WCAR (World Conference Against Racism)ညီလာခံတွင် မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်(WLB)မှ ကိုယ်စားလှယ် နော်ချိုင်းမေဟွာက မြန်မာနိုင်ငံအတွင်းရှိ ကြေကွဲဖွယ်ကောင်းသော တိုင်းရင်းသားလူမျိုးစုတို့၏ အဖြစ်အပျက်များကို တင်ပြဆွေးနွေးခဲ့ပါသည်။

နအဖစစ်အစိုးရသည် တိုင်းရင်းသားလူမျိုးစုတို့အား နည်းမျိုးစုံဖြင့် ခွဲခြားနှိမ့်ချဆက်ဆံခဲ့ပြီး အထူးသဖြင့် ထိုဖိနှိပ်ဆက်ဆံမှုများကို တိုင်းရင်းသူအမျိုးသမီးများက ပို၍ခံစားခဲ့ရသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

"တိုင်းရင်းသားလူမျိုးစုတွေရဲ့ မြေပေါ်မှာ တိုင်းရင်းသားတွေကို နအဖစစ်အာဏာရှင်တွေက ခွဲခြားနှိမ့်ချဆက်ဆံနေတာကြောင့် ဖြစ်ပေါ်ခဲ့တဲ့ စစ်ပွဲတွေဟာ တိုင်းရင်းသားလူမျိုးစုတွေကို ပိုပြီးနာကျင်ခံစားရစေပါတယ်။ နအဖစစ်သားတွေက တိုင်းရင်းသူအမျိုးသမီးတွေအပေါ် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုတွေ ကျူးလွန်ခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့အနေနဲ့ ပြစ်ဒဏ်ခံရခြင်းမရှိပါဘူး။ ဒါဟာ လူမျိုးရေးခွဲခြားနှိမ့်ချဆက်ဆံမှုတွေထဲက သိသာထင်ရှားဆုံးအချက်ဖြစ်ပါတယ်"ဟု နော်ချိုင်းမေဟွာက ဆိုပါသည်။

နော်ချိုင်းမေဟွာသည် Asia Pacific Forum on Women, Law and Development မှ ကိုယ်စားလှယ်တဦးအဖြစ် WCAR သို့ တရားဝင် တက်ရောက်ခဲ့သူတဦးဖြစ်ပြီး သူမနှင့်ဘဝတူ တိုင်းရင်းသူအမျိုးသမီးများသည် မြောက်များလှစွာသော ခွဲခြားနှိမ့်ချဆက်ဆံမှုများကို ခံစားခဲ့ရသည်ဟု ဆိုပါသည်။

နော်ချိုင်းမေဟွာက ကုလသမဂ္ဂအနေဖြင့် နအဖစစ်အစိုးရအား "မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ အပစ်အခတ်ရပ်စဲရေးကို စေ့စပ်ညှိနှိုင်းရန်နှင့် အားလုံးသော နိုင်ငံရေးသဘောထားကွဲလွဲသူများ၊ အဖွဲ့အစည်းများနှင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်" တိုက်တွန်းပေးစေလိုကြောင်း တင်ပြခဲ့ပါသည်။

တပြိုင်နက်တည်းမှာပင် NGOs အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များက နအဖစစ်အာဏာရှင်တို့အား ဆန့်ကျင်သည့်အနေဖြင့် အစည်းအဝေးခန်းမကြီး၏အပြင်ဘက်တွင် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့သည် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံများနှင့် "မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးရပ်တန့်ပါ"၊ "မြန်မာနိုင်ငံလွတ်လပ်ပါစေ"၊ "မြန်မာနိုင်ငံတွင် စစ်တပ်သည် လူမျိုးရေးခွဲခြားဖိနှိပ်ခြင်း၊ ယောကျ်ား၊ မိန်းမ ခွဲခြားဆက်ဆံခြင်းများ ပြုကျင့်သည်"ဟူသော စာတမ်းများကို ကိုင်ဆောင်လျက် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။ တချို့က ပါးစပ်တွင် အဖြူရောင်စက္ကူများ ကပ်ထား၍ "မြန်မာနိုင်ငံတွင် လွတ်လပ်မှုမရှိ" ဟူသော သင်္ကေတကို ဖော်ပြခဲ့ကြသည်။

ထိုညီလာခံသို့တက်ရောက်လာသည့် နအဖကိုယ်စားလှယ်အဖွဲ့သည် တစုံတရာ ထုတ်ဖော်ပြောကြားသွားခြင်းမရှိဘဲ ရှေ့ငုံနှုတ်ပိတ်နေခဲ့ကြကြောင်း "သည်နေးရှင်း" သတင်းစာတွင် ဖော်ပြပါရှိသည်။ ■



လူမျိုးရေးခွဲခြားမှုစနစ်ကိုဆန့်ကျင်သည့်ညီလာခံမှ ဆန္ဒပြနေသူတဦး

# ပြောပြပါရစေ

## ဒီကွက်လပ်လေး ဖြည့်ပေးပါ

သို့/
အယ်ဒီတာ
မိုးကြိုးသတင်းစဉ်

ကိုယ့်နိုင်ငံမှာ မင်းဆိုးမင်းညစ်တွေက နှိပ်စက်လို့ ပြည်သူတွေအားလုံး ဆင်းရဲတွင်းထဲ ဇောက်ထိုးကျပြီး တနေ့လုပ်စာ တနေ့စားလို့ မဝတာကြောင့် ထိုင်းနိုင်ငံကို ၁၉၉၉ ခုနှစ်မှာ ရောက်ခဲ့ပါတယ်။ အသိမိတ်ဆွေလည်း မရှိတာကြောင့် မဲဆောက်၊ မယ်ပ၊ မယ်ကုန့် မယ်ကျလောင်း ဆိုတဲ့အရပ်တွေမှာ ကြုံရာကျပန်း အလုပ်တွေကို အချိန်အခါမရွေး လုပ်ကိုင်ခဲ့ပေမယ့် ဒီနေ့ဒီအချိန်အထိ မြန်မာပြည်တွင်းမှာ ကျန်ရစ်ခဲ့တဲ့ ဇနီးနဲ့သားသမီးနှစ်ယောက်ကို တပြားတချပ်မှ ပြန်မပို့နိုင်တဲ့အပြင် ကျနော်ကိုယ်တိုင်လည်း တောင်ပြေးမြောက်ပြေးနဲ့ နေရာအတည်တကျ မရှိခဲ့ပါဘူး။ တချို့ကတော့ နှစ်လတကြိမ်၊ သုံးလတကြိမ်ဆိုသလို မိသားစုဆီ ငွေပြန်ပို့နိုင်ကြတယ်လို့ သိရပါတယ်။ အဲဒီသူတွေကို လေ့လာကြည့်တဲ့အခါ အမျိုးသမီးတွေချည်း လိုလိုပါပဲ။ အမျိုးသားတွေလည်း ပို့နိုင်ကြပေမယ့် အများဆုံး (၁၀%)ပါ။ ပို့နိုင်သူ အမျိုးသမီးတွေဟာ စက်ရုံအလုပ်ရုံကဖြစ်ပြီး အချို့လည်း အိမ်ဖော်နဲ့ စားသောက်ဆိုင်က အမျိုးသမီးတွေ ဖြစ်ကြပါတယ်။

ကျနော်တို့ အမျိုးသားတွေကို စက်ရုံအလုပ်ရုံတွေကခေါ်ယူခိုင်းစေတာနည်းပါတယ်။ လူငယ်လူရွယ်တွေနဲ့ အိမ်ထောင်သည်တွေကိုသာ အခေါ်များတာကြောင့် ကျနော့်မှာ ပန်းရံ၊ သစ်ထမ်း၊ ပြောင်းချိုး၊ ဂေါ်ဖီထမ်းစတဲ့ အလုပ်ကြမ်းတွေကိုသာ နေ့စဉ် ရှာဖွေလုပ်ကိုင်ခဲ့ပေမယ့် အလုပ်ကပင်ပန်းလွန်းလို့ နေ့စဉ် မလုပ်နိုင်သလို၊ အလုပ်ကလည်း နေ့စဉ်မရပါဘူး။ ရပြန်တော့လည်း အလုပ်ရှင်က ငွေမပေးတာတို့ ပုလိပ်ဖမ်းခံရလို့ ရှိစုမဲ့စုငွေကို အကုန်သိမ်းသွားတာမျိုးတွေနဲ့ကြုံရသလို တောမောလိုက်ဖမ်းလို့ တောထဲမှာ ငတ်တတ်ပြတ်ပြတ်နေခဲ့ရတဲ့ရက်တွေလည်း မနည်းပါဘူး။ ဒီလိုဒုက္ခပေါင်းစုံ ရင်ဆိုင်ကြုံတွေ့နေရတာကြောင့် ထိုင်းနိုင်ငံမှာ မနေလိုတော့ဘဲ ကိုယ့်နိုင်ငံပြန်မယ်လို့ စိတ်ကူးမိပြန်တော့လည်း လက်ထဲ တပြားတချပ်မှ မပါဘဲ အိမ်ပြန်ရင် မိသားစုက အားကိုးတကြီး ကိုနေကြမှာတွေးပြီး မပြန်နိုင်တာရယ်၊ ပတ်ဝန်းကျင်က ကိုယ့်အပေါ် အထင်သေးအမြင်သေးနဲ့ ဆက်ဆံပြောဆိုကြမှာတွေကို တွေးပူပြီး အလုပ်ပုံမှန်မရှိခဲ့တာကြောင့် အချိန်ကုန်လူပန်းဘဝနဲ့ ထိုင်းနိုင်ငံမှာ ဒီနေ့အထိ ကျီးလန့်စာစား ရပ်တည်နေရပါတယ်။ အဆိုးဆုံးကတော့ ကိုယ့်နိုင်ငံသားအချင်းချင်း၊ တရားမဝင်အလုပ်သမားအချင်းချင်း နှိပ်စက်ညှဉ်းပန်း အနိုင်ကျင့်ဗိုလ်ကျတာပါပဲ။ စက်ရုံအလုပ်ရုံတွေမှာ ထိုင်းစကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်သူတွေဟာ 'ဝဏ္ဏ'လို့ခေါ်တဲ့ အလုပ်သမားခေါင်းလို နေရာတွေကိုရကြပါတယ်။ အလုပ်သမားတွေကို အုပ်ချုပ်ရပြီဆိုတာနဲ့ အလုပ်ရှင်တွေကိုဖားပြီး ကိုယ့်နိုင်ငံသားတွေဖြစ်တဲ့ မြန်မာအလုပ်သမားတွေကိုတော့ ငွေဝယ်ကျွန်တွေလို နေ့မအားညမအားခိုင်းစေပြီး သူတို့မျက်နှာရဖို့ အကျိုးအမြတ်တခုထဲကိုကြည့်ပြီး ဆဲဆိုကြိမ်းမောင်းတာမျိုး၊ အလုပ်ကထုတ်ပစ်တာမျိုးတွေ လုပ်နေတာကိုသိရတော့ 'ဝဏ္ဏ'ဆိုတဲ့ မြန်မာပြည်သားတွေဟာ ထိုင်းနိုင်ငံမှာပဲ တသက်လုံး နေသွားကြတော့မှာလား၊ မြန်မာပြည်ကို မပြန်ကြတော့ဘူးလား၊ တကယ်လို့ မြန်မာပြည်မှာ ပြန်ဆုံကြရင် တဦးနဲ့တဦး ဘယ်လိုများဆက်ဆံကြမလဲဆိုတာကိုတွေးပြီး ရင်မောမိရပါတယ်။

ကျနော်တို့လို အလုပ်ကြမ်းနဲ့ ငွေရှာသူတွေမှာလည်း ထိုနည်းတူပါပဲ။ စက်ရုံက အလုပ်သမားတွေအနေနဲ့ နေဖို့စားဖို့မပူပင်ရပေမယ့် အလုပ်ကြမ်းသမားတွေအနေနဲ့ နေစရာ၊ စားစရာအတွက်ပူရပါတယ်။ အိမ်လခဆိုရင်လည်း တယောက်ထဲမတတ်နိုင်လို့ စုပြီးငှားနေရပါတယ်။ အနည်းဆုံး မိသားစု နှစ်စု၊ သုံးစုပါပဲ။ ဒီမှာတင် အိမ်လခအချိုးကျ၊ မီးလခ၊ ရေလခ၊ သန့်ရှင်းရေးအမှိုက်ခ စတာတွေဟာ ငွေကြေးနဲ့ပတ်သက်ပြီး (၅-၁၀)ဘတ်ကအစ ပြဿနာဖြစ်ပါတော့တယ်။ စားပြန်တော့လည်း တအိမ်ထဲ အတူနေကြသူတွေဆိုတော့ သူ ဘာချက်စားတယ်၊ ငါက ဘာချက်မယ်နဲ့ ပြိုင်ဆိုင်မှုတွေ၊ အလုပ်ကျတော့ တဦးရှာလို့ရထားတဲ့အလုပ်ကို တဦးမသိအောင် တိတ်တိတ်ခိုးလုပ်တာမျိုးကစပြီး အလုပ်ပင်ပန်းတာကို အကြောင်းပြကာ မြင်းဆေးရှူတာတို့၊ အရက်သောက်တာတို့ ဖြစ်လာရင်း တဦးနဲ့တဦး ပြဿနာရှာ ရန်ဖြစ်ကြတော့တာပါပဲ။ ဒီလို ရန်ဖြစ်ပြီဆိုတော့ ထိုင်းစကားတတ်သူက အရေးပါသူဖြစ်လာပါတယ်။ သူ့ဘက်က ဘယ်လောက်မှားနေမှားနေ ထိုင်းသူကြီးကို ဦးအောင်တိုင်ပြီး မှန်မှန်ကန်ကန် ရပ်တည်စီးပွားရှာနေတဲ့ မိသားစုကို ရန်ရှာတော့တာပါပဲ။ ရန်ရှာခံရတဲ့ မိသားစုဟာ ဘယ်သူ့ကို အားကိုးရမလဲ။ တဖက်သတ်နိုင့်ထက်စီးနင်းဆက်ဆံမှုတွေကို အတတ်နိုင်ဆုံး လိုက်လျောရပါတယ်။ ထိုးကြိတ်ရိုက်နှက်တာကိုတောင် ငြိမ်ခံနေရပြီး၊ ငါမရှိရင် ငါ့သားမယား သူတပါးနိုင်ငံမှာ ဒုက္ခရောက်ချေရဲ့ဆိုတဲ့ အသိနဲ့ သည်းခံနေတာကို တဖက်လူက ကြောက်တယ်ထင်ပြီး ပိုလို့ဆိုးလာတတ်ပါတယ်။ အားကိုးစရာ အဖွဲ့အစည်းလည်းမရှိ၊ ဆွေမျိုးသားချင်းလည်းမရှိရှာတဲ့ ရိုးသားလှတဲ့ မိသားစုခမြာ တဦးကိုတဦး အားပေးနှစ်သိမ့်ရင်း ရွှေ့ပြောင်းပြေးရုံကလွဲလို့ အခြားဘာမှ မရှိတော့ပါဘူး။ ပြောင်းရွှေ့မယ်ဆိုပြန်ရင်လည်း လောလောဆယ် အိမ်လခ၊ နောက် အလုပ်အကိုင်၊ နေရာဒေသ။ ကိုယ့်နိုင်ငံမှာ ဒုက္ခမျိုးစုံ မခံစားနိုင်တော့လို့ သူတပါးနိုင်ငံကိုရောက်။ ဒီရောက်ပြန်တော့လည်း ထိုင်းတွေက နည်းမျိုးစုံနဲ့အနိုင်ကျင့်၊ ဒီကြားထဲ ဘဝတူအချင်းချင်း ဗိုလ်ကျ မိုက်ကြေးခွဲ။ ဒီတော့ ဒီအဖြစ်သနစ်တွေ လျော့ပါးပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား စီးပွားရှာနေကြတဲ့ မြန်မာပြည်သားတွေအတွက် ခိုင်မာတဲ့အဖွဲ့အစည်းတခုတော့ ရှိသင့်တယ်လို့ တောင့်တမိပါတယ်။

.... ရှိပါတယ်၊ ခင်ဗျားတို့မသိလို့ပါဆိုရင် ကျနော်တို့ ဆက်သွယ်နိုင်အောင် မိုးကြိုးသတင်းစဉ်ကတဆင့် ကျေးဇူးပြုပြီး ဖော်ပြပေးပါခင်ဗျား။ ကျေးဇူးတင်ပါတယ် ....။ ■

**မောင်လုပ်သား**
**ကံပေါက်ကျေးရွာ၊ ထီးချိုင့်မြို့နယ်။**

# ထောင်စုနှစ်ရဲ့ စိန်ခေါ်မှုလား

**အောင်နိုင်ဦး**

**"၂၁ ရာစုတွင် 'အစွန်းရောက်ဝါဒ'က လူသားတန်ဖိုးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို စိန်ခေါ်ရုံမျှမက၊ ခြိမ်းခြောက်၍ပင်လာနေသည်။ ဤ အစွန်းရောက်ဝါဒသည် ကမ္ဘာကြီး၏ လုံခြုံမှု၊ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုအားလုံး၏ ရန်သူဖြစ်နေသည်"**

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ၏ ကြေကွဲဝမ်းနည်းဘွယ်ရာနေ့ရက်များတွင် လူအတော်များများက အမေရိကန်တို့ ဘယ်လို တုန့်ပြန်မည်လဲဆိုသည်ကို စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။ သို့သော် ထို့ထက် ကြောက်မက်ဖွယ်ကောင်းသည့် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်တိုက်ခိုက်မှုမျိုး မည်သည့်နေရာဌာနများတွင် ထပ်မံဖြစ်ပေါ်လာလေမည်လဲဆိုသည်ကို ကျနော်က ပို၍ စိတ်ဝင်စားနေမိသည်။

ကမ္ဘာ့သမိုင်းတွင်ရှိခဲ့သည့် အကြမ်းဖက်မှုများထဲတွင် ဤ အကြမ်းဖက်မှုလောက် ကြီးမားသည့် အကြမ်းဖက်ရက်စက်မှုမျိုးမရှိ။ ကမ္ဘာ့အကြီးမားဆုံး အကြမ်းဖက်မှုဟုပင် ဆိုရပေမည်။ ဤသည်ကို တတိယကမ္ဘာစစ်၏ အချက်ပေး ခေါင်းလောင်းသံဟုပင် ဆိုရမည်လောမပြောတတ်။

ကမ္ဘာကျော် စစ်ပွဲကြီးများ၌ပင်လျှင် ထိုမျှလောက်သော အချိန်တိုတိုအတွင်း ဤမျှလောက်သော လူအရေအတွက်မျိုးဖြင့် သေဆုံးခဲ့ခြင်းမရှိ။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်း ဟီရိုရှီးမားမြို့ပေါ် အနုမြူဗုံးကျစဉ်က ထို့ထက်မကသေဆုံးခဲ့နိုင်သည်။ သို့သော် ယခုအဖြစ်အပျက်သည် စစ်ပွဲမဟုတ်၊ အကြွင်းမဲ့ရက်စက်သည့် အကြမ်းဖက်မှုကြီး ဖြစ်နေသည်။

ဤဖြစ်ရပ်သည် အမေရိကန်အစိုးရ၏ ပေါ်လစီနှင့် အကျိုးစီးပွားတခုတည်းကို ထိုးနှက်တိုက်ခိုက်ခြင်းဟု ယူဆ၍မရနိုင်တော့။ ကမ္ဘာကြီး၏ လုံခြုံမှု ငြိမ်းချမ်းမှုနှင့် ကမ္ဘာလုံးဆိုင်ရာအကျိုးစီးပွားကို ထိုးနှက်တိုက်ခိုက်ခြင်းမျိုး ဖြစ်နေသည်။ ကြောက်မက်ဖွယ်ရည်မှန်းချက်ကို မယုံကြည်နိုင်ဖွယ်ရူးသွပ်မှုနှင့် ရည်ရွက်ချက်ရှိရှိ လုပ်ဆောင်ခြင်းမျိုး ဖြစ်နေသည်။

ဤအကြမ်းဖက်ရက်စက်မှုသည် အများထင်မြင်ယူဆသလို အစွန်းရောက်ဝါဒီများ၏ လက်ချက်သာဖြစ်ပါက အလွန်စိုးရိမ်ဖွယ်ရာပင်။ "ကရူးဆိတ်"နှင့်"ဂျီဟတ်"ကဲ့သို့သော ကမ္ဘာကျော် ဘာသာရေးစစ်ပွဲများအကြောင်းကို သမိုင်းသင်ခန်းစာများတွင် ကျနော်တို့ သင်ကြားခဲ့ကြပြီ။ ၂၀ ရာစုတွင် လူမျိုးရေးအစွန်းရောက်ဝါဒဖြင့် ဟစ်တလာက ကမ္ဘာကြီးကို မီးလောင်တိုက်သွင်းခဲ့သည်။ ယခု ၂၁ ရာစုတွင် ဘာသာရေးအယူသီးမှုဖြင့် အစွန်းရောက်ဝါဒီများက ကမ္ဘာကြီးကိုမီးလောင်တိုက်သွင်းရန် အစပျိုးခြင်းပေလော။

မကြာသေးမီက အာဖဂန်နစ္စတန်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကြီးတဆူကို ဒိုင်းနမိုက်များဖြင့် ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြသည်။ ယေဘုယျကြည့်လျှင် ဤလုပ်ရပ်သည် သမိုင်းတန်ဖိုးနှင့် ယဉ်ကျေးမှုတန်ဖိုးကို လက်လွတ်စပယ် ဖျက်ဆီးပစ်ခြင်းဟု ယူဆဖွယ်ရာပင်။ သို့သော် ဘာသာရေးရှုထောင့်မှ ကြည့်လျှင် ဘာသာတခုက အခြားဘာသာတခုကို လက်စတုံး ချေမှုန်းပစ်ခြင်းမျိုး ဖြစ်နေသည်။

အကယ်၍ ထိုလုပ်ရပ်သည် ယခုအကြမ်းဖက်မှုနှင့် တစုံတရာ ဆက်စပ်မှုရှိမည်ဆိုပါက (သို့တည်းမဟုတ်) ယင်းလုပ်ရပ်သည် ယခုအကြမ်းဖက်မှု၏ ရှေ့တော်ပြေးလုပ်ရပ်ဟု ယူဆနိုင်ဖွယ်ရှိမည်ဆိုပါက အစွန်းရောက်ဝါဒီများ၏ အန္တိမရည်မှန်းချက်ကို ကျနော်တို့ ပုံဖော်နိုင်ပေလိမ့်မည်။

မျက်မှောက်ကမ္ဘာ့အခြေအနေသည် နိုင်ငံတနိုင်ငံကဖြစ်စေ၊ ပုဂ္ဂိုလ်တဦးတယောက်ကဖြစ်စေ ယေဘုယျ အကျိုးစီးပွားပြဿနာလောက်မျှနှင့် ကမ္ဘာလုံးဆိုင်ရာစစ်ပွဲကြီးတခု ဖြစ်ရန် ဖန်တီးဘို့မလွယ်လှ။ နိုင်ငံချင်း ထိန်းညှိမှုမျိုးဖြင့် သံတမန်နည်းလမ်းများအရ ဖြေရှင်းရန် အစိုးရတိုင်းက ဆန္ဒရှိကြသည်။ လူ့ဂုဏ်သိက္ခာနှင့် ငြိမ်းချမ်းရေးကို တန်ဖိုးတရပ်အဖြစ် လက်ခံထားကြသော ယဉ်ကျေးသည့်လူ့အဖွဲ့အစည်းတွင် မည်သည့်အစိုးရ၊ မည်သည့်ပုဂ္ဂိုလ်မျှ ထင်ရာစိုင်း၍မရ။

သို့သော် လူမျိုးရေးအားဖြင့်ဖြစ်စေ၊ ဘာသာရေးအားဖြင့်ဖြစ်စေ ဖန်တီးမည်ဆိုပါက မဖြစ်နိုင်ဟု ပြောရခက်နေသည်။ ဤအချက်သည် ကမ္ဘာကြီး၏ လုံခြုံမှု တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့ အရှည်တည်တံ့နိုင်ရေးကိစ္စတွင် အဓိကပျော့ကွက်တခု ဖြစ်နေသည်။ ဤ ပျော့ကွက်သည်ပင် ကမ္ဘာကြီး၏ အညှာလည်း ဖြစ်နေသည်။ ဤသည်ပင် အစွန်းရောက်ဝါဒီများအတွက် အခွင့်အလမ်းတရပ်လည်း ဖြစ်နေသည်။

၂၀ ရာစု၏ နောက်ဆုံးရက်များ၌ လာမည့်ရာစုသစ်တွင် မည်သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရနိုင်သနည်း ဆိုသည်ကို မေးခွန်းထုတ်ခဲ့ကြသည်။ ထို့အတွက် လူတိုင်းလူတိုင်း၊ နိုင်ငံတိုင်းနိုင်ငံတိုင်းက ပြင်ဆင်ခဲ့ကြသည်။ သို့သော် အစွန်းရောက်ဝါဒ စိန်ခေါ်မှုနှင့် ပတ်သက်၍ မည်သူမျှ အလေးအနက်ပြင်ဆင်မထားခဲ့ကြ။ အကယ်၍ ပြင်ဆင်ထားခဲ့သည် ဆိုလျှင်လည်း အလုံအလောက်မရှိခြင်းကို ယခုအဖြစ်အပျက်က အကောင်းဆုံး သက်သေထူပြနေသည်။

ထို့ကြောင့်ပင်ထင်၏။ ထောင်စုနှစ်၏ အစောဆုံးကာလတွင် အစွန်းရောက်ဝါဒနှင့် တယူသန်အယူသီးမှုသည် ကျနော်တို့၏ လူသားအဖြစ်ရှင်သန်ခွင့်ကို အကြီးအကျယ် စိန်ခေါ်ခြိမ်းခြောက်နေသည်။ အစွန်းရောက်ဝါဒီတို့က ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖျက်ဆီးပစ်ခြင်းဖြင့် ဘာသာရေးအရ ထိပါးခဲ့ကြသည်။ ယခုအခါ အမေရိကန်၏ အကျိုးစီးပွားကို ထိပါးရုံမက ကမ္ဘာ့အကျိုးစီးပွားကိုပါ ထိပါးလိုက်ပြန်သည်။ အကျိုးစီးပွားကိုထိလျှင် ပြဿနာရှိသည်။ လူမျိုးကိုထိလျှင် ပို၍ပြဿနာရှိသည်။ ဘာသာကိုထိလျှင် လုံးလုံးပြဿနာရှိသည်။ ယင်း(၃)ခုစလုံးကိုထိလျှင် ပေါက်ကွဲပေမည်။ သေချာသည်မှာ အားလုံးသောပေါက်ကွဲမှုတိုင်းတွင် စစ်သည်အကြီးမားဆုံးနှင့် အပြင်းထန်ဆုံးသော ပေါက်ကွဲမှုဖြစ်နေခြင်းပင်။

WTC ကဲ့သို့သော ကမ္ဘာ့စီးပွားရေး၏ နှလုံးသည်းပွတ်ကို ထိုးခွဲလိုက်သဖြင့် စီးပွားပျက်ကပ်ကြီးတခုကို ကြုံတွေ့ကြရတော့မည်။ အထူးသဖြင့် အာရှနှင့် အာဖရိကနိုင်ငံများသည် ယင်း၏ ရိုက်ခတ်မှုကို အလူးအလဲ ခံရနိုင်သည်။

ကျနော်တို့ကမ္ဘာ၏ နှလုံးသည်းပွတ်သည် မည်သည့်အရာများ ဖြစ်နိုင်ပါသနည်း။ တိတိကျကျ ပြောဖို့ခက်ပေမည်။ သို့သော် နယ်ပယ်အလိုက်ခွဲ၍ ယေဘုယျတော့ ပြောနိုင်မည်ထင်သည်။ ဥပမာ - စီးပွားရေးတွင် WTC နှင့် World Streets၊ နိုင်ငံရေးတွင် UN၊ စစ်ရေးတွင် Pentagon၊ သိပ္ပံနှင့်နည်းပညာတွင် NASA၊ ငွေကြေးတွင် World Bank၊ ဘာသာရေးတွင် ခရစ်ယာန်ဘာသာဝင်များအဖို့ ဗာတီကန်၊ အစ္စလာမ်ဘာသာဝင်များအဖို့ မက္ကာ၊ ဗုဒ္ဓဘာသာဝင်များအဖို့ ဗုဒ္ဓဂါယာ၊ Authodox ဘာသာဝင်များအဖို့ ဂျေရုဆလာမ် စသည်တို့သည် ကမ္ဘာကြီး၏ နှလုံးသည်းပွတ်များ ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။

တသီးပုဂ္ဂလ စိတ်ရူးပေါက်ခြင်းမျိုး မဟုတ်ဘဲ အစုအဖွဲ့နှင့် စနစ်တကျလှုပ်ရှားလာနေသည့် အစွန်းရောက် အကြမ်းဖက်မှုများ ခေါင်းထောင်ထလာသော ဒီနေ့လို အခြေအနေမျိုးတွင် ကျနော်တို့၏ အသက်ရှင်နေထိုင်မှုအတွက် စိုးရိမ်သောကရောက်နေကြရပြီ။ လုံခြုံမှုကို အငမ်းမရရှာဖွေနေကြရပြီ။ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုသည် ကျနော်တို့နှင့် တဖြည်းဖြည်း ခွဲခွာစပြုနေသည်ကို အလိုမတူသော်ငြား လက်ခံနေကြရသည်။

မနက်ဖြန် ဘာဖြစ်မလဲ ....။

ဘယ်သူမှ အဖြေမပေးနိုင်သည့် မေးခွန်းတခုကို မေးမိကြသည်။ တခုခုဖြစ်လိမ့်မည်ဟုတော့ ခန့်မှန်းမိကြသည်။ သို့သော် ယင်းတခုခုသည် ကမ္ဘာကြီး၏ လုံခြုံမှုနှင့် ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းလာနိုင်ပါစေဟု မျှော်လင့်ထားကြရန်သာ ရှိတော့သည်။

၂၀ ရာစု၏ သန်းခေါင်ယံအိပ်မက်ဆိုးကြီးများမှ လန့်နိုး လွန်မြောက်ခဲ့ကြရသော်ငြား ကမ္ဘာကြီးသည် ၂၁ ရာစု၏ ရင်ခွင်နွေးနွေးတွင် ကြောင့်ကြမဲ့အိပ်စက်ခွင့်မျိုး ရချင်ရှာပေလိမ့်မည်။ သို့သော် ....။ ■

# ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် နအဖ တိုက်ပွဲသတင်းများ



### တပ်မဟာ(၇) နယ်မြေ တိုက်ပွဲသတင်း

၈၊၉၊၂၀၀၁ ရက်နေ့(၀၁၁၄၀၀) နာရီချိန်တွင် ကေအဲန်ယူ တပ်မဟာ(၇) လုံခြုံရေးတပ်ခွဲမှ DKBAဌာနချုပ်ဖြစ်သည့် (ခေါတော်)ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ခေါတော်စခန်း ၄ပုံ ၁ပုံခန့်မီးလောင်သွားကြောင်း၊ ရုံး(၃)ရုံးကိုလည်းဖျက်ဆီးနိုင်ခဲ့သည်။ တပ်မဟာ(၇) လုံခြုံရေးတပ်မှရန်သူ DKBA တပ်သားတဦး အရှင်ဖမ်းဆီးမိခဲ့သည်။ တပ်မဟာ(၇)လုံခြုံရေးတပ်မှ အမ်(၁၆)တလက်၊ ကျည်(၁၃၀)တောင့်၊ ကျည်ကပ်(၃)ချပ်၊လက်ပစ်ဗုံးတလုံး ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။ ၎င်းနေ့တွင်ပင် ကေအဲန် အယ်လ်အေတပ်မဟာ(၇) လုံခြုံရေးတပ်မှ ရန်သူ နအဖတပ်ရင်းခမရ(၁၀)ကို တယီဖိုးကွီးရွာထဲတွင် အလစ်ဝင်ရောက်တိုက်ခိုက်ရာ ရန်သူတဦးကျဆုံး၍ မိမိဘက်မှ ထိခိုက်မှုမရှိ။

၁၁၊၉၊၂၀၀၁ ရက်နေ့ တပ်မဟာ(၇) နယ်မြေ ကေအဲန်အယ်လ်အေ တပ်ရင်း (၂၁) နှင့် ခမရ(၁၀)တို့ တနာရီခွဲကြာတိုက်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းတိုက်ပွဲတွင် ခမရ (၁၀)မှ (၄)ဦး သေဆုံး၍ ရွာသားတဦးဒဏ်ရာရရှိကြောင်း သတင်းရရှိပါသည်။

၁၁၊၉၊၂၀၀၁ ရက်နေ့ ညနေ ၃နာရီ ၂၀မိနစ်တွင် ခမရ(၁၀)နှင့် ကေအဲန်အယ်လ်အေ တပ်ရင်း(၂၁) ထီးမိုးခီးရွာအနီး၌ နာရီဝက်ကြာတိုက်ပွဲဖြစ်ပွားရာ ၎င်းတိုက်ပွဲတွင်ရန်သူတဦး သေဆုံး၍ (၂)ဦးဒဏ်ရာရရှိသွားသည်။

၁၁၊၉၊၂၀၀၁ ရက်နေ့ (၁၇း၀၀)ချိန်တွင် ခလရ(၃၅)နှင့် ဒီကေဘီအေတို့ပူးပေါင်းပြီး ထီးကော်ထောသို့ တိုက်ကင်းထွက်စဉ် တပ်မဟာ(ရ)နယ်မြေ ကေအဲန်အယ်လ်အေ ရင်း(၁၀၁)နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းတိုက်ပွဲတွင် ရန်သူခလရ(၃၅)မှ (၅)ဦး ကျဆုံးပြီး (၇)ဦးဒဏ်ရာရရှိကြောင်းသတင်းရရှိပါသည်။

၁၃၊၉၊၂၀၀၁ ရက်နေ့ (၈း၃၀)နာရီတွင် တပ်မဟာ(၇)ရင်း(၁၉)၊KNDOရင်း(၅)တို့သည် တာကရယ်ပြတ ကျေးရွာအုပ်စု ကြလူးစီးရွာနား၌ ဒီကေဘီအေ(၉၉၉) နှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာ (၁၂း၄၅)နာရီတွင် တိုက်ပွဲပြီးဆုံးသွားပြီး ၎င်းတိုက်ပွဲတွင် ရန်သူ(၄)ဦး ကျဆုံး၍(၂)ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

### တပ်မဟာ(၆)နယ်မြေ တိုက်ပွဲသတင်း

၁၁၊၉၊၂၀၀၁ ရက်နေ့တွင် တပ်မဟာ(၆) ရင်း(၁၆)နှင့် ရန်သူနအဖတပ် ခလရ(၈၃၂)တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၎င်းတိုက်ပွဲတွင် ရန်သူခလရ(၈၃၂)မှ (၃)ဦးသေဆုံးပြီး (၂)ဦးဒဏ်ရာရရှိကြောင်းသတင်းရရှိပါသည်။

# ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ

၇–၉–၂၀၀၁ ရက်နေ့က နအဖ ခြေမြန်တပ်ရင်း(၁၀၁)မှ တပ်ခွဲတခွဲသည် ကေအဲန်ယူထိန်းချုပ်ရာဒေသဖြစ်သည့် တပ်မဟာ(၁)နယ်မြေရှိ ဘောနော်ဖိုးခီး ကျေးရွာအုပ်စုအတွင်းသို့ ဝင်ရောက်လာပြီး ရွာဘေးပတ်လည်တောင်ကုန်းများတွင်နေထိုင်ကြသူများ၏ တောင်ယာတဲ (၇)လုံးမှ ပစ္စည်းများကို လုယက်ယူဆောင်သွားကြပြီး ထိုတောင်ယာတဲများကိုလည်း မီးရှို့ဖျက်ဆီးသွားခဲ့ကြကြောင်း သတင်းရရှိသည်။

မီးရှို့ဖျက်ဆီးခံခဲ့ရသူ တောင်ယာတဲပိုင်ရှင်များမှာ စောဖားကယ်၊ စောထွန်းကြည်၊ ဖားမူဆား၊ ပိုဖဲကျေး၊ ပိုသေ့တော၊ ပိုလေ့ကယ်နှင့် စောထွန်းလှဆိုသူတို့၏ တောင်ယာတဲများ ဖြစ်ကြောင်းသိရသည်။

အလားတူ ၎င်းနယ်မြေအတွင်းရှိ ဘီးလင်းမြို့နယ်၊ ကွီးလေးဖျားရွာတွင် စခန်းချတပ်စွဲထားသော ခမရ(၃၁၃)၊ ထောကခီးရွာတွင် အခြေစိုက်လှုပ်ရှားနေသော ဖားဘဲ ဦးဆောင်သည့် ဒီကေဘီအေ ပူးပေါင်းအဖွဲ့နှင့်ခမရ(၁၀၁)၊ ဒီကေဘီအေ ဖားနီသိုးတို့ ပူးပေါင်းအဖွဲ့တို့သည် ၎င်းရွာအရှေ့ဘက်ရှိ တောင်ယာတောများကို လိုက်လံရှာဖွေ၍ မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း၊ ထို့အပြင် လက်လှမ်းမမီသောနေရာများမှ တောင်ယာတဲများကို လက်နက်ကြီးများနှင့် ပစ်ခတ်ဖျက်ဆီးသွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ နအဖနှင့် ဒီကေဘီအေ ပူးပေါင်းအဖွဲ့များသည် ၎င်းဒေသတဝိုက်ရှိ ကျေးရွာများဖြစ်ကြသည့် ယိုကလားရွာ၊ ထီးဖတ်ဒိုရွာတို့မှ ရွာသား ၄၀ဦးတို့အား ပေါ်တာများအဖြစ် ဖမ်းဆီးထားကြပြီး ၎င်းတို့အား စစ်ကြောင်းထွက်လျှင် အရှေ့မှအသေခံသွားခိုင်းနေကြောင်း၊ ထိုသို့ပြုမူနေမှုများအပေါ် စိုးရိမ်ကြောက်လန့်နေသူ ယိုကလားရွာသား ၅ဦးတို့မှာ ၎င်းတို့လက်မှ ထွက်ပြေးလွတ်မြောက်သွားကြကြောင်း သတင်းများရရှိသည်။ ■

# စစ်သားစုဆောင်းရေးမှာ ပြန်ပေးဆွဲမှုများ နေ့စဉ်ဖြစ်ပွား

နအဖ တပ်များအတွင်း စစ်သားစုဆောင်းရေးဌာနများရှိ ရဲဘော်တဦးလျှင် လစဉ်တပ်သားသစ် ၅ ယောက်နှုန်း ရှာပေးရမည်ဟူသော အမိန့်အရ တပ်သားသစ်များ မဖြစ်မနေရှာဖွေပေးနေရလျက်ရှိရာယခုအခါ နယ်မြို့ကျေးရွာများ၌သာမက ရန်ကုန်မြို့တော်ကြီး၌ပင် နေ့ခင်းကြောင်တောင် လူငယ်လူရွယ် အများအပြားနှင့် အရွယ်မရောက်သေးသည့်ကလေးသူငယ်များပါမကျန် ပျောက်ဆုံးနေလျက်ရှိကြောင်းသိရသည်။

ယခုအခါ စစ်သားစုဆောင်းရေးဌာနချုပ်ကိုအင်းစိန်ဒညင်းကုန်းတွင် ဖွင့်လှစ်ထားပြီး နေရာဒေသ အသီးသီးမှ ရောက်လာသော စစ်သားသစ်များအား ထိုနေရာတွင် စုပုံထားရှိကြောင်းသိရသည်။ ထိုနေရာသို့နေ့စဉ် သားပျောက်မိခင် ဖခင်များ ဥဒဟိုဝင်ရောက်၍ ၎င်းတို့၏ ရင်သွေးများအား ငွေနှင့် ပြန်လည်ရွေးယူနေရကြောင်း သိရသည်။ အကယ်၍ ပါလာသည့် ငွေကြေးနှင့် ပြန်ရွေးရန် မလုံလောက်ပါက ဝတ်ဆင်လာသည့် လက်စွပ်မှအစ၊ နားကပ်အဆုံးချွတ်၍ ရွေးယူနေကြရရာ စုဆောင်းရေးတပ်မှလည်း မိဘများ၏ ဥပဓိနှင့် ဝတ်စားဆင်ယင်မှုကိုကြည့်၍ ဈေးအမျိုးမျိုး တောင်းယူလျက် ပြန်ပေးဆွဲသလို ပြုလုပ်နေကြကြောင်း ပြည်တွင်းမှလာသော သတင်းများအရသိရှိရသည်။ ■

# (၅၄) ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ ထုတ်ပြန်ကြေညာချက်

၁၃၆၃ခု၊ ဝါခေါင်လပြည့်နေ့

**မျိုးချစ် ပြည်သူများနှင့် မွန်ရဲဘော်အပေါင်းတို့ –**

လူသားတို့သည် သဘာဝအားဖြင့် လွတ်လပ်စွာနေထိုင်လိုကြသည်။ ဘေးအန္တရာယ်များကို စုပေါင်းကာကွယ်ရန် အချင်းချင်းအဖော်ပြုပြီး ငြိမ်းချမ်းစွာ အတူတကွနေထိုင်လိုကြသည်။ ဤသည်မှာ လူသားတိုင်း၏ အခြေခံသဘောထားဖြစ်သည်။ သို့သော် အင်အားကြီးသူများက အင်အားငယ်သူများအပေါ် အနိုင်ကျင့်ဖိနှိပ်ပါက ငြိမ်းချမ်းစွာ အတူတကွနေထိုင်လိုစိတ်ကို ပျက်ပြားထိခိုက်လာစေသည်။ တော်လှန်ရေးသည် ဤအခြေခံသဘောတရားမှ ပေါက်ဖွားလာခြင်းဖြစ်သည်။

မွန်လူမျိုးတို့သည် ယခုအခြေပြုနေထိုင်ရာ ရာမညဒေသတွင် လွန်ခဲ့သည့် နှစ်ထောင်ပေါင်းများစွာကတည်းက နေထိုင်ခဲ့ကြပြီး၊ ထီးနှင့် နန်းနှင့် နိုင်ငံနှင့် လွတ်လပ်စွာ နေထိုင်လာခဲ့သည်။ အင်အားကြီးသူတို့က ကြိုက်သလို လုပ်ဆောင်နိုင်သောခေတ်တွင် မွန်ပြည်ပျက်သုဉ်းခဲ့ရသည်။ ဗမာပြည်လည်း ပျက်သုဉ်းခဲ့ရသည်။ နောက်ပိုင်းတွင် နိုင်ငံရပ်ခြားနယ်ချဲ့တို့ကိုလူမျိုးပေါင်းစုံတို့က စုပေါင်းတိုက်ပွဲဝင်ခဲ့သဖြင့် ၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရလာခဲ့သည်။ ထိုအခါ အာဏာရအုပ်စိုးသူတို့သည် မွန်တို့အား လူမျိုးတမျိုးအဖြစ် အသိအမှတ်မပြုဘဲ 'မွန်နှင့်ဗမာအတူတူပဲ'ဆိုပြီး ဝါးမျိုဖျောက်ဖျက်ရန် ကြံစည်ခဲ့သည်။ မကျေနပ်သော မွန်လူထု၏ နိုင်ငံရေးအရ တောင်းဆိုမှုကို လက်နက်အားကိုး ချေမှုန်းခဲ့သဖြင့် ကောဇာသက္ကရာဇ် ၁၃၁၀ ခု ဝါခေါင်လပြည့်နေ့တွင် မွန်တို့၏ လက်နက်ကိုင်တော်လှန်ရေး စတင်ပေါ်ပေါက်လာခဲ့ရသည်။ လက်နက်ကိုင်တိုက်ပွဲဖြင့် နှစ်ပေါင်း(၅၀)နီးပါး ခုခံတွန်းလှန်တိုက်ပွဲဝင်ခဲ့ပြီး နောက် နိုင်ငံရေးအရ အေးချမ်းစွာဖြေရှင်းရန် လမ်းစပေါ်ပြီဟု ယူဆသဖြင့် ၁၉၉၅ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့သည်။

အပစ်အခတ်ရပ်စဲထားသော(၆)နှစ်တာကာလတွင် မွန်အမျိုးသား လွတ်မြောက်မှုတော်လှန်ရေးကို ဦးဆောင်နေသော မွန်ပြည်သစ်ပါတီသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် တဖွဲ့တည်းအနေဖြင့် ကြိုးပမ်းတောင်းဆိုခဲ့သလို အခြားအပစ်အခတ်ရပ်စဲထားသော အဖွဲ့များနှင့်ပူးတွဲ၍လည်း တောင်းဆိုခဲ့သည်။ သို့သော် ယနေ့အထိ လမ်းစမပေါ်သေးပါ။ မည်သို့ပင်ဖြစ်စေကာမူ မွန်အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးသည် မွန်အမျိုးသားများအတွက် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို ဦးတည်ထားသကဲ့သို့ ပြည်သူတရပ်လုံးအတွက် ဒီမိုကရေစီရေးနှင့် ဘဝတိုးတက် ဖြစ်ပေါ်ရေးကို ဦးတည်ထားပေသည်။ သို့ဖြစ်၍ မွန်ပြည်သူများက မွေးထုတ်လိုက်သော မွန်တော်လှန်ရေးသည် မွန်ပြည်သူများ၏ ဆန္ဒကို ဖြည့်ဆည်းနိုင်ရန် အသက်သွေးချွေးပေါင်းများစွာ စွန့်လွှတ်ပြီး ကြိုးပမ်းလာခဲ့သည့်အလျောက် ရှေ့ဆက်၍လည်း မွန်ပြည်သူများ လူမျိုးစုံပြည်သူများနှင့်လက်တွဲပြီး ဦးတည်ချက်ကိုအရောက် ဆက်လက်ချီတက်ရပေမည်။

ယနေ့ကမ္ဘာကြီးသည် ရွာကြီးတရွာကဲ့သို့ဖြစ်လာနေသော ခေတ်ကြီးတွင် နိုင်ငံတခု၏ အရေးသည် နိုင်ငံတကာ၏အရေး ဖြစ်လာနေသည်။ ဤခေတ်ကြီးတွင် အင်အားကြီးသူက အင်အားငယ်သူတွေအပေါ် စိတ်ထင်သလို အနိုင်ကျင့်ဖိနှိပ်၍ရသော ခေတ်မဟုတ်။ ကမ္ဘာတခွင်လုံးငြိမ်းချမ်းသာယာတိုးတက်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးကိုလေးစားသော နိုင်ငံတကာပြည်သူများက စောင့်ကြည့်ကာကွယ်အားပေးမြှင့်တင်နေသော ခေတ်ဖြစ်သည်။ ဤခေတ်ရေစီးကြောင်းနှင့်အညီ ငြိမ်းချမ်းသာယာတိုးတက်မည့် ဖက်ဒရယ်ပြည်ထောင်စုကြီးကို အမြန်ပူးပေါင်းတည်ဆောက်နိုင်ရန်၊ သက်ဆိုင်ရာနိုင်ငံရေး၊ စစ်ရေး၊ အင်အားစုအားလုံးတွင် တာဝန်ရှိပေသည်။

မွန်ပြည်သစ်ပါတီသည် မွန်ပြည်သူတရပ်လုံး၏ဆန္ဒနှင့်အညီ ဤ(၅၄)ကြိမ်မြောက် မွန်တော်လှန်ရေးနေ့တွင် တင်ပြလိုသည်မှာ ကျွန်ုပ်တို့နိုင်ငံတွင် အာဏာရတပ်မတော်အင်အားစု၊ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အင်အားစုဟူ၍ အဓိက(၃)စုရှိသည့်အလျောက် ဤသုံးစုတို့တွေ့ဆုံပြီး စေတနာမှန်ဖြင့် ပြဿနာကို အမြန်ဖြေရှင်းကြပါမှ တိုင်းပြည် ငြိမ်းချမ်းသာယာ တိုးတက်နိုင်မည်ဖြစ်ပါကြောင်း ဖြူစင်သောစေတနာဖြင့် သဘောထား ထုတ်ပြန်အပ်ပါသည်။

**မွန်အမျိုးသားများ ------------------------------ သွေးစည်းကြ။**
**စစ်မှန်သော ပြည်ထောင်စုကို --------------------- တည်ဆောက်ကြ။**
**မွန်အမျိုးသား လွတ်မြောက်မှု တော်လှန်ရေး --------- အောင်ရမည်။**

ဗဟိုအလုပ်မှုဆောင်ကော်မတီ
မွန်ပြည်သစ်ပါတီ
၂၀၀၁ခု၊ စက်တင်ဘာလ ၃ ရက်နေ့

# ဆုပန်းများဝေနေသည့် 'စု' ဂျာမဏီဂုဏ်ပြုဆုရပြန်ပြီ

ဂျာမဏီနိုင်ငံရှိ နိုင်ငံရေးနှင့် ယဉ်ကျေးမှုများ လွတ်လပ်စွာပေါင်းစည်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့ကြီးမှနေ၍ ၂၀၀၁ ခုနှစ်အတွက်ဆုကို အာရှတိုက်မှ အမျိုးသမီးတဦး အားပေးအပ်ရန် ရွေးချယ်ခဲ့ရာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဆောင် ဒေါ်အောင်ဆန်းစုကြည်အား ရွေးချယ်ပေးအပ်ခြင်းခံရကြောင်း သတင်းရရှိသည်။

အဆိုပါဆုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဒေါက်တာစိန်ဝင်းမှနေ၍ ဂျာမဏီနိုင်ငံ၊ ဘေယန်မြူဟင်ပြည်နယ်၊ မန်ချူမြို့တွင် လက်ခံရယူခဲ့ကြောင်းသိရသည်။ ထိုအခမ်းအနားသို့ burma bureau မှ ဦးနွယ်အောင်ဦးဆောင်သည့်အဖွဲ့လည်း တက်ရောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

ယခုအခါ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ်က ချီးမြှင့်ခံခဲ့ရသည့် ငြိမ်းချမ်းရေးနိုဗယ်ဆုကြီးအပါအဝင် နိုင်ငံတကာမှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ (၅၀)နီးပါးခန့် ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ■

# နိုဗယ်ငြိမ်းချမ်းရေးဆု ရာပြည့်အထိမ်းအမှတ် တံဆိပ်ခေါင်းများ

## ဒေါ် အောင်ဆန်းစုကြည်အပါအဝင် နိုဗယ်ဆုရှင် (၈)ဦး၏ ရုပ်ပုံများဖြင့်ထုတ်ဝေ

နိုဗယ်ငြိမ်းချမ်းရေးဆုကို စတင်ချီးမြှင့်ခဲ့သည့် "ရာပြည့်အထိမ်းအမှတ်"အဖြစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားနိုဗယ်ဆုရှင်(၇)ဦးနှင့် ထိုဆုကိုတီထွင်သူ အဲလ်ဖရက်ဒ်နိုဗယ်၏ ရုပ်ပုံများပါဝင်သော နိုင်ငံတကာတံဆိပ်ခေါင်း (၈)



၁၉၉၁ ခုနှစ် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်

မျိုးကို စက်တင်ဘာလ၊ (၁၄)ရက်တွင် နော်ဝေးနိုင်ငံ ဗဟိုစာတိုက်ကြီးမှ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း (DVB)သတင်းများအရ သိရှိရသည်။

အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်မည့် တံဆိပ်ခေါင်းများတွင် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလံနှင့် ဖခင်ဖြစ်သူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံတို့ကို နောက်ခံအဖြစ် ထည့်သွင်းဖော်ပြထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နော်ဝေး ဗဟိုစာတိုက်ကြီးမှ ဒါရိုက်တာ ဟားဗက်စ်ခရော့တီးက –

"ရွေးချယ်ရတာ အင်မတန်ခက်ပါတယ်။ ပထမအချက်ကတော့ ကမ္ဘာ့တိုက်ကြီးအားလုံးက တယောက်စီပါဖို့ပါ။ ဒုတိယအချက်ကတော့ အမျိုးသမီး နိုဗယ်ဆုရှင်ပါဖို့ပါ။ ဒါတွေကို ကြည့်ပြီး ကျနော်တို့ရွေးတာပါ။ နောက်တချက်ကတော့ သူတို့ လက်ရှိလုပ်ကိုင်နေတဲ့ အချက်အလက်တွေကိုကြည့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ အင်မတန်မှအရေးပါတဲ့ နိုဗယ်ဆုရှင်တဦးဖြစ်ပါတယ်။ သူ့ရဲ့ ဒီမိုကရေစီရေးပြတ်သားမှုတွေကို အားပေးချင်တာကြောင့် အခုလို ရွေးချယ်ရတာဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ထိုကဲ့သို့ တံဆိပ်ခေါင်းများဖြင့် ဂုဏ်ပြုခံရသော နိုဗယ်ငြိမ်းချမ်းရေးဆုရှင်များမှာ ပထမဆုံးနိုဗယ်ဆုရှင် ဟင်နရီဒူးနန့်၊ နော်ဝေးငြိမ်းချမ်းရေးခေါင်းဆောင် ဖက်ဒရစ်နန်ဆန့်၊ ရုရှားခေါင်းဆောင် မီခေးလ်ဂေါ်ဘာချော့ဗ်၊ ဂွာတီမာလာနိုင်ငံသား မဲန်ချူးနှင့် အမေရိကန်လူမည်းခေါင်းဆောင် မာတင်လူသာကင်းနှင့် တောင်အာဖရိက လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားတို့ ဖြစ်ကြောင်းသိရသည်။

အဆိုပါတံဆိပ်ခေါင်းများကို တမျိုးလျှင် အရေအတွက် တသန်းထုတ်ဝေမည်ဖြစ်ပြီး တော်ဝင် နိုဗယ်အသင်းကြီးနှင့် နော်ဝေး ဗဟိုစာတိုက်တို့မှ ကြီးမှူးထုတ်ဝေဖြန့်ချိခြင်းဖြစ်ကြောင်း သိရသည်။ ■

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်း)

## နိုင်ငံတော်အခမ်းအနားများ အစဉ်အလာမပျက်ကျင်းပ




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(မန္တလေးတိုင်း) နာယကကြီး ဦးလှမြင့် မိန့်ခွန်းပြောနေစဉ်

မန္တလေးတိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးနှင့် မြို့နယ်ရုံး(၂)ရုံး၊ ရပ်ကွက်၊ ကျေးရွာရုံး(၁)ရုံးတို့ကို ငါးကြိမ်တိတိ နေရာပြောင်းရွှေ့ခဲ့ရပြီးနောက် ယခုအခါ တိုင်းအဖွဲ့ချုပ်နာယကကြီး ဦးလှမြင့်၏ ဦးဆောင်တာဝန်ယူမှုဖြင့် မန္တလေးမြို့တွင် ပြန်လည်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ မန္တလေးတိုင်းရုံးကို ၄၂ လမ်း၊ ၈၃ လမ်းထောင့်၊ ရွှေဘုန်းရှိန် ၅၁၄(က) ရပ်ကွက် (မဟာမြတ်မုနိဘုရားကြီး၏ မြောက်ဘက် စောင်းတန်းထိပ်)တွင် ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း ပြည်တွင်းမှလာသော သတင်းများအရ သိရှိရသည်။

ထိုကဲ့သို့ ဆိုင်းဘုတ်တင်၍ ရုံးများပြန်လည်ဖွင့်သည့်ကိစ္စနှင့်ပတ်သက်ပြီး စစ်ထောက်လှမ်းရေးအဖွဲ့က လာဘ်ငွေသိန်း (၆၀) ဖြင့် နေရာမှဖယ်ပေးရန် ကမ်းလှမ်းခဲ့သေးကြောင်း၊ သို့ရာတွင် အဖွဲ့ချုပ်အဖွဲ့ဝင်များ၏ ခိုင်မာသော သဘောထားများအရ မိမိတို့၏ရုံးများကို မားမားမတ်မတ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်ဟု ပြည်တွင်းမှလာသော သတင်းများအရသိရှိရသည်။

ယခုအခါ မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပါတီ၏လုပ်ငန်းစဉ်များနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်၍ လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ ပြီးခဲ့သည့် တော်လှန်ရေးအခမ်းအနားနှင့် အာဇာနည်နေ့ အခမ်းအနားများလည်း မပျက်မကွက်ကျင်းပနိုင်ခဲ့သည်ဟု သိရှိရသည်။ ■

# မစ္စတာရာဇာလီ၏ ပဉ္စမအကြိမ် မြန်မာနိုင်ငံခရီးစဉ်ပြီးဆုံး

## လွှတ်တော်ကိုယ်စားလှယ်များပြန်လွှတ်ပေးရန် နအဖအားတိုက်တွန်းခဲ့

ပြီးခဲ့သည့် ဩဂုတ်လ(၂၇)ရက်နေ့၊ နံနက်ပိုင်းက မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်ဖြစ်သူ ရာဇာလီအစ္စမေးလ်သည် မြန်မာနိုင်ငံသို့ ပဉ္စမအကြိမ်ခရီးစဉ်အဖြစ် (၄)ရက်ကြာ သွားရောက်ခဲ့ကြောင်း သိရှိရသည်။



မစ္စတာရာဇာလီအစ္စမေးလ်

ထိုခရီးစဉ်အတွင်း မစ္စတာရာဇာလီသည် နအဖစစ်ခေါင်းဆောင် ဗိုလ်ခင်ညွန့်အပါအဝင် နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်နှင့် တွေ့ဆုံခဲ့ပြီး အတိုက်အခံများဘက်မှ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နှစ်ကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ကြောင်း၊ အခြား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ခေါင်းဆောင်ကြီးများနှင့်လည်း သီးခြားဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့နောက် တိုင်းရင်းသား လူမျိုးစုပါတီများမှ ခေါင်းဆောင်များနှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ မစ္စတာရာဇာလီသည် လာမည့် နိုဝင်ဘာလအတွင်းတွင်လည်း မြန်မာနိုင်ငံသို့ ထပ်မံသွားရောက်ရန် စီစဉ်ထားပြီး ယခုဆွေးနွေးမှုများမှာ နှစ်ဘက်စလုံးမှ ရှေ့လုပ်ငန်းစဉ်များအပေါ် စိတ်အားထက်သန်မှုတွေ ရှိနေကြောင်း၊ ဩဂုတ်လ(၂၈)ရက်နေ့ညက ရန်ကုန်ရှိ သံတမန်များနှင့် ညစာစားပွဲတွင် ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။

မစ္စတာရာဇာလီသည် ၎င်း၏မြန်မာပြည်ခရီးစဉ်နှင့်ပတ်သက်၍ တရားဝင် တစုံတရာ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့သော်လည်း နောက်သီတင်းနှစ်ပတ်အကြာတွင် ကုလသမဂ္ဂသို့သွားရောက်၍ ဆွေးနွေးပွဲ၏ နောက်ဆုံးအခြေအနေကို အစီရင်ခံမည်ဖြစ်ကြောင်း သိရှိရသည်။ ထိုခရီးစဉ်အတွင်းတွင် ၎င်းက စစ်အုပ်စုအား ထိန်းသိမ်းထားဆဲဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးတို့အား အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုတိုက်တွန်းခဲ့သည်ဟုလည်း သိရသည်။ ■

# ၂၁ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပပြီးစီး

## ပြိုင်ပွဲဝင်(၁၀)နိုင်ငံအနက် မြန်မာက သတ္တမအဆင့်နှင့် ကျေနပ်ရ

၂၁ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စက်တင်ဘာလ (၈) ရက်နေ့မှ (၁၇)ရက်နေ့ထိ ကျင်းပပြုလုပ်ပြီးစီးခဲ့ပြီဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် (၁၀)နိုင်ငံတို့ ရရှိခဲ့သည့် ဆုတံဆိပ်နှင့် အဆင့်အသီးသီးတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

### နိုင်ငံအလိုက် ဆုတံဆိပ်များ ရရှိမှု

| နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|
| မလေးရှား | ၁၁၁ | ၇၅ | ၈၅ | ၂၂၁ |
| ထိုင်း | ၁၀၃ | ၈၆ | ၈၉ | ၂၇၈ |
| အင်ဒိုနီးရှား | ၇၂ | ၇၄ | ၈၀ | ၂၂၆ |
| ဗီယက်နမ် | ၃၃ | ၃၅ | ၆၄ | ၁၃၂ |
| ဖိလစ်ပိုင် | ၃၀ | ၆၆ | ၆၇ | ၁၆၃ |
| စင်္ကာပူ | ၂၂ | ၃၁ | ၄၂ | ၉၅ |
| မြန်မာ | ၁၉ | ၁၄ | ၅၃ | ၈၆ |
| လာအို | ၁ | ၃ | ၇ | ၁၁ |
| ကမ္ဘောဒီးယား | ၁ | ၁ | ၅ | ၇ |
| ဘရူနိုင်း | ၀ | ၅ | ၆ | ၁၁ |

မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၃)

BiNA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ


# စားပွဲဝိုင်းဆီ မျှော်ကြည့်ခြင်း (၂)

ဝဲနည်

> NLD ဘက်မှာက ၁၉၈၈ ခုနှစ်မှာ အုံကြွပွင့်အံခဲ့တဲ့ လူထုရဲ့ ဒီမိုကရေစီရေး ဆန္ဒရယ်၊ ၁၉၉၀ ပြည့်နှစ်၊ မေလ ရွေးကောက်ပွဲရဲ့ရလဒ် တရားဝင်ဖြစ်မှု ရယ်ရှိပြီး၊ စစ်အုပ်စုက လက်နက်ကိုင် စစ်တပ်၊ နိုင်ငံရေးအာဏာ၊ အုပ်ချုပ်မှု ယန္တရားနဲ့ အရေးအကြီးဆုံးဖြစ်တဲ့ ၁၉၅၁ ခုနှစ် တပ်မှူးများညီလာခံမှာကတည်းက ချမှတ်ထားတဲ့ အမျိုးသားနိုင်ငံရေးမှာ စစ်တပ်ဟာ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ရယ် အသီးသီးရှိကြတယ် …

"ရန်သူဟာ အကျပ်အတည်းနဲ့တွေ့တဲ့ အခါတိုင်း စေ့စပ်ညှိနှိုင်းရေးကိုအသုံးချပြီး ထွက်ပေါက်ရှာတတ်တာ သမိုင်းမှာ သင်ခန်းစာ ပေါင်းများစွာ ရှိဖူးပြီးသားပါ"

မြန်မာစစ်ဗိုလ်ချုပ်ကြီးတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ တွေ့ဆုံစကားဝိုင်းတွေအပေါ် တောတွင်း ကျောင်းသားတပ်မတော်က ရဲဘော်တဦးရဲ့ ရှုမြင်သုံးသပ်ချက်ပါပဲ။ သူ့အမြင်ဟာ သံသယတွေအုံ့ဆိုင်းပြီး မာရေကျောရေရှိလှပေမယ့် အတိတ်ကာလက ခါးသည်းမှု အတွေ့အကြုံတွေ အခိုင်အမာ ထင်ဟပ်ပေါ်လွင်နေပါတယ်။

ဒီနှစ်အတွင်း ကမ္ဘာ့မီဒီယာများမှာ မြန်မာ့နိုင်ငံရေးစကားဝိုင်းအပေါ် အတော့်ကို ဖော်ပြခဲ့ကြပါတယ်။ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး၊ အသွင်ကူးပြောင်းရေးကာလစတဲ့ စကားလုံးတွေ ခေတ်စားလာပါတယ်။ မြန်မာပြည်သူတွေသာမက ကမ္ဘာ့အသိုင်းအဝိုင်းကလည်း မြန်မာ့နိုင်ငံရေးစကားဝိုင်းကို အာရုံစိုက်ချဉ်းကပ်လာကြပါတယ်။ နိုင်ငံရေးအကဲခတ်သူတဦးက –

"သီဝရီအရကြည့်ရင် မြန်မာ့နိုင်ငံရေးဟာ စစ်အာဏာရှင်စနစ်က ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းရမှာပါ။ အခုစကားဝိုင်းဟာ အသွင်ကူးပြောင်းရေးဆီ ဦးတည်ပုံရပါတယ်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အစပျိုးမှုတခုလို့ ပြောရင်ရမယ်ထင်တယ်။ စစ်အေးကာလအပြီး ကမ္ဘာမှာ အာဏာရှင်စနစ် အုပ်ချုပ်တဲ့ နိုင်ငံအတော်များများဟာ အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းပြီး ဒီမိုကရေစီအုတ်မြစ်တွေ ချနိုင်ခဲ့ပါတယ်။ တချို့နိုင်ငံတွေကတော့ အသွင်ကူးပြောင်းရေးကာလရဲ့ အခက်အခဲတွေ ဖြေရှင်းနေရတုန်းပဲ"လို့ နှိုင်းချိန်သုံးသပ်ပြပါတယ်။

သူ့အဆိုအရ ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းဖို့ကြိုးစားနေတဲ့ မြန်မာ့နိုင်ငံရေးမှာလည်း အခက်အခဲ ကြီးကြီးမားမားတွေရှိနေကြောင်း ဆက်ပြောပါတယ်။

"စကားဝိုင်းနှစ်ဖက်မှာ နောက်ခံ ရေခံမြေခံအသီးသီးရှိနေပါတယ်။ အန်အယ်လ်ဒီဘက်မှာက ၁၉၈၈ ခုနှစ်မှာ အုံကြွပွင့်အံခဲ့တဲ့ လူထုရဲ့ ဒီမိုကရေစီရေးဆန္ဒရယ်၊ ၁၉၉၀ပြည့် မေလ ရွေးကောက်ပွဲရဲ့ရလဒ် တရားဝင်ဖြစ်မှုရယ် ရှိပြီး စစ်အုပ်စုက လက်နက်ကိုင်စစ်တပ်၊ နိုင်ငံရေးအာဏာ၊ အုပ်ချုပ်မှုယန္တရားနဲ့ အရေးအကြီးဆုံးဖြစ်တဲ့ ၁၉၅၁ ခုနှစ် တပ်မှူးများညီလာခံမှာကတည်းကချမှတ်ထားတဲ့ အမျိုးသားနိုင်ငံရေးမှာ စစ်တပ်ဟာ အရေးကြီးတဲ့ အစိတ်အပိုင်းဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ရယ် အသီးသီးရှိကြတယ်။ ဆိုတော့ …. ဒီအကွာအဝေးကို ဘယ်လို ဆွဲစေ့ကြမလဲ။ ဒါဟာ အင်မတန်ကြီးမားတဲ့ ပြဿနာပါ"

ဒါ့အပြင် မြန်မာ့နိုင်ငံရေးသမိုင်းမှာ နှစ်ပေါင်းများစွာ မဖြေရှင်းရသေးတဲ့ ပြဿနာ တပုံတပင်ရှိပါသေးတယ်။ အမျိုးသား လွတ်မြောက်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက်ပိုင်း ပြည်တွင်း သွေးကွဲမှုတွေကစလို့ နိုင်ငံရေးရှုပ်ထွေးမှုများစွာ ဖြစ်ခဲ့ပါတယ်။ ပြည်တွင်းစစ်မီးကို မငြိမ်းသတ်ခဲ့ကြလို့ စစ်တပ်အင်အားကြီးထွားလာပြီး စစ်အာဏာရှင်ဝါဒ ခေါင်းထောင်လာပါတယ်။ လွတ်လပ်ရေးမရခင်က နိုင်ငံ့ခေါင်းဆောင်တွေ ရည်မှန်းခဲ့တဲ့လမ်းကြောင်းက သွေဖီလာပြီး နောက်ဆုံး စစ်အာဏာရှင်စနစ်အောက် မြန်မာပြည် ကျရောက်သွားခဲ့တော့တာပါပဲ။ ပြည်သူတွေအဖို့ နိုင်ငံရေးမှာ ဘာမှ ပါဝင်ပတ်သက်ခွင့်မရှိတော့ဘဲ သတင်းစာတွေပေါ်က သက်မဲ့နိုင်ငံရေးဝေါဟာရတွေကို ငေးငိုင်ကြည့်ရှုရုံဘဝသာ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း မြန်မာပြည်သူတွေဟာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိတဲ့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းဖို့ ၁၉၈၈ ခုနှစ်မှာ သွေးမြေကျခံလို့ တနည်း၊ ၁၉၉၀ ခုနှစ် မဲပေးလို့တဖုံ တောင်းဆိုလှုပ်ရှားခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူလူထုရဲ့ဆန္ဒတွေ အကောင်အထည်ဖော်နိုင်မယ့်အခွင့်အလမ်း အလွန်နည်းပါးနေပါသေးတယ်။

မကြာသေးမီကမှ ကျင်းပပြုလုပ်ခဲ့တဲ့ အထွေထွေအုပ်ချုပ်ရေးဌာန ၂၀၀၁ ခုနှစ် ပထမလေးလပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှာ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် မိန့်ခွန်းပြောပါတယ်။ မိန့်ခွန်းထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် ယခင်က ပြင်းပြင်းထန်ထန်တုန့်ပြန်ခဲ့ပြီး ယခုအခြေအနေအရ ညင်သာတဲ့နည်းကို ပြန်လည်ကျင့်သုံးနေကြောင်း၊ ပါတီဆိုင်းဘုတ်တင်ခြင်းနဲ့ ပါတီစည်းရုံးရေးလုပ်ခွင့်တွေကို တနိုင်ငံလုံးအတိုင်းအတာ ခွင့်ပြုတာမဟုတ်ဘဲ တမြို့နယ်ချင်း စဉ်းစားစိစစ်တာဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းအုပ်ချုပ်ရေးမှူးတွေဟာ အထက်ညွှန်ကြားချက်မရမချင်း ယခင်အတိုင်း ပြတ်ပြတ်သားသား ကျင့်သုံးဖို့လိုကြောင်းတို့ ပါဝင်ပါတယ်။ ဒါ့အပြင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဒုဗိုလ်ချုပ်ကြီးခင်ညွန့်ပေးပို့တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လျှို့ဝှက်တွေ့ဆုံဆွေးနွေးခြင်း အစီရင်ခံစာထဲမှာ တပ်မတော်ဟာ ဒို့တာဝန်အရေးသုံးပါးကို အဓိကထားပြီး နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ထမ်းဆောင်နေတဲ့ အမျိုးသား အင်အားတရပ်ဖြစ်ကြောင်း၊ ဒါကြောင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်သင့်ကြောင်း၊ အနာဂတ်ကာလ နိုင်ငံရဲ့အချုပ်အခြာ အာဏာကိုထိပါးလာရင် အရေးပေါ်အခြေအနေအရ တပ်မတော်က တာဝန်ယူမှာဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် စစ်အုပ်စုဟာ မူလရည်မှန်းချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမယ်ဆိုတာ သေချာပါတယ်။ ဒါပေမယ့် ဘာကြောင့် တွေ့ဆုံဆွေးနွေးရေး လေသံပြောင်းသွားရတာလဲ။ အန်အယ်လ်ဒီကို ချေမှုန်းပစ်မယ့် လမ်းပေါ်က ဘာကြောင့် ဆင်းသွားတာလဲ။

"ခုံပြောရရင် ပြည်တွင်းပြည်ပ ဖိအားကြောင့်လို့ ပြောနိုင်တာပေါ့။ ထင်သာမြင်သာရှိတဲ့ အဓိကအကြောင်းတခုက စစ်တပ်တွင်းအကွဲအပြဲပါ။ ဗိုလ်ချုပ်ကြီးတင်ဦး ရဟတ်ယာဉ်ပျက်ကျပြီး သေဆုံးသွားတဲ့အဖြစ်အပျက်၊ ဗိုလ်ချုပ်ဇော်ထွန်းလို ပညာတတ် စစ်ခေါင်းဆောင်တွေက ဝေဖန်ရေးလုပ်လာတဲ့ အဖြစ်အပျက်တွေဟာ စစ်တပ်ရဲ့စည်းလုံးညီညွတ်မှုကို စိန်ခေါ်လာနေတယ်။ ဒါကတချက်၊ နောက်အဓိကအကြောင်းတခုက အိုင်အယ်လ်အို (ILO)ရဲ့ လက်တွေ့ကျတဲ့ အရေးယူဆောင်ရွက်မှုပါ။ ဒီလို ကမ္ဘာ့နာမည်ပျက်စာရင်းဝင်နေတဲ့အခါ ရင်းနှီးမြှုပ်နှံသူတွေနဲ့ အလှူရှင်တွေကလည်း ပေးကမ်းဖို့ လက်တွန့်လာကြပါတယ်။ ဒါတွေကိုရှောင်လွှဲနိုင်ဖို့ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းလိုက်ခဲ့ပါတယ်"လို့ နိုင်ငံရေးအကဲခတ်က သုံးသပ်ပြပါတယ်။

နောက်ဆုံးရရှိတဲ့ ပြည်တွင်းသတင်းအချက်အလက်များအရ ဦးအောင်ရွှေနဲ့ ဦးတင်ဦးအပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေ ပြန်လည်လွတ်မြောက်လာပြီး တွေ့ဆုံဆွေးနွေးရေးကို ကြိုဆိုထောက်ခံခဲ့ကြပါတယ်။ အန်အယ်လ်ဒီအနေနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လည်လွတ်မြောက်လာရေးကို တောင်းဆိုခဲ့ပါတယ်။ တနှစ်ကြာလာပြီဖြစ်တဲ့ ယုံကြည်မှုတည်ဆောက်ရေး လက်ရှိအဆင့်ကနေ ရှေ့ဆက်တိုးတက်ဆောင်ရွက်သင့်နေပြီလို့ အန်အယ်လ်ဒီဖက်က ယူဆပါတယ်။ စစ်အစိုးရဘက်သသာသိသာထင်ရှားတဲ့အတိုင်းအတာထိ သဘောတူညီချက်မျိုးရှိလာရင် အပြည်ပြည်ဆိုင်ရာရဲ့ လူသားချင်းစာနာတဲ့ အထောက်အပံ့တွေကို အန်အယ်လ်ဒီဘက်က အသိအမှတ်ပြုလက်ခံမှာဖြစ်ကြောင်း၊ နောက်ပိုင်း တဆင့်ပြီးတဆင့် မြန်မာနိုင်ငံပေါ် စီးပွားရေးအထီးကျန်အဖြစ်ကျဉ်ထားတာကို နိုင်ငံတကာ အသိုင်းအဝိုင်းက လျှော့ချပေးဖို့ စဉ်းစားလာစေတဲ့အထိ ဖြစ်လာမယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဘက်က ကမ်းလှမ်းပါတယ်။ ကုလသမဂ္ဂရဲ့အပြောအရ ကြားဝင်စေ့စပ်ပေးသူ မစ္စတာရာဇာလီအနေနဲ့ ယခုဆွေးနွေးပွဲတွေရဲ့ နောက်အဆင့်ဟာ လက်တွေ့မှာ ဘာဖြစ်လာနိုင်မလဲဆိုတာ စူးစမ်းရှာဖွေလိုသေးတယ်လို့ ဆိုပါတယ်။

အိုင်အယ်လ်အို (ILO)အနေနဲ့ကတော့ ၎င်းရဲ့ စုံစမ်းစစ်ဆေးအရေးယူမှုတွေဟာ နိုင်ငံရေးကိစ္စရပ်တွေနဲ့မဆိုင်ပဲ စစ်အုပ်စုရဲ့ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုတွေနဲ့သာ ဆိုင်တယ်လို့ ပြောပါတယ်။ ဒါပေမယ့် ကိစ္စရပ်အားလုံးဟာ နိုင်ငံရေးနဲ့ဆိုင်တဲ့ အကျိုးရလဒ်တွေလို့ စစ်ဗိုလ်ချုပ်ကြီးတွေဘက်က ခံယူပါတယ်။ စစ်ဗိုလ်ချုပ်ကြီးတွေဟာ ကမ္ဘာမှာ တံခါးပိတ်ဝါဒခေတ်ကုန်သွားပြီး တကမ္ဘာလုံးလွှမ်းခြုံဖြစ်ထွန်းမှုခေတ် ဖြစ်နေပြီဆိုတာ သဘောပေါက်လာဟန်ရှိပါတယ်။ ဒါကြောင့်လည်း အထွေထွေအုပ်ချုပ်ရေးမှူးများ အစည်းအဝေးကောက်နုတ်ချက်တခုမှာ ယခင်က နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေး အမြင်တွေသာမက နိုင်ငံတကာအမြင်ရှိဖို့ပါ လိုကြောင်း ပြောခဲ့ပါတယ်။

ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ပြဿနာတွေကိုဖြေရှင်းတဲ့အခါ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောကြတဲ့နည်းဟာ ပြေလည်မှုရနိုင်ဖို့ အကောင်းဆုံးနည်းလမ်းမဟုတ်လားလို့ မေးတော့ သူပုန်ကျောင်းသားက အခုလို ပြန်ပြောပါတော့တယ်။

"အေးဗျာ၊ ကျနော်ကတော့ စစ်ဗိုလ်ချုပ်တွေနဲ့ တဝိုင်းတည်းထိုင်ပြီး စကားပြောရမယ်ဆို ခင်ဗျားတို့ နိုင်ငံရေးအာဏာ ဆက်လိုချင်ရင် ဗိုလ်ချုပ်အောင်ဆန်းလုပ်ခဲ့သလို ယူနီဖောင်းချွတ်၊ စစ်တပ်ကထွက်၊ (၄)နှစ်တကြိမ်ရွေးကောက်ပွဲတွေမှာ လူထု အဆုံးအဖြတ်ခံ၊ နိုင်ရင် (၄)နှစ်အုပ်ချုပ်ပေါ့။ အဲ …. ရှုံးရင်တော့ လူကြီးလူကောင်းပီသစွာ နောက် ရွေးကောက်ပွဲတခုအထိ ဆက်စောင့်လို့ ….။ တောင်တောင်အီအီ မလုပ်ကြေးပေါ့ဗျာ …. နော့်" ■

(ဆက်လက်ဖော်ပြပါမည်)



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှထုတ်ဝေသည်

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၂၃)

# အမှောင်တိုက်ထဲက အလင်းတတိုင်၏ မှတ်တမ်း




ဂုံနီစက်ရုံလုပ်သားကြီးများ ဒီမိုကရေစီရရှိရေးသွေးစည်းကြပြီ

**မှိုင်း ၉၀–နယ်စပ်**

**ဤဆောင်းပါးသည် မဆလ တပါတီအာဏာရှင်စနစ်အောက် ပြည်သူတို့ ကျရောက်ခံစားခဲ့ရသည့် အဖြစ်သနစ်ကို တစိတ်တဒေသခြယ်မှုန်းဖော်ပြထားသည့် စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှတ်တမ်းတခုဟုဆိုနိုင်ပါသည်။ ၈၈၈၈ အရေးတော်ပုံကြီးမဖြစ်ပွားမီ ဆယ်နှစ်တာအကြိုကာလကို ယခုကဲ့သို့ ပြန်ပြောင်းစောင်းငဲ့ကြည့်သောအခါ ခေတ်တခေတ်၏ နာကြည်းဖွယ်ပုံရိပ်များကို တရေးရေး မြင်ယောင်နိုင်လိမ့်မည်ဟု ယူဆမိပါသည်။ ။ အယ်ဒီတာ**

၁၉၇၇ ခုနှစ်က ကျနော်တို့ ထီးချိုင့်မြို့နယ်၊ ကံပေါက်ကျေးရွာအုပ်စု၊ ကံပေါက်ရွာကို နိုင်ငံတော်ကောင်စီဝင် ဦးလျှံကြီး(ချင်းအမျိုးသား) လာခဲ့ပါတယ်။ သူ မရောက်ခင် နှစ်ရက်သုံးရက်လောက်ကြိုပြီး ကျွန်တော်တို့ ကံပေါက်ကျေးရွာအုပ်စုများဖြစ်ကြတဲ့ ကံပေါက်၊ ထန်းကုန်း၊ ရွှေလီ၊ ဆားတွင်းဆိုတဲ့ ရွာ(၄)ရွာက ကောင်စီလူကြီးတွေက ကြိုတင်သတိပေးနှိုးဆော်ထားပြီး တအိမ်တယောက် မလာမနေရ အမိန့်ထုတ်ပြန်ထားတဲ့အပြင် ဦးလျှံကြီးရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်း စာစောင်လေးတွေကိုလည်း ဝေ၄ပြီး ဖတ်ခိုင်းပါတယ်။

ဦးလျှံကြီးဟာ တွန်းဇံမြို့နယ်က မဲဆန္ဒရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်တယ်။ တက္ကသိုလ်ပညာကို ဒုတိယနှစ်အထိ ပညာသင်ကြားဘူးသူဖြစ်ပြီး ဆ–စ–တ–က လက်ထက်မှာ အရောင်းစာရေးလုပ်ခဲ့သူတဦးလည်း ဖြစ်ပါတယ်။ အဲဒီကတဆင့် မဆလ လက်ထက် ပထမအကြိမ် ရွေးကောက်ပွဲမှာ တွန်းဇံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဘဝကနေ နိုင်ငံတော်ကောင်စီဝင် ဖြစ်လာခဲ့ပုံတွေကို အတိုချုပ်ရေးထားတဲ့ လက်ကမ်းစာစောင်လေးတွေဝေပြီး ညွှန်ခံစရိတ်ကောက်ခံ ပါတော့တယ်။

အဲဒီအချိန်က ထီးချိုင့်မြို့နယ်ဥက္ကဌက ဗိုလ်ကြီးလှအေးပါ။ ကျောက်ဆည်သားပေါ့။ မြို့နယ်တရားရေး ဥက္ကဌလည်း ပါလာတယ်။ ကျေးရွာအထိ နိုင်ငံတော်ကောင်စီ ကိုယ်တိုင် ဆင်းလာပြီး တအိမ်တယောက် မလာမနေရ အမိန့်ထုတ်တာကို ရွေးအခါက ရှင်ဘုရင်ကြွလာမှာကို ကြိုသလို ကြိုရမယ် ထင်နေကြဟန်ရှိတယ်။ နေ့ရောညပါ အဲဒီအကြောင်း အိမ်တိုင်းလို ပြောဆိုသံတွေကြားနေရတယ်။

"ဦးလျှံကြီးလာတာ တခြားမဟုတ်ဘူး။ ခုအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ထီးချိုင့်မြို့နယ်ကနေ အရွေးခံပြီး လွှတ်တော်တက်မှာမို့ ခင်ဗျားတို့ဆီ စည်းရုံးရေးလာဆင်းတာ။ သူလည်း ခင်ဗျားတို့၊ ကျနော်တို့လို သာမန်လူတယောက်ပဲ၊ ဘာမှ ဒီလောက်ထိရေးကြီးခွင်ကျယ်လုပ်နေစရာမလိုဘူး"

"ဟာဗျာ .... သူကနိုင်ငံတော်ကောင်စီဗျ ကျွန်တော်တို့ရွာက ကောင်စီဥက္ကဌတို့၊ ရွာခေါင်းတို့တောင် ကျနော်တို့ပြန်ပြောလို့ မဖြစ်တာ၊ သူ့ဆို ဝေးသေး"

"အဲဒါကြောင့် ခင်ဗျားတို့ကို ပြောတာပေါ့၊ သူလည်း ခင်ဗျားတို့၊ ကျနော်တို့လို လူထဲကလူပါဗျာ။ ကဲ .... မွေးကတည်းက အခုထိ တွန်းဇံဆိုတဲ့မြို့ကို ခင်ဗျားတို့ကြားဖူးလား။ ဒီ ထီးချိုင့်တို့၊ တွန်းဇံတို့ဆိုတာကို တခြားလူတွေ မကြားဘူးကြဘူးဗျ။ မဖွံ့ဖြိုး၊ မတိုးတက်တဲ့ မြို့သူမြို့သားအချင်းချင်းတွေ၊ တမြေထဲနေ၊ တရေထဲသောက်သူတွေပါ။ ဒီတော့ လူလူချင်း ဒီလောက်ကြောက်နေစရာ မလိုပါဘူးဗျာ။ သူလည်း ခင်ဗျားတို့၊ ကျနော်



စစ်မှုထမ်းဟောင်းကြီးများလည်း စစ်အာဏာရှင်စနစ် ဖျက်သိမ်းပေးရန်ဆန္ဒပြ

တို့လို သာမန်လူတယောက်ပါ။ ကိုယ့်ကျေးရွာအခက် အခဲတွေတင်ပြရမှာက ကိုယ့်အလုပ်"

"ခင်ဗျားဟာ လူ့ဂွစာဘဲ။ ဒါကြောင့် ခင်ဗျားကို မြို့နယ်ရော၊ ကျေးရွာလူကြီးတွေကပါ ကြည့်မရတာ။ ကျောင်းဆရာမို့ ကြည့်နေတာ၊ နို့မို့သာဆို ကြာလှပြီ"

ကျနော်လည်း ဘာမှ ဆက်မပြောတော့ပါ။ ဦးလျှံကြီးရောက်တဲ့နေ့မှာတော့ ရွာဦးကဇရပ်မှာ ကျေးရွာလူထုအားလုံးကို ခေါ်ပါတယ်။ ရွှေဘိုမြို့က ခလရ–၄၂ က ဒုတပ်ရင်းမှူးကျော်သောင်းနဲ့ စစ်သားတချို့လည်း လိုက်လာကြတယ်။ ရွာသူရွာသားတွေစုံတော့ မြို့နယ်ပါတီကောင်စီ ပုဂ္ဂိုလ်ကြီးတွေက မိန့်ခွန်းဩဝါဒတွေ တသီကြီးပေးပါတော့တယ်။ သူတို့ပြောလို့အားရတဲ့အခါ ရွာသူရွာသားတွေထဲက ဆွေးနွေးမယ့်လူများရှိရင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါ တယ်။ အမှန်က ဆွေးနွေးရဲတဲ့သူ ဒီအုပ်စုမှာ မရှိပါဘူး။ သူတို့ပြောတာကိုပဲ နားထောင်ပြီး ပြန်ကြမယ်လို့ ထင်ခဲ့ကြတယ်။

ပထမအကြိမ် အခန်းအနားမှူးက –

"ဆွေးနွေးမည့်သူများ ရှိပါသေးသလားခင်ဗျား" တယောက်မှ မလှုပ်။

ဒုတိယအကြိမ် –

"ဆွေးနွေးမည့်သူများ ရှိပါသေးသလားခင်ဗျား" အောင်မြင်ဝင့်ကြွားသောလေသံဖြင့် ခေါ်ပြန်ပါတယ်။

တတိယအကြိမ် .... အော်မည်အပြုမှာ ကျွန်တော် မတ်တပ်ရပ်လိုက်ပါတယ်။ အခန်းအနားမှူးလည်း ကြောင်အမ်းအမ်းနဲ့ ဘာဆက်လုပ်ရမှန်းမသိ၊ မျက်စိမျက်နှာပျက်သွားပါတယ်။ သူ့ကိုယ်သူ အိန္ဒြေပြန်ဆည်လိုက်ပြီး "ဆွေးနွေးမည့်လူရှိရင် ဒီရှေ့ကိုကြွခဲ့ပါ"လို့ ဖိတ်ခေါ်လိုက်ပါတယ်။ ကျွန်တော်လည်း ရွာသူရွာသားတွေကြားထဲမှထွက်ကာ –

"ကျနော်တို့ ထီးချိုင့်မြောက်ပြင်သားတွေ တွေ့ကြုံခံစားနေရတဲ့ အခက်အခဲတွေကို တင်ပြဆွေးနွေးပါရစေ။ ကျွန်တော်တို့ ကျေးရွာအုပ်စုတွေက ရွာသူရွာသားတွေဟာ မြန်မာ ပြည်က အခြားမြို့နယ်ကျေးရွာတွေနဲ့ နှိုင်းစာကြည့်ရင် အများကြီးခေတ်နောက်ကျ ကျန်ရစ်နေပါတယ်။ စီးပွားရေးမှာပဲကြည့်ကြည့်၊ ပညာရေးမှာပဲကြည့်ကြည့်၊ ကျန်းမာရေးမှာပဲကြည့်ကြည့် အခြားမြို့နယ်တွင်းမှာရှိတဲ့ ကျေးရွာတွေထက် နိမ့်ကျနေတာကိုတွေ့ရပါတယ်။ စီးပွားရေးမှာဆို ယနေ့အချိန်အထိ ကျနော်တို့ ကျေးရွာတွေမှာ ဘာမှ တိုးတက်အောင်မြင်မှုမရှိဘဲ လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုပဲ သမရိုးကျ လုပ်နေရဆဲပါ။ မိုးရေခံလယ်နဲ့ ကုန်ပစ္စည်းလဲလှယ်ရေး စနစ်ပဲရှိပါသေးတယ်။ ငွေကြေးသုံးစွဲမှုစနစ်ဆိုတာ ထီးချိုင့်မြို့ပေါ်တက်တဲ့ အချိန်နဲ့၊ ကျွဲ၊ နွား အရောင်းအဝယ်ကိစ္စ၊ လယ်ယာခြံမြေရောင်းဝယ်ရေးကိစ္စတွေမှာသာ ငွေကြေးသုံးစွဲကြပြီး အခြားသုံးကုန်ပစ္စည်းနဲ့ သားငါးဝယ်ယူရေးကိစ္စတွေမှာဆို ဝက်သား၊ ကြက်သား၊ အမဲသား၊ ငါးဝယ်တဲ့နေရာတွေမှာ တတင်း တပိဿာတို့၊ တစိတ် သုံးဆယ်တို့၊ တပြည် တဆယ်တို့ဆိုတဲ့ အဆင့်မှာပဲ ရှိနေပါသေးတယ်။ ရှေးကလို စပါးတတင်းပေးရင် ဝက်သား တပိဿာရမယ်။ စပါးတစိတ်ပေးရင် ငါး သုံးဆယ်သားရမယ်ဆိုတဲ့အဆင့်ပဲ ရှိနေပါသေးတယ်။ ရှေးခေတ် လူသားတွေလိုပေါ့။ လယ်ယာစိုက်ပျိုးရေးမှာလည်း အမတော်ကြေး ကို အချိန်မီမရတဲ့အတွက် စပါးကိုကြိုရောင်းရ၊ ငွေတိုးနဲ့ချေးရနဲ့မို့ အချိန်တန်ရင်ကောက်ဆွနဲ့ စကောလောက်ပဲ ကျန်ခဲ့ပါတယ်။

ပညာရေးမှာဆိုရင် ကျွန်တော်တို့ကျောင်းဟာ အလယ်တန်းကျောင်းဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ မလုံလောက်မှုကြောင့် ကျွန်တော်တို့ ကျေးရွာတွေကနေ စပါးကောက်ခံပြီး ဆရာတယောက်ကို စာသင်နှစ်တနှစ်အတွက် စပါးတင်း (၁၀၀) ပေးပြီး နှစ်ယောက်ငှားထားရပါတယ်။ နောက် ကျောင်းသုံးစာအုပ်ဆိုလည်း အပြင်ကနေ အားလုံးဝယ်သုံးနေရတယ်။ ဒီတော့ အလယ်တန်းကျောင်းသားတယောက် ကျောင်းနေနိုင်ဖို့ ဆရာအတွက် စပါးလည်းပေးရ၊ ကျောင်းဝတ်စုံလည်း အပြင်ကဝယ်ရ၊ စာအုပ်၊ ဘောပင်၊ ခဲတံကအစ အပြင်ကပဲ ဝယ်နေရတာကြောင့် တော်ရုံ လယ်သမားသားသမီးတဦးအဖို့ အလယ်တန်းပညာသင်ယူနိုင်ဘို့ဆိုတာ အလွန်ခဲယဉ်းပါတယ်။ ဒီတော့ ကလေးတွေ မူလတန်းအောင်ရင် ကျောင်းထွက်ခိုင်းပြီး မိရိုးဖလာ တောင်ယာအလုပ်ကိုသာခိုင်းကြပါတော့တယ်။ သေစာရှင်စာ ဖတ်တတ်ရင် ပြီးတာပဲ၊ သူတို့ကို တက္ကသိုလ်အထိ မထားနိုင်မယ့် အတူတူ အိမ်အလုပ်ခိုင်းတာကမှ ပိုကောင်းအုံးမယ်၊ ဘွဲ့ရလည်း တနှစ်လုံးလုပ်မှ စပါးတရာနဲ့ညီမျှ တဲ့ ငွေကြေးရတာ၊ ဘာမှမထူး



တပါတီအာဏာရှင်စစ်ဖျက်သိမ်းရေး ဟစ်ကြွေးတောင်းဆိုနေကြစဉ်

တဖက်သို့ ⇔

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီ

**မိုးကြိုး သတင်းစဉ် အမှတ် (၂၃)**



အလုပ်သမားသမဂ္ဂကြီးဖွဲ့စည်း၍အင်အားထုကြီးနှင့်ချီတက်

ဘူး၊ လယ်ထဲခိုင်းတာ အေးတယ်ဆိုပြီး ကျောင်းထွက်ခဲ့ကြရတဲ့ တပည့်တွေလည်း မနည်းတော့ပါဘူး။

ကျန်းမာရေးဆိုရင်လည်း လူတယောက်ဖျားတာနဲ့ ရွာမှာရှိတဲ့ ဗိန္ဒောဆရာကိုပဲ အားထားပြီး ကုနိုင်ကြပါတယ်။ အရေးကြီးလို့ ထီးချိုင့်မြို့နယ်ဆေးရုံသွားပို့လည်း ကိုယ့်ဆေးကိုယ် ဝယ်ထိုးရ၊ ကုတင်မဆံ့လို့ သမံတလင်းပေါ် အိပ်ရတာနဲ့ လူနာစောင့်အတွက် စားစရိတ်ကုန်၊ အလုပ်ပျက်တာပဲ အဖတ်တင်ခဲ့တာများပြီး မတော်ရင် အဆုအငေါက်ခံရပါသေးတယ်။ ဆေးရုံကဆင်းပြန်တော့လည်း ဒေါက်တာအတွက် လက်ဆောင်ပစ္စည်းတို့၊ ငှက်ပျောသီး၊ ကြက်၊ ကြက်ဥစတာတွေ လက်ဆောင်ပေးနိုင်မှ နောင် ဆေးရုံကို မလွှဲသာမရှောင်သာရောက်ခဲ့ရင် ကုတင်နဲ့နေရမှာ။ နို့မို့ဆိုရင်တော့ သမံတလင်းနဲ့ နှစ်ပါးသွားရမယ်သာ မှတ်ပေတော့။ ဆေးရုံရောက်တယ်ဆိုရင် ကျနော်တို့ ကျေးရွာသူ ကျေးရွာသားတွေဟာ ဆေးရုံက သန့်ရှင်းရေးသမားကိုတောင် ကြောက်နေရပါတယ်။ ဘယ်သူ့ကိုမှ အကူအညီမတောင်းရဲသလို၊ ဘယ်သူမှလည်း ကူညီမဲ့သူ မရှိပါဘူး။ ဆေးရုံရောက်လို့ အသက်ရှင်ပြီး ပြန်ခဲ့ရသူက နည်းနည်းပါ။

လမ်းပန်းဆက်သွယ်ရေးဆိုရင်လည်း ထီးချိုင့်မြို့ကို (၇)မိုင်ခရီး ခြေလျင်သွားရပြီး ထီးချိုင့်နဲ့ အနီးဆုံးမြို့ဖြစ်တဲ့ ကသာမြို့ကိုတောင် တနေ့ခရီးဆန်တက်ရတဲ့ ရေကြောင်းခရီးတခုထဲပဲ ရှိပါတယ်။ မန္တလေးမြို့ဆိုရင် နှစ်ရက်နဲ့တည စုန်ရတဲ့ ရေလမ်းခရီးပါ။ နွေအခါ ရေလမ်းခရီးမှာဆိုရင် သင်္ဘောတွေ မကြာခဏ သောင်တင်တာကြောင့် ခရီးသွားရက်ကို သတ်မှတ်လို့မရနိုင်ပါဘူး။ ဒါလဲ ကိုယ်သွားချင်တဲ့အချိန် နေ့စဉ်ခရီးသွားလို့မရပါဘူး။ အစုန်တရက်၊ အဆန်တရက်မို့ တရက်ခြား သင်္ဘောပါတ်ကိုစောင့်ပြီး သွားရတာမျိုး။ ဒီတော့ ကျေးရွာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ စပါး၊ ပဲ၊ နှမ်း၊ နေကြာစတဲ့ သီးနှံတွေကို ထီးချိုင့်မြို့ပေါ်က ကုန်သည်တွေ ပေးတဲ့ဈေးအတိုင်းပဲ ရောင်းချရပါတယ်။ သီးနှံရောင်းတဲ့အခါမှာလည်း တင်းကကြီးတဲ့အပြင်၊ တင်းမောက်လို့ သစ်သီးလိမ့်ကျတဲ့အထိ ချိန်ယူရောင်းရပြီး၊ လက်ရှပ်တင်းချင်းဆိုရင် ဆယ်တင်းကို တတင်းအပိုဆောင်းပေးရပါတယ်။ ဒီလို မတရားမှုတွေကိုတွန်းလှန်ဘို့ ကျေးရွာသားတွေစုပေါင်းပြီး မန္တလေးအထိ ဆင်းရောင်းမယ် စိတ်ကူးပြန်တော့လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြောင့် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီတော့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စတွေကို အဆင်ပြေချောမွေ့ စေဘို့အတွက် ကျွန်တော်တို့ ထီးချိုင့်မြို့ကို လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ကုန်းလမ်းဖောက်ပေးနိုင်မယ်ဆိုရင် ကျနော်တို့ ကျေးရွာတွေ အခြားကျေးရွာများနည်းတူ တိုးတက်အောင်မြင်လာမှာ မလွဲပါဘူး”

“နောက်ဆုံးအနေနဲ့ ကျနော်ပြောချင်တာက နေရာတိုင်းမှာ ကြောက်လန့်ပြီး ကျနော်တို့ရဲ့ အဖြစ်မှန်တွေကို မပြောရဲ၊ မဆိုရဲဘဲ ဒီအတိုင်းနေကြမယ်ဆိုရင် အထက် လူကြီးတွေက ရွာလူကြီးတွေပြောတာကို အဟုတ်မှတ်ပြီး ယုံနေကြမယ်ဆိုရင် ကျနော်တို့ရဲ့ဘဝတွေဟာ ဘယ်နည်းနဲ့မှ တိုးတက်အောင်မြင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ကျေးရွာသူ၊ ကျေးရွာသားအချင်းချင်း၊ ဘဝတူတောင်သူ လယ်သမားအချင်းချင်း ဗိုလ်ကျအုပ်ချုပ် တာကိုတော့ စဉ်းစားနိုင်ကြဖို့ ကျနော် ပုံပြင် လေးတခု ပြောပြပါရစေ။ တချို့လည်း ကြား ဖူးပြီးသား ဖြစ်ချင်ဖြစ်နေမှာပါ။ ဒါကို တအောင့်သီးခံပြီး လေးလေးနက်နက် နားထောင်ကြဖို့ မေတ္တာရပ်ခံပါရစေ”

“တချိန်က ကျေးရွာတရွာမှာ အလွန်အခိုးကျွမ်းကျင်တဲ့ ခွေးသူခိုးတကောင်ရှိတယ်။ ဒီခွေး ခိုးသမျှအိမ်တွေက အိမ်ရှင်တွေ စောင့်ဖမ်းပေမယ့် ဒီခွေးသူခိုးကိုမမိဘူး။ ဒီတော့ ဒီခွေးက အခြားခွေးတွေထက် အစားအသောက်မှန်ပြီး ဝဝဖြိုးဖြိုးဖြစ်နေတာပေါ့။ တညတော့ ခဝါသည် အိမ်ကိုဝင်ပြီး ခိုးစားတယ်။ အိမ်ရှင်ကနိုးပြီး ထလိုက်တော့ ခွေးသူခိုးက နီးရာအပေါက်ကနေ ခုန်ချလိုက်တာ အထည်ဆေးဆိုးတဲ့ အနီရောင် ဆိုးဆေးအိုးထဲကို ကျသွားတယ်။ အဲဒီကတဆင့် ခုန်ထွက်ပြီးပြေးလိုက်တာ စမ်းချောင်းလေး တခုနားကိုရောက်သွားတယ်။ အဲဒီရောက်တော့ မိုးစင်စင်လင်းနေပြီ။ မောမောနဲ့ ရေသောက်ဖို့ ငြင်တဲ့အခါ သူ့မျက်နှာကို စမ်းချောင်းရေပြင်ပေါ်မှာ ပြန်မြင်လိုက်ရတော့ သူအတော့်ကို အံ့သြသွားတယ်။ သူ့ရုပ်ဟာ နဂို ခွေးသူခိုးရုပ်ပျောက်ပြီး ခပ်ခန့်ခန့် ခွေးကြီးကြီးတကောင် ဖြစ်နေတယ်။ အသွေးအရောင်ပြောင်းသွားတော့ ခွေးနဲ့ ဆင်ဆင် တူတဲ့ သတ္တဝါတကောင်လို ဖြစ်နေတာပေါ့။ ဒါနဲ့ ရေသောက်ပြီး သူနေတဲ့ ခွေးအုပ်ထဲကို ပြန်သွားတယ်။ သူရောက်တော့ ကျန်တဲ့ခွေးတွေက အဲဒီခွေးသူခိုးကို မမှတ်မိတော့ဘူး။ အဲဒီမှာတင် သူ အကြံရပြီး ခွေးတွေအားလုံးကို ခေါ်လိုက်တယ်။ ခွေးတွေအားလုံး သူ့အနားကို ရောက်လာတော့ သူက ခွေးတွေကိုပြောတယ်။

“အဟမ်း၊ ငါဟာ တောသုံးတောင်ပိုင်တဲ့ ခြင်္သေ့ဖြစ်တယ်။ ဒီတော့ မင်းတို့ရဲ့ အရှင်သခင်ဟာ ငါပဲ။ ဒီနေ့ကစပြီး ငါ့ဘုရင်အတွက် အစားအသောက်တွေကို မင်းတို့ရှာပြီး နေ့စဉ်ဆက်သရမယ်။ မဆက်သရင် မင်းတို့ကို ကြီးလေးတဲ့အပြစ်ပေးမယ်”လို့ အမိန့်ချမှတ်လိုက်တယ်။ အဲဒီမှာတင် ခွေးတွေဟာ စဉ်းစားဆင်ခြင်မှုကင်းစွာနဲ့ ခွေးသူခိုးပြောတဲ့အတိုင်း နေ့စဉ် အစာရှာဖွေကျွေးမွေးခဲ့တယ်။ ဒီလိုနဲ့ ရက်ပေါင်းလပေါင်းများစွာကြာလာတဲ့အခါ ခွေးအိုကြီးတကောင်ဟာ အဲဒီခွေးသူခိုးကို ကြည့်ပြီးစဉ်းစားတယ်။ ဒို့ရဲ့အရှင် သခင်ဖြစ်တဲ့ သူဟာ အနေအထိုင်အစားအသောက်၊ ပြောပုံဆိုပုံတွေအားလုံးဟာ ငါတို့ခွေးတွေနဲ့ တပုံစံထဲပဲ။ ဒီတော့ ဒီကောင်ဟာ ဘယ်နည်းနဲ့မှ ခြင်္သေ့မဖြစ်နိုင်ဘူးလို့ စိတ်ကူးမိပြီး အခြားခွေးတွေကို ပြောပြတယ်။ အချို့ခွေးတွေက မယုံကြသလို၊ ယုံကြည်တဲ့ ခွေးတွေလည်း ရှိကြတာပေါ့။

“ကဲ ဒီတော့ ခင်ဗျား ဘာလုပ်ချင်သလဲ”လို့ တခြားခွေးတွေက သူ့ကိုမေးတယ်။ ဒီတော့ သူက “တညလောက် သူ့အနားမှာ ဝိုင်းအူကြည့် ကြရအောင်”လို့ ပြောလိုက်တယ်။ အားလုံးက သဘောတူတာနဲ့ တညတော့ ခွေးသူခိုးအနားကိုသွားပြီး ဝိုင်းအူလိုက်ကြတယ်။ ရုတ်တရက်ဆိုတော့ ခွေးသူခိုး လည်းလန့်ပြီး လိုက်အူဖို့ ပြင်လိုက်တယ်။ ဒါပေမယ့်ချက်ချင်း သတိရလိုက်ပြီး မအူမိအောင် ထိန်းထားလိုက်တယ်။ သူ အူလိုက်ရင် ဇာတိရုပ်ပေါ်ပြီး ရာဇပလ္လင်ပေါ်က ခွေးပြေးပြေးရမယ်ဆိုတာကို သူက သိနေတာကိုး။ ခွေးတွေ အားရအောင်အူပြီးသွားတဲ့အခါ သူတို့နေရာသူတို့ ပြန်သွားကြတယ်။ ခွေးသူခိုးကိုလည်း ခြင်္သေ့လို့ပဲ ယုံသွားပြီးခွေးအိုကြီးရဲ့စကားကို မယုံကြတော့ဘူး။ ဒါပေမယ့် ခွေးအိုကြီးကတော့ လက်မလျှော့သေးဘူး။ ဒီတော့ ခွေးမှန်ရင် မအူဘဲမနေနိုင်တဲ့ တော်သလင်းလရောက်ရင်တော့ အကြောင်းသိရမယ်ဆိုပြီး တော်သလင်း လပြည့်နေ့ည ခွေးသူခိုးအိပ်မောကျနေတဲ့ အချိန်မှာ အနားကပ်ပြီး ဝိုင်းအူလိုက်တာ ခွေး သူခိုး အိပ်ရာကလန့်နိုးပြီး သတိလက်လွတ် လိုက်အူမိပါတော့တယ်။ အဲဒီမှာတင် ဇာတိရုပ်ပေါ်လာတာကြောင့် ခွေးသူခိုးဟာ ခွေးပြေးပြေးခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ‘ခွေးပြေးပြေးရမယ်’ဆိုတဲ့ စကားပုံပေါ်လာ တယ်ထင်ပါရဲ့။ ဒီတော့ ကျနော်တို့ အားလုံးဟာ ကိုယ့်နိုင်ငံသားအချင်းချင်း၊ မတရား အနိုင်ကျင့်ဗိုလ်ကျနေတဲ့ ဆေးဆိုးထား တဲ့လူတွေ၊ အရေခြုံထားတဲ့ လူတွေရဲ့ အရေခွံ တွေကို ခွာချပြကြပါလို့ ပြောရင်း နိဂုံးချုပ် ပါတယ်”

ကျနော့်စကားအဆုံးမှာ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ ဆူညံသွား ပါတော့တယ်။ ကျနော် ပြောသမျှအားလုံးကို မှတ်တမ်းတင်ထားပါတယ်လို့ ဦးလျှံကြီး ကိုယ်စား မြို့နယ် အလုပ်အမှုဆောင်အဖွဲ့မှ ကောင်စီဝင်တဦးက ပြောပြီး၊ မြို့နယ်ပြည်သူ့ ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှအေးကတော့ ကျနော်တို့ ပုံပြောတာ လာနားထောင်တာ မဟုတ်ဘူးလို့ ပြန်ပြောခဲ့ပါတယ်။ အစည်းအဝေးပြီးလို့ သုံးရက်မြောက်တဲ့နေ့မှာတော့ အလယ်တောရဲစခန်းက ရဲသား နှစ်ယောက်ရောက်လာပြီး ကျနော့်ကို ထီးချိုင့် အချုပ်ထဲ ထည့်လိုက်ပါတော့တယ်။ ဘာမသိ ညာမသိနဲ့ အချုပ်ထဲရောက်နေတော့ မြို့ပေါ်က ဆရာ၊ ဆရာမ မိတ်ဆွေတွေဆီ အကြောင်းကြားအကူအညီတောင်းခဲ့ပေမယ့် တယောက်မှ ပေါ်မလာပါဘူး။ ပညာရေးမှူး ဖြစ်တဲ့ မြို့နယ်အထက်တန်းကျောင်းအုပ်ကြီးဆီ သတင်းပို့တော့လည်း အကြောင်းမထူး။ အချုပ်ထဲ တပတ်ကျော်ကျော်ကြာတော့ ကျွန်တော့်ကိုယ်ရေးရာဇဝင်ကို ရေးခိုင်းပါတယ်။ မွေးရပ်ဇာတိကနေ ကျောင်းဆရာဘဝအထိ ဖြစ်စဉ်ကို အသေးစိတ်ရေးခိုင်းပါတယ်။ ရေးပေးပြီး နှစ်ရက်လောက်ကြာတဲ့အခါ ကျနော့်ကို ခေါ်ပြီး နှုတ်မေးခွန်းတွေ တသီကြီးမေးပါတယ်။ တရက်တကြိမ်၊ လေးရက်လောက်စစ်တယ်။ နောက်ဆုံးနေ့ ညဆယ်နာရီလောက်မှာ ကျနော့်ကို လက်ထိပ်ခတ်ပြီး ရဲစခန်းရှေ့ အလံတိုင်နဲ့ ကျနော့်ခေါင်းကို ကိုင်ဆောင့်ပါတယ်။ တချက်၊ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ ငါးချက်။ ဖျဉ်းခနဲ ဖျဉ်းခနဲကနေ၊ ပူခနဲ ပူခနဲ ဖြစ်လာပါတယ်။ ခပ်စေးစေးအရည်တွေ မျက်နှာပြင်ပေါ် စီးကျလာပါတယ်။ ခေါင်းကွဲသွားပြီး သွေးတွေ ဖြာကျလာပါတယ်။ “ဟေ့ကောင်ပြေးစမ်း” ဆိုပြီး နောက်ကျောကို တွန်းလွှတ်လိုက်ပါတယ်။


ဆေးကျောင်းသားများသမဂ္ဂမှ ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်


ကျောင်းသားငယ်လေးတွေမှအစ အရေးတော်ပုံကြီးမှာ ပါဝင်လာကြပြီ

တဖက်သို့ →

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

BINA
Burma's Independent News Agency
မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်း အေဂျင်စီ

## မိုးကြိုး သတင်းစဉ် အမှတ် (၂၃)

အဲ့ဒီနောက်….

နောက်ကနေ သေနတ်မောင်းတင်သံကြားလိုက်ပါတယ်။ အားလုံးလည်း အရက်နံ့ တထောင်းထောင်းနဲ့ မူးနေပုံရတယ်။



နဝတ ခေတ်ရောက်တော့ လူမမယ်လေးတွေက လမ်းဘေးဈေးသည်

"ခွေးမသား လူလိမ်၊ မင်း ၇၄–ခုနှစ် ကျောင်းသားအရေးအခင်းမှာ ပါတယ်မဟုတ်လား"

"မင်း ဒီထီးချိုင့်ကိုရောက်ခဲ့တာ ၇၄–ခုနှစ်ပဲ၊ မင်း ထွက်ပြေးပြီး လာရှောင်နေတာ မဟုတ်လား"

"ကျနော် ဘယ်အရေးအခင်းမှာမှ မပါဘူး၊ လာပြီးရှောင်နေရင် ကျောင်းဆရာလုပ်မလား၊ ခင်ဗျားတို့စဉ်းစားကြည့်ပေါ့"

"အေး …. ငါတို့ အခုမင်းတို့မြို့ ရဲစခန်းကို မင်းအကြောင်း မေးထားတယ်၊ ဟုတ်လို့ကတော့ မင်းသေပြီသာမှတ်၊ ဒီနေရာမှာ အလံနီမရှိတော့တာ မင်းကံကောင်းတယ်"

"ငါတို့မြို့က ကျောင်းသားတွေ လှုပ်လှုပ်ရှရှဖြစ်တာနဲ့ မင်းတော့ သေဖို့သာပြင်ထား"

အားရအောင် ဆဲဆိုကြိမ်းမောင်းပြီး ဘယ်ပြန်ညာပြန် ကန်ပါတယ်။ ဘေးနဲ့ ကျောဘက်မှာတော့ တပ်ကြပ်ကြီး စိုးမြင့်၊ တပ်ကြပ်သန်းဆွေ၊ ရဲသားမြင့်ဆွေ (ယခုတပ်ကြပ်ကြီး)၊ ရဲသား'ပေါ်များ'နဲ့ အခြားရဲသားတဦး စိတ်ရှိလက်ရှိ ထိုးနှက်ဝိုင်းရိုက်ကြပါတယ်။ ရိုက်လို့ အားရမှ အချုပ်ဗူးခန်းထဲ ထည့်လိုက်ပါတယ်။ အချုပ်ထဲဝင်တဲ့ တံခါးအဝင်ဝ၊ အချုပ်သားတွေ ဖိနပ်ချွတ်တဲ့နေရာ၊ အကျယ်က သုံးပေပတ်လည်လောက်ရှိပါတယ်။ အချုပ်ခန်းထဲဝင်ဘို့ တံခါးနှစ်ခုရှိပါတယ်။ ပထမတံခါးကိုဖွင့်ပြီး လူကို အချုပ်အဝင်ဗူးခန်းထဲမှာထည့်ပြီး ပြန်ပိတ်လိုက် ပါတယ်။ နောက် အတွင်းတံခါးကိုဆွဲဖွင့်ပြီးမှ အချုပ်ခန်းတွင်းဝင်ရတဲ့နေ့မှာ (ထိုင်ရင်တောင် ဒူးနှစ်ချောင်းထောင်ပြီး ထိုင်ရတဲ့နေရာမှာထားပြီး) အချုပ်တွင်းက လူတွေနဲ့ စကားမပြောဘို့နဲ့ အချုပ်ထဲက လူတွေကလည်း စကားမပြောဘို့ ညဘာယာနဲ့ တန်းစီးတွေကိုမှာပြီး ပြန်ထွက်သွားပါတယ်။ ကျနော် ဗူးထဲရောက် တဲ့အချိန်ဟာ ညနှစ်နာရီလောက်ရှိပြီး တကိုယ်လုံးနာကျင်ကိုက်ခဲနေပြီး



ကိုယ့်တိုင်းပြည်ဟန်မကျလို့ တိုင်းတပါးရောက်တော့လည်း အဖမ်းခံရပြန်ပြီ

ရဲစခန်းရုံးခန်းထဲ ခေါ်သွားပါတယ်။ လက်ထိပ်သံကြိုးနဲ့ စားပွဲအောက်ခြေမှာ ဆောင့်ကြောင့်ထိုင်လျက်သား တုပ်ထားလိုက်ပါတယ်။ ထလို့လှုပ်လို့မရပါ။ စားပွဲဒေါင့်စွန်းပေါ်မှာ ဒုစခန်းမှူးထွန်းရီက ခြေထောက်နှစ်ဘက် ရှေ့ချပြီး ကျနော့် နံဘေးတွေကို ဘောလုံးကန်သလို တကိုယ်လုံးလည်း သွေးတွေနဲ့စေးထန်းထန်း ဖြစ်နေပါတယ်။ ကျနော် တညလုံးအိပ်မရပါ။

မိုးလင်းတော့ အခြားဝတ်စုံတစုံယူခဲ့ပြီး ကျနော့်အဝတ်အစားတွေအားလုံးလည်းယူသွားပါ တယ်။ ကွဲသွားတဲ့ ဒဏ်ရာနဲ့ ကိုယ်ခန္ဓာပေါ်မှာရှိတဲ့ သွေးတွေကို ရေပတ်တိုက်ပြီး ဖျောက်ဖျက်ပစ်လိုက်ပါတယ်။။ ထမင်းစားချိန်ရောက်တော့ ထမင်းကျွေးပါတယ်။ ထမင်းစားမယ်လုပ်ပြီး ပါးစပ်ဟလိုက်တာ ပါးစပ်ဟလို့ မရတော့ပါဘူး။ ဆာကလည်း ဆာနေတာကြောင့် ပါးစပ်ပေါက်ကနေပဲ ထမင်းလုပ်ကို အတင်းထိုးသွင်းပြီး နှစ်ချက် သုံးချက် ပါးစပ်ပိတ် ဝါးပြီး မျိုချလိုက် ပါတယ်။ ဒီလိုနဲ့ သုံးရက် မြောက်တဲ့နေ့မှာတော့ ပါးစပ်ဟပြီး စားလို့ရပါတယ်။ ဗူးခန်းထဲကတော့ မထုတ်သေးပါဘူး။ လှည့်မရပြုမရနဲ့ ညောင်းရင် မတ်တပ်ရပ်၊ ရပ်လို့ညောင်းရင် ပြန်ထိုင်နဲ့ တပတ်လောက်ကြာတဲ့အခါ မျက်နှာက ဒဏ်ရာတွေ ပျောက်သလောက် ဖြစ်သွားပြီး ခေါင်းကဒဏ်ရာကတော့ နည်းနည်းကျန်နေပါတယ်။ နောက်တော့ အချုပ်ခန်းထဲပြန်ပို့တယ်။ ဗူးခန်းထဲမှာ တပတ်လုံးလုံး ထိုင်လိုက်ထလိုက်၊ ငိုက်လိုက်နဲ့ နေခဲ့ရတာမို့ အချုပ်ထဲလည်း ပြန်သွင်းလိုက်ရော ခဏလှဲလိုက်တာ တအောင့်အတွင်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတယ်။ ဘယ်လောက်ကြာတယ် မပြောပြနိုင်ပေမယ့် ညနေထမင်းကျွေးချိန်ရောက်လို့ အချုပ်သားတွေ ထမင်းဆွဲချိန်ရောက်တော့ လူတယောက်က လာနှိုးမှပဲနိုးပါတော့တယ်။ ညနေစာ ထမင်းစားပြီးပြန်လှဲလိုက်တာ တခါထဲ အိပ်ပျော်သွားပြန်တယ်။

နောက်နေ့တွေမှာတော့ ပုံမှန်အနေအထား ရောက်ပြီး ကိုယ့်ရွာနီးနားအချုပ်သားတွေကိုစည်းရုံးပြီး အပြင်ရောက်ရင် တရားပြန်စွဲမယ်၊ သက်သေလိုက်ရဲသလားလို့မေးတော့ လေသာကုန်းကျေးရွာက မောင်နီနဲ့ ပေါက်ကုန်းကျေးရွာက ကျော်သောင်းတို့က သက်သေလိုက်ပေးမယ်ပြောတာနဲ့ သူတို့ရဲ့ လိုအပ်မှု စားစရာသောက်စရာတွေကို အပြင်ရောက်ရင် လိုလေသေးမရှိအောင် တာဝန်ယူပါ့မယ်လို့ ကတိပေးခဲ့တယ်။ တလကျော်လောက်ကြာတဲ့အခါ ရွာသူရွာသားအချို့လိုက်လာပြီး စားစရာသောက်စရာနဲ့ ခပေါင်းဆေးလိပ်ဘူးတွေ လာပို့ကြပါတယ်။ တချုပ်လုံး ဝေငှစားသောက်ပေမယ့် မကုန်နိုင် မခန်းနိုင်ပါပဲ။ တပည့်တချို့လည်း ပါလာတယ်။ နောက်မှ သိရတာက သူတို့ကို အခုမှတွေ့ခွင့်ပြုလို့ လာခဲ့ရကြောင်းနဲ့ အရင်အခေါက်တွေ ကလာပေမယ့် တွေ့ခွင့်မရကြောင်း၊ (၇)မိုင်ခရီးကို ခြေလျင်ခေါက်ခေါက် လာခဲ့ကြပေမယ့် သူတို့တွေ့ခွင့်မရတဲ့ အကြောင်းကိုလည်း ပြောပြပါတယ်။

ဒီလိုနဲ့ ထီးချိုင့်အချုပ်ထဲမှာ (၄၅) ရက်ချုပ်ရက်ပြည့်တဲ့အခါ ဒဏ်ရာအားလုံး ပျောက်ကင်းပြီး လူကောင်းပကတိအသွင်မျိုးနဲ့ ပြန်လွှတ်လိုက်ပါတယ်။ ရွာရောက်တော့ ရွာသူရွာသား တပည့်တပန်းတွေကကြိုဆိုပြီး မေးကြမြန်းကြနဲ့ တကယ့်သူရဲကောင်းကြီး စစ်နိုင်ပြီး ပြန်လာသလို အားရဝမ်းသာရှိနေကြတာကို မြင်ရတော့ "ငါ ခံရကျိုးနပ်တယ်" လို့ ထင်မိတာ အမှန်ပဲ။

အချုပ်ကလွတ်ပြီး တပတ်အတွင်း မြို့နယ်တရားရုံးကို အချုပ်အတွင်းမှာ မတရား ဖမ်းဆီးရိုက်နှက်ခံခဲ့ရမှုတွေအတွက် သက်သေနဲ့တကွ ဦးတိုက်လျှောက်ပါတယ်။ မြို့နယ်တရားရုံးက အမှုကိုလက်ခံပြီး ထီးချိုင့် စံပြကွက်သစ်က တရားသူကြီးအဖွဲ့ဝင် ဦးမြ၊ တရားသူကြီးအဖွဲ့ဝင် ဦးသန်းမောင်၊ ကျီးကန်းဒေါင်းကျေးရွာ (ထီးချိုင့်မြို့နယ်) တရားသူကြီးဥက္ကဌ ဦးစောဖေ၊ ကွင်းကြီးကျေးရွာ(ထီးချိုင့်မြို့နယ်)တို့က တရားသူကြီးများအဖြစ်ဆောင်ရွက်ပြီး အမှုကို လက်ခံစစ်ဆေးပါတယ်။ နောက် ရုံးချိန်းတွေ အလီလီပေး၊ အမှုကို မကြာကြာအောင်ဆွဲထားပြီး အချုပ်တွင်းရှိသက်သေတွေကို နည်းမျိုးစုံနဲ့ ခြိမ်းခြောက်ညှဉ်းပန်းမှုတွေ လုပ်ခဲ့တာကြောင့် အမှုခိုင်လုံမှုမရှိတော့ပဲ စွဲချက်တင်မရဘူးလို့ အကြောင်းပြပြီး အမှုကိုပိတ်ပစ် လိုက်ပါတယ်။ ဒီကိစ္စအတွက် အကျိုးအမြတ် ဖြစ်သွားတာကတော့ ကျွန်တော့်ဘက်က သက်သေလိုက်သူ နှစ်ယောက် ထောင်ကျသွားပါတယ်။ ကျနော့် စိတ်ထဲမှာ ပိုလို့သာ ခံစားမိပြီး အမှန်တရားအတွက် မတရားမှုတွေ ချုပ်ငြိမ်းပါမှ၊ မတရားမှုချုပ်ငြိမ်းဖို့ဆိုတာက တပါတီအာဏာရှင်စနစ်ကို အမြစ်ပါလှန်ပစ်နိုင် ပါမှ၊ တပါတီအာဏာရှင်စနစ် အမြစ်ပါလှန်ပစ်နိုင်ဖို့ဆိုတာက ….။ ■

**မှိုင်း ၉၀ (နယ်စပ်)**

# ချစ်ခြင်းတစပြင်

ပင်လယ်ဖျံတွေက
အတ္တလွန္တစ်ကိုပဲ ချစ်ကြသတဲ့လေ …

ရေမျက်နှာကတော့
တစစ စေးထန်းလို့လာလေရဲ့ …။

အေးစက်ပျစ်ချွဲ ရေတွေလည်း
ခဲသွားကြပြီ

အတ္တလွန္တစ်ဟာ ရေခဲသမုဒ္ဒရာကြီးဟော့။

ပိတ်မိသွားကြပေါ့
ပင်လယ်ဖျံတွေရဲ့ မျက်ရည်စက်တွေလည်း
အေးခဲသွားလိုက်ကြတာ
ရုန်းကြွငိုညည်းသံတောင်မကြားရ
အတ္တလွန္တစ်ဟာ သူတို့ရဲ့ချစ်ခြင်း။

ပင်လယ်ဖျံတွေက
အတ္တလွန္တစ်ကိုပဲ ချစ်မြဲချစ်သတဲ့လေ။

**ခင်လွန်း**

အလင်းထောင့်ဂျာနယ်
အမှတ် ၂၊ ၁၉၉၁

ရရရရ အရေးတော်ပုံတွင် ချစ်မြတ်နိုးသော အမိမြန်မာပြည်အတွက် ကျဆုံးခဲ့ကြသည့် အာဇာနည်များကို ဂုဏ်ပြုရေးသားပါသည်။

The Lightning

Established in 1999. 2001. Issue No. 23

# All the Devil's Men

*By Gamanii*

*Under the military regime, all the evil practices of governance that could be dreamed up, acquire flesh and soul. Forced labor, child labor, child soldier conscription, sweatshops, concentration camps, forced evictions and resettlements, forced donations and extortions or informal but compulsory taxations, corruption and embezzlement, cronyism and nepotism -- you name it, they've got it -- have all become irreversible trends inseparable with the Police State of Burma.*

Most governments and bodies of authority around the world use "carrot and stick" method in administering their respective countries or communities, the democratic bodies stressing the carrot aspect and the dictatorial ones putting emphasis on the stick. But Burma's military rulers are unique in that by a very liberal use of "iron" sticks and "fake" carrots. Burmese junta's heavy-handed repression creating a police state with a reign of terror, combined with abundant amounts of lies, deceits, frauds and cheatings, recalls memories of Hitler and Goebbels.

Burma's military junta boasts of their "achievements" in development projects implying these as proof of their ability and justification for running the country. But when we look back in history, we saw that Hitler's Third Reich could claim of more impressive development and economic accomplishments prior to the outbreak of World War II. Hitler's *autobahns* were far more superior to SLORC/SPDC's highways and bridges. After assuming power in 1933, Hitler was able to host the Olympic Games in Berlin 1936, which was the most spectacular and grandiose event in pre-World War II era. In contrast, SLORC/SPDC, after 13 years in power, hasn't been able yet to host even the SEA Games. The much ballyhooed Traditional Boat Race, Traditional Equestrian Show, National Sports Festival and Rangoon Mayor's Marathon Race have all passed into oblicion quietly.

However much Hitler was able to develop the German nation and pushed her economy upward, he destroyed her totally with his Nazism. Hitler is remembered not for his development and economic successes, but for his tyranny and crimes against humanity which are the worst in history of mankind. Likewise, Burma's notorious generals will go down in Burmese history as the most evil and despotic rulers, surpassing the most brutal monarchs of the past and even the Japanese Fascists who ruled Burma during World War II. The junta's much bragged about development and economic "achievement" cannot redeem its crimes against the Burmese people and the utter devastation it is bringing about.

Another "success" claimed by the military regime concerning the pacification of the country, could also be compared to Hitler's achievement in "restoring laws and order" in pre-World War II Germany. The ethnic insurgents groups of Burma, that have "renounced armed conflict" and "entered the legal fold" or "exchanged arms for peace," have not been disbanded and assimilated into the civil society and the national army as a normal and logical peace process should do. Instead they have become *de facto* governments complete with their own laws and armies, running the affairs of sizable chunks of population and territory where the central government is quite powerless. The military regime is trying her best to hide the fact that civil war in most parts of Burma has changed into a sort of internal "cold war."

The 17 armed ethnic groups that have "entered the legal fold," together with SPDC governments and Burma Army, have turned Burma into a queer order of state with at least 18 separate, functioning governments and 18 more-or-less-independent armies in a very confusing array. If we take into account all the break away splinter groups that entered into separate "agreements with the regime, then we can see that it is the most chaotic "peace solution" in the world, chaotic not only in administrative, security and territorial questions but also in the economic field which includes the drug business. In fact, "exchange of arms for peace "should better be described "exchange of arms for drugs.

The evil generals have made it their secret policy to okay production of drugs as long as it is not for internal consumption but for "export only" and pays "taxes" regularly. They have adopted the dictum, first put forward by druglord Khun Sa, which proudly likened Burma's production of drugs to Big Powers production of nuclear weapons and crazily dreamed of threatening and holding the world to ransom.

Lying, deceiving, swindling and cheating are the "Fake carrot" hallmarks of Burmese junta but its "iron stick" should not be under-stressed. One of the features comparable to Hitler's Third Reich is the genocide now being committed in Karenni and Karen areas which is the most brutal in Burmese history since Burmese king Aung Zeya aka Alaungpaya's genocide of Mons and Thais in the 18th century. Whole villages have been wiped out, looted and burned, all means of subsistence completely destroyed, eitire population systematically cleared with male members killed or maimed, female members raped and/or killed under the name of "4 cuts." Until the right of free access to the killing fields in ethnic areas by international investigators and newsmen is granted, the magnitude of the genocide would never be known in full but it is certain that Burma's Satanic rulers are on a par with Serbia's or Rwanda's rulers currently on trial in The Hague.

Under the military regime, all the evil practices of governance that could be dreamed up, acquire flesh and soul. Forced labor, child labor, child soldier conscription, sweatshops, concentration camps, forced evictions and resettlements, forced donations and extortions or informal but compulsory taxations, corruption and embezzlement, cronyism and nepotism -- you name it, they've got it -- have all become irreversible trends inseparable with the Police State of Burma. There are being done by the regime with the intent of *taking revenge* in the people for staging the 8.8.88 uprising and voting for NLD in 1990 elections, as well as of reducing government expenditures, robbing the people and thus extracting huge profits for the junta. Burma's prisons and gulags have become abodes of the Devil on earth with state-of-the-art techniques in physical and mental torture, cruelly and human rights abuse. In fact, the SPDC could also be an acronym for "Secret Police of the Devil's Council."

The real strength of the military rulers lies in the secret police, which is officially called Military Intelligence (MI). Without the secret police, the military is too dumb to hang on power for long. The outdated, behind-the-times military only knows *how* to shoot and kill as the Supreme Tyrant Ne Win had said back in the 1988 before he officially stepped down from power.

But it is the somewhat smarter secret police of Khin Nyunt who know whom to shoot, when to shoot, where to shoot and find a cause to shoot efficiently enough, thanks to its unlimited budget and access to facilities. This is the sole reason, a legacy of Ne Win era, why the dumb military submits to secret police chief Khin Nyunt despite military hardliners' irritation.

Khin Nyunt and his secret police know that "iron stick" alone, whether it be the dumb military's stupid iron stick or the secret police's somewhat smarter iron stick, would not be sufficient to run the business and there ought to be a super heavy lot of lying, deceiving and cheating, like Goebbels did in German Third Reich. But lately, they seem to be running out of raw materials and means for fraud and swindle after 12 years of intensive lying and deceiving but getting nowhere.

In order to stay in power, SLORC/SPDC joined in the chorus acred by Mr. Lee Kwan Yew and Dr. Mahathir, before the Asian Financial Crisis of 1997, that claimed and propagated the so-called "Asian Values" which states Democracy is Western-oriented and Asia has nothing to do with democratic style of government which was born in ancient Greece and therefore, is suited only for the West. They are deliberately hiding the truth that democratic governments arose not only in ancient Greece and Rome but also in ancient India more than 2500 years ago. The *Gana* states mentioned by Lord Buddha were the states practising democratic rule. During Buddha's lifetime, Vesali, Kusinaron and Taxila, where the mankind's earliest university of higher education existed, were *Gana* countries not ruled by absolutist feudal monarchs but by democratically elected parliaments.

If we look back at the history of Indian sub-continent, we found that not only these three states, but also many other states had, at one time or another, been under democratic rule 2000 years ago. It was not coincidence that Buddha chose Kusinaron as his final resting place for *Parinirvana*. He chose her because she was a democratic country where his Holy Remains would be divided without bias and with more authority than the monarchs. Buddha also founded the order of Sangha on basis of democracy. His Discourse on the principles of *Gana* system, known as "Seven Rules of *Uprihaniya*" was, in fact, the principles of democracy which are still applicable today. Therefore we can see that democracy is not confined to western thought and traditions, but that it is rooted in our own Oriental thought and traditions. The democratic style of governmnt called the "Gana" system that arose on the sub-continent might be more ancient than those of Greece and Rome.

On the contrary, "Confucianism" and its values, another theme peddled by Mr. Lee and Co., never got out of Northeast Asia and had never got into the ways and life of Theravada Buddhists, Hindus, Muslims and Christian prevalent in Southeast and South Asia, except the overseas Chinese community.

SLORC/SPDC has maintained that everything is fine and OK in the military, that it is well-disciplined, orderly, homogenous and loyal, that the soldiers are more capable of running the country than the civilians. Yet they couldn't or daren't name a successor to late Tin Oo after six months of the latter's mysterious death. Meanwhile, the little village near the chopper crash site has been upgraded and lavished with great amounts of state subsidies and facilities and gifts, as if the chopper crash there had been a national victory.

*SLORC/SPDC has maintained that everything is fine and OK in the military, that it is well-disciplined, orderly, homogenous and loyal, that the soldiers are more capable of running the country than the civilians.*

And within the military, the present SPDC generals well past the retirement age dare not retire and let the lower ranks fill in their shoes. This makes all the routine orderly flow of career promotions stunted, causing increasing resentment and discontent among the middle echelons.

They say they didn't give a damn about the international sanctions and pressures which, they claim, have no real effect on Burma. Yet when some sanction of censure was brought about, they were extremely sensitive and always got into a rage. Well, they don't care about the "neo-colonialist plots," but they have to hold press conferences promptly after some international action, and refute and denounce furiously! They have to bring foreign diplomats and newsmen to Mong Yawn, show around and ensure that there is no drug production!

SLORC/SPDC has always alleged that Burmese renegades, imperialists' lackeys and expatriates are behind everything that smears its image. All the sanctions and negative statements adopted by international bodies such as ILO, WHO, AI, etc. and US government are based on falsified data provided by these lackeys and cynics. But when FIFA debarred and fired the Burmese team for failing to show up for an appointed match, SPDC couldn't name a scapegoat at all since the whole country has seem the rational team's unexcusable and humiliating performance for several years in a row on live TV-accompanying the silly slogan "Burma's sports shall dominate the world." FIFA action is the clearest case of junta's irrefutable responsibility in failing national prestige, in which SPDC couldn't do anything to deceive the country. Being unable to lie, the junta just covered up the whole affair, banning publication of anything associated with the national soccer team in the media.

When Burma acquired "Least Developed Country (LDC)" status in 1987, the country's rulers then and now repeatedly claimed that it didn't mean being "poor," but was just a term of technicality. So UN has finally made the matter clear with a new designation: "Heavily Indebted Poor Country (HIPC)." Ne Win and his BSPP had brought the country down to LDC status in 25 years and now Ne Win's disciples in SLORC/SPDC has brought the country down to HIPC status in just 12 years. A very impressive performance indeed!

Non-transparency, inconsistency and unaccountability are the main features of SLORC/SPDC's economic policy, or rather, *unpolicy*. Their "privatization" scheme is but a disguise for leasing out state-owned facilities to their cronies, and not outright denationalization as normal and healthy privatization schemes sensibly do. State-owned enterprises, military-owned enterprises such as UMEHL and MEC and a handful of their cronies plus top leaders of certain ethnic "peace" groups are the only "private entrepreneurs" profiting from the junta's so-called "free market" economy.

The junta's so-called "National Convention" and constitution drafting farce have been blown apart miserably by NLD and ethnic groups, and have *actually* ended in disgrace.

Trying to deceive the people over nationalism and jingoism by instigating armed conflict with Thailand didn't bring about desired results and instead, plunged the country and people deeper into disorder and distrust. Therefore the junta has to back down.

Inciting communal riots by using fake Buddhist monks and fake Muslims, both of whom were secret police and USDA thugs (SPDC's equivalent to Hitler's Brown Shirts), also backfired, being opposed by some local members of the top brass who feared for the loss of their enormous incomes. And so, they turn to their *last resort of deceit*, ie. holding "secret talks" with Daw Aung San Suu Kyi. They have no other means to deceive anymore, and no other intentions but deceit in holding the so-called "talks." That these "talks" are nothing but an upgraded fraud is borne by many facts, one of which is that a parallel has been drawn between the Burmese problem and Northern Irish and Palestinean problems by a SPDC spokesman. In reality, Burma's problem is obviously different from the latter's problems by that those are cases of armed conflicts between different communities with roots that go back many centuries whereas Burma's problem is a case of conflict within the same community, between an armed oppressor holding state power and an unarmed popular opposition group, with roots that go back only a dozen years if we exclude Ne Win years when there was no organized unarmed opposition in conflict with the government.

No doubt the military junta would try to hold the "talks" *indefinitely* and fool the eyes of both the Burmese people and the world. However they are now in an extremely tight corner, struggling and conspiring feverishly to break out, but always getting into a mess. It would be very hard, nay, impossible to get out of the impasse *on their own* and return to pre-1988 times which is their ultimate goal.

But meanwhile, with the purchase of Scuds, MiG 29s and a nuclear reactor, given the state of mind of the Devil's generals riding high on mega-profits from drug business and all sorts of evil practices of governance, and a record of abominable performance involving armed clashes with Thai, Bangladeshi and Indian troops during the past couple years, it won't be surprising to find Burma, already a disgusting international pariah, becoming a "rogue" nation in near future -- unless the SPDC Devil is completely exorcized.

Malaysia's Dr. Mahathir has lectured that "good" dictators are needed for an underdeveloped country to develop. That myth finds enthusiastic support from Burmese junta. They appear to be opting for a formation of "Dictators Sans Frontieres" but history has shown that "the only good dictator is a dead dictator." On in the case of Burma, "the only good SLORC/SPDC is a dead SLORC/SPDC." Ò